# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက် | ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၂၀ ရက်၊ သောကြာနေ့ | အတွဲ (၆၀)၊ အမှတ် (၀၅၁)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကနေဒါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် ဩစတြီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်တို့အား လမ်းညွှန်မှာကြား

**နေပြည်တော် နိုဝင်ဘာ ၁၉**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ကနေဒါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ပြီးဖြစ်သည့် ဦးဟောက်ခန့်ဆုမ်းနှင့် ဩစတြီးယား သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး တာဝန်နှင့်အတူ ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖြစ်ခန့်အပ်ပြီးဖြစ်သည့် ဦးမင်းသိမ်းတို့အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သမ္မတရုံးခန်း၌ တွေ့ဆုံပြီး လိုအပ်သည့် မူဝါဒများကို လမ်းညွှန်မှာကြားသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကနေဒါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ပြီးဖြစ်သည့် ဦးဟောက်ခန့်ဆုမ်းနှင့် ဩစတြီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး တာဝန်နှင့်အတူ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်ပြီးဖြစ်သည့် ဦးမင်းသိမ်းတို့အား လိုအပ်သည့် မူဝါဒများကို လမ်းညွှန်မှာကြားစဉ်။ သတင်းစဉ်

# ရန်ကုန်မြို့တော် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသစ်၊ ပထမအဆင့် ရင်းနှီးမြှုပ်နှံမည့်အဖွဲ့အစည်း ကိုးဖွဲ့သို့ အဆိုပြုဖိတ်ခေါ်လွှာများထုတ်ပေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

Swiss Challenge တင်ဒါကော်မတီသည် ရန်ကုန်မြို့တော် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသစ်၊ ပထမအဆင့်တွင် ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားကြောင်း အဆိုပြုလွှာ (Expression of Interest – EOI) များ ဖိတ်ခေါ်ခဲ့ရာ သတ်မှတ်ရက် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၂၂ ရက်အတွင်း နိုင်ငံပေါင်းကိုးနိုင်ငံရှိ အဖွဲ့အစည်း ၁၆ ဖွဲ့က တင်ပြခဲ့ကြကြောင်း သိရသည်။

အဆိုပါအဖွဲ့အစည်းများအနက် သတ်မှတ်အရည်အချင်း၊ လိုအပ်ချက်များနှင့် ပြည့်စုံသော အဖွဲ့အစည်း ၁၅ ဖွဲ့ကို ရွေးချယ်ပြီး အဆိုပြုဖိတ်ခေါ်လွှာများ (Request for Proposals – RFP) ဝယ်ယူနိုင်ကြောင်း အကြောင်းကြားခဲ့ရာ သတ်မှတ်ထားသည့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၆ ရက်အတွင်း တရုတ်(တိုင်ပေ) အခြေစိုက် BES Engineering Corporation၊ ပြင်သစ်နိုင်ငံအခြေစိုက် BYMA Myanmar Limited, a Bouygues Construction Group subsidiary၊ မြန်မာနိုင်ငံအခြေစိုက် Dragon Power Company Limited၊ ပြင်သစ်နိုင်ငံအခြေစိုက် EDF HQ Singapore Pte Ltd၊ မြန်မာနိုင်ငံအခြေစိုက် Myanmar National Brotherhood Consortium၊ အိန္ဒိယနိုင်ငံအခြေစိုက် NTPC Limited၊

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**နိုင်ငံရပ်ခြားက ကျောင်းတော်သားတွေနဲ့ စည်ကားနေတဲ့ အမိတက္ကသိုလ်**

ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ် ဆောင်းပါး စာ ➤ ၆

**ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ**

ဆောင်းပါး စာ ➤ ၂၀


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ဥပဒေစိုးမိုးရေးနှင့် အဂတိကင်းသည့် တရားစီရင်ရေး

နိုင်ငံတိုင်းတွင် ဥပဒေစိုးမိုးရန်လို၏။ ဤသည်မှာ အထူးတလည် ရှင်းလင်းပြောပြနေစရာလိုမည် မဟုတ်ပါ။ ဥပဒေစိုးမိုးမှုသည် နိုင်ငံသားတို့၏ ကိုယ်စိတ်နှစ်ပါး လုံခြုံရေးအတွက် အရေးကြီးဆုံးသော လိုအပ်ချက်ဟုဆိုလျှင်လည်း မှားမည်မဟုတ်ပါ။

ဥပဒေစိုးမိုးရေးတွင် ပဓာနကျသော အညွှာတစ်ခုမှာ တရားစီရင်ရေးစနစ် ဖြစ်ပါသည်။ မှန်ကန်သော၊ တိကျသော၊ ဘက်မလိုက်သော၊ မျှတသော၊ အဂတိကင်းစင်သော တရားစီရင်ရေးစနစ်သည် မြန်မာပြည်သူတို့ အမျှော်လင့်ကြီး မျှော်လင့်နေကြသည့် မဟာအိပ်မက်တစ်ခု ဖြစ်ပါသည်။

မျှတမှုမရှိဟု ခံစားရသော၊ အဂတိမကင်းဟု ထင်မြင်မိသော၊ ငွေများတရားနိုင်၊ အာဏာရှိတရားနိုင်ဟု စွပ်စွဲမိနေကြသော တရားစီရင်ရေးစနစ်ကို နှစ်များစွာ၊ ခေတ်များစွာကို ဖြတ်သန်းလာရသည့် ပြည်သူတို့သည် ပြည်သူ့အစိုးရခေတ်တွင် သန့်စင်သော တရားစီရင်ရေးစနစ်အဖြစ် ပြောင်းလဲသည်ကို မြင်လိုကြပေသည်။

သန့်ရှင်းစင်ကြယ်မျှတသော တရားစီရင်ရေးစနစ်သည် ရာထူးအာဏာကြီးသူ သို့မဟုတ် ငွေကြေးဥစ္စာကြွယ်ဝသူတို့က ဝင်ရောက်လွှမ်းမိုးသက်ရောက်မှုမရှိနိုင်။ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ခြင်းပေါ်တွင်သာ မူတည်နေရမည်ဖြစ်ပါသည်။

လာဘ်ပေးလာဘ်ယူမှုမရှိဘဲ၊ အာဏာဖြင့် အမိန့်ဖြင့် ဖိအားပေး စေခိုင်းမှုမရှိဘဲ လွတ်လပ်သော တရားစီရင်သည့်စနစ်ဖြစ်ရန် ပြည်သူတို့က အထူးငံ့လင့် လိုလားကြပါသည်။

အာဏာရှင်ခေတ်တစ်ခုက စစ်ခုံရုံးဖြင့် အကျဉ်းချုံးစစ်ဆေး အမိန့်ချခဲ့သည့် အမှုအခင်းပေါင်းများစွာ၊ မည်သူတစ်ဦးတစ်ယောက်မျှ မသိလိုက်ဘဲ စာအိတ်ဖွင့်ဖောက် အမိန့်ချခဲ့သည့် တရားစီရင်ရေးစနစ် စသည်တို့ကို ကြုံခဲ့ကြဖူးသည့် အားလျော်စွာ ပြည်သူလူထုရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ တရားစီရင်ခြင်းမျိုး ဖြစ်ရန်လည်း မျှော်လင့်ကြပါသည်။ ဥပဒေအရ ကန့်သတ်ထားသည့် ကလေးသူငယ်ဆိုင်ရာ အမှုအခင်း အစရှိသည်တို့မှ လွဲလျှင် လူထုရှေ့မှောက်တွင် လွတ်လပ်ပွင့်လင်းစွာ တရားစီရင်ခြင်းက စနစ်ကျမှန်ကန်မျှတသော တရားရေးစနစ်သို့ ဦးတည်မည်ဟု မျှော်လင့် ယုံကြည်ပါသည်။

အခြေခံအကျဆုံးက အဂတိတရားလေးပါး ကင်းရှင်းဖို့ဖြစ်ပါမည်။ လေးပါးသော အဂတိတရားဖြစ်သည့် ဆန္ဒာ ဂတိ၊ ဒေါသာ ဂတိ၊ ဘယာ ဂတိ၊ မောဟ ဂတိတို့ ကင်းရှင်းကြရန် ဖြစ်ပါ၏။ မိမိ ချစ်ခင်လိုလားသူဖြစ်၍၊ မိမိက မလိုမုန်းထားသူ ဖြစ်၍၊ မိမိအပေါ်လွှမ်းမိုးဩဇာရှိသူ သို့မဟုတ် မိမိအပေါ်ကျရောက်နေသော ဖိအားများကို ကြောက်ရသည်ဖြစ်၍၊ အမှန်ကို မသိမြင်နိုင်၊ မသိနားမလည်နိုင်ဖြစ်၍ စသောအကြောင်းများကြောင့် မှန်မှန်ကန်ကန်စိစစ်ကာ တရားမျှတစွာ အဆုံးအဖြတ်မပေးခြင်း၊ မတရားဘက်လိုက်ခြင်း စသည့် အဂတိတရားများ ကင်းရှင်းသည့်စနစ်ကို ပြည်သူတို့က လိုလားခြင်းဖြစ်၏။

လာဘ်ပေးသူကို မျက်နှာသာပေးခြင်း၊ မိမိနှင့် မသင့်သူဖြစ်လျှင် တစ်ဖက်စောင်းနင်း စီရင်ခြင်း။ မိမိကို အင်အားဖြင့် ဖိနှိပ်ခြိမ်းခြောက်မှုကို စိုးရိမ်စိတ် ကြောက်ရွံ့စိတ်ဖြင့် မမှန်မကန်ဆုံးဖြတ်ခြင်း၊ အမှန်ကို မမြင်နိုင် နားမလည်နိုင်သည့်ပြင် အမှန်ကိုမြင်အောင် နားလည်အောင် မကြိုးပမ်းဘဲ မသိနားမလည်စွာ အဆုံးအဖြတ်ပေးခြင်း စသည့် အဂတိမျိုးကင်းရှင်းသည့် တရားစီရင်ရေးစနစ်ကို မျှော်လင့်ကြခြင်း ဖြစ်ပါသည်။

အဂတိကင်းစင်သော တရားစီရင်ရေးစနစ်မျိုး ကျကျနနထူထောင်ခြင်းဖြင့်သာ ဥပဒေစိုးမိုးသည့် နိုင်ငံအဖြစ် တည်ဆောက်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။






## e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

**e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။** (အပေါ်ပုံ)

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက အဖွင့်အမှာစကား ပြောကြားရာတွင် e-Government ဦးဆောင်ကော်မတီ နာယက၊ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်နှင့် e-Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတတို့၏ လမ်းညွှန်မှုများနှင့်အညီ e-Government စနစ် ပိုမိုတိုးတက်လာစေရေး ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ နိုင်ငံအတွက် အမှန်တကယ် တိုးတက်စေနိုင်မည့် လုပ်ငန်းစီမံကိန်းတွေကို လျင်မြန်မှန်ကန်အကျိုးရှိစွာ အကောင်အထည်ဖော်နိုင်ရေးအား ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း၊ New Normal နေထိုင်မှုအသစ်အရ Online ကို ပိုမိုသုံးစွဲလာကြသည့်အတွက် Online မှ ငွေပေးချေ/ လက်ခံနိုင်မှု၊ တရားဝင်မှုနှင့် စာရင်းစစ်ဆေးခံနိုင်မှုများသည် ကြီးမားသော လိုအပ်ချက်ဖြစ်လာသည်နှင့်အညီ အစိုးရဌာနများအနေနှင့်လည်း အဆင်သင့်ဖြစ်နေရန် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သွားကြရမှာဖြစ်ပါကြောင်း၊ ဆိုက်ဘာလုံခြုံရေးသည် အရေးကြီးလာသည်နှင့်အမျှ ဆိုက်ဘာလုံခြုံရေး ဥပဒေ၊ မူဝါဒနှင့် မဟာဗျူဟာများပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ Myanmar e-Governance Master Plan (၂၀၁၆-၂၀၂၀) သည် ၂၀၂၀ ပြည့်နှစ်အထိသာ ပြုစုရေးဆွဲခဲ့ခြင်း ဖြစ်သည့်အတွက် အသစ်ဆက်လက်ရေးဆွဲပြုစုကြရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အမှာစကားပြောကြားရာတွင် Myanmar e-Governance Master Plan တွင်ပါဝင်သော လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် Myanmar National Portal ကို ၂၀၁၈ ခုနှစ်တွင် လွှင့်တင်ခဲ့ပြီး Mobile App ဖြင့်လည်း အသုံးပြုသွားနိုင်ရန် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ အစိုးရဌာနများ၏ Web Site များနှင့် API ချိတ်ဆက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် Server Co-location, Web Hosting စနစ်များကိုလည်း မိမိတို့ ဝန်ကြီးဌာနရှိ Data Center တွင် သက်သာသည့်နှုန်းထားဖြင့် 24/7 ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း၊ ယခုနှစ်တွင် Government Cloud အထိ အဆင့်မြှင့်တင်သွားမည်ဖြစ်ပါကြောင်း၊ e-Government Integrated Data Center တည်ဆောက်ခြင်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်လျက်ရှိပြီး အစိုးရဌာနများအားလုံးမှ အသုံးပြုနိုင်ရန်ရည်ရွယ်၍ တည်ဆောက်ခြင်းဖြစ်သည့်အတွက် ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ e-ID စနစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက e-ID စနစ် အကောင်အထည်ဖော်ဆောင်မှုအခြေအနေများကို လည်းကောင်း၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး က e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများအား လည်းကောင်း၊ ညွှန်ကြားရေးမှူး၊ အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာနက Cyber Security Law, Policy and Strategies ထုတ်ပြန်နိုင်ရေးကိစ္စရပ်များကို လည်းကောင်း၊ ညွှန်ကြားရေးမှူး၊ e-Government ဌာနမှ Myanmar e-Governance Master Plan (2016-2020) အပေါ် အကောင်အထည်ဖော်ဆောင်နိုင်မှုအခြေအနေများနှင့် Myanmar e-Governance Master Plan (2021-2025) ဆက်လက်ရေးဆွဲနိုင်ရေးကိစ္စရပ်များကို လည်းကောင်း အသီးသီးတင်ပြဆွေးနွေးကြသည်။


ထို့နောက် တက်ရောက်လာကြသော ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီများမှ တင်ပြချက်များအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ ကိုဗစ်-၁၉ ချေးငွေအစီအစဉ်ဖြင့် ဒုတိယအကြိမ် ချေးငွေရရှိရေးဆိုင်ရာ အစည်းအဝေး တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၉**






အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ကိုဗစ်-၁၉ ချေးငွေအစီအစဉ်ဖြင့် ဒုတိယအကြိမ် ချေးငွေရရှိရေးဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်၊ မြန်မာနိုင်ငံဆိုင်ရာ IMF မစ်ရှင်အဖွဲ့ခေါင်းဆောင် Mr. Shanaka Jayanath Peiris၊ IMF အရှေ့တောင်အာရှမဲပေးအုပ်စုအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ Ms. Alisara Mahasandana၊ မြန်မာနိုင်ငံဆိုင်ရာ IMF ဌာနေကိုယ်စားလှယ် Mr. Neil Saker နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ အဆင့်မြင့်အရာထမ်းများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကမ္ဘာ့စီးပွားရေးအပေါ် ကိုဗစ်-၁၉ ၏ သက်ရောက်မှုအခြေအနေများ၊ COVID-19 (Rapid Credit Facility & Rapid Financing Instrument) ချေးငွေအစီအစဉ်ဖြင့် ဒုတိယအကြိမ်ချေးငွေ ဆက်လက်ရရှိရေးဆိုင်ရာ ကိစ္စရပ်များ ဖြစ်သည့် ကိုဗစ်-၁၉ ကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးအပေါ် သက်ရောက်နိုင်မှု၊ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ တိုးတက်ပြောင်းလဲမှု၊ ကိုဗစ်-၁၉ ကာလနောက်ပိုင်းဖြစ် ပေါ်လာနိုင်သည့် မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်၊ ငွေကြေးဖောင်းပွမှု၊ နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် စီးပွားရေးစနစ်အတွင်း ငွေဖြစ်လွယ်မှု၊ ကုန်သွယ်မှုလိုငွေအခြေအနေ၊ သာမန်စာရင်းလိုငွေပြမှု၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားသုံးသီးသန့်ငွေ သိသာစွာမြင့်တက်လာမှု၊ မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ Financial Sector တွင် လတ်တလောကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ IMF မှဆက်လက်ကူညီပံ့ပိုးပေးနိုင်မည့် အခြေအနေများ၊ ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်အတွင်း အသုံးစရိတ်တိုးမြှင့်ခြင်းအပေါ် အကျိုးသက်ရောက်မှုများ၊ ဘဏ္ဍာရေး ဖြည့်စွက်ရန်ပုံငွေ လိုအပ်မှု၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှု၊ ဘတ်ဂျက်လိုငွေအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဖြည့်ဆည်းပေးနိုင်မှု အခြေအနေတို့ကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက

## အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၊ သမ္မတ မစ္စတာ ဖရန့် ဝေါ့တာ စတိုင်းမား၊ နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကေ၊ ပီ၊ ရှာမာ အိုလီ နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာအန်တိုနီယို ဂူတားရက်စ်တို့က ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

နေပြည်တော် နိုဝင်ဘာ ၁၉

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၊ သမ္မတ မစ္စတာ ဖရန့် ဝေါ့တာ စတိုင်းမား၊ နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကေ၊ ပီ၊ ရှာမာ အိုလီနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာအန်တိုနီယို ဂူတားရက်စ်တို့ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာအပြည့်အစုံမှာ -

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၊ သမ္မတ မစ္စတာ ဖရန့် ဝေါ့တာ စတိုင်းမားထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် စိန်ခေါ်မှုများရှိနေသည့်ကြားမှ နိုဝင်ဘာလ ၈ ရက်တွင် လွှတ်တော်အသီးသီးအတွက် အထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်ခဲ့ရာ မြန်မာပြည်သူများအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းသို့ ဆက်လက်ချီတက်သွားလိုသည့် ဆန္ဒကို ထူးခြားစွာပြသခဲ့ကြပါကြောင်း၊ ရွေးကောက်ပွဲများကို ငြိမ်းချမ်းစွာနှင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အဆွေတော်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ထပ်မံအနိုင်ရရှိခဲ့ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံမှ ကြုံတွေ့နေရသည့် စိန်ခေါ်မှုအမျိုးမျိုးကို ကိုင်တွယ်ဖြေရှင်းရာတွင် ပြတ်သားသော ဆောင်ရွက်ချက်များ လုပ်ဆောင်နိုင်ရန် ပြည်သူများမှ လုပ်ပိုင်ခွင့်ကို အပ်နှင်းခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့စိန်ခေါ်မှုများကို ဖြေရှင်းရာ၌ မြန်မာနိုင်ငံတွင်း မှီတင်းနေထိုင်သည့် တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်မှုတို့ဖြင့် ရေရှည်တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးမှု၊ သာယာဝပြောမှုတို့ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်အတွက် ခွန်အားနှင့် ယုံကြည်မှုများရရှိရန် ဆန္ဒပြုအပ်ပါကြောင်း၊ ဂျာမနီနိုင်ငံအနေဖြင့် အဆွေတော်နှင့် မြန်မာနိုင်ငံအား ဆက်လက်ပံ့ပိုး ထောက်ခံသွားမည်ဟု ထပ်လောင်းအတည်ပြု ပြောကြားလိုပါကြောင်း။

### နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကေ၊ ပီ၊ ရှာမာ အိုလီမှ ပေးပို့သည့် သဝဏ်လွှာ

မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုအပေါ် မြန်မာပြည်သူများ၏ ယုံကြည်မှုနှင့် မြန်မာပြည်သူများက အဆွေတော်၏ ပါတီအပေါ် ထောက်ခံအားပေးမှုတို့ကို ရွေးကောက်ပွဲရလဒ်က သက်သေပြခဲ့ကြောင်း။

နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု တည်ထောင်ခဲ့သည့် ၁၉၆၀ ပြည့်နှစ်မှစတင်၍ အပြန်အလှန် နားလည်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အခြေခံကာ နှစ်နိုင်ငံဆက်ဆံရေးသည် အထူးကောင်းမွန်လျက်ရှိကြောင်း၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဆိုင်ရာ တူညီမှုများ အထူးသဖြင့် ဗုဒ္ဓဘာသာ၏ တူညီသော တန်ဖိုးများက မိမိတို့ နှစ်နိုင်ငံနှင့် ပြည်သူများကို ရင်းနှီးမှု ပိုမိုရရှိစေခဲ့ကြောင်း၊ မြန်မာနိုင်ငံ၌ နေထိုင်ကြသည့် နီပေါနွယ်ဖွားများသည် နှစ်နိုင်ငံ ပိုမိုနီးကပ်စေရန်အတွက် ခိုင်မာသော ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ပေးခဲ့ကြောင်း။

နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် နီးကပ်သည့် ယဉ်ကျေးမှုဆက်ဆံရေးများသည် အနာဂတ်တွင် ပိုမိုခိုင်မြဲလာမည်ဟု ယုံကြည်ကြောင်း၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် နီပေါနိုင်ငံသို့ လာရောက်ခဲ့သည့် အဆွေတော်၏ ခရီးစဉ်က မိမိတို့ နှစ်နိုင်ငံကို ပိုမိုနီးကပ်စေခဲ့ကြောင်း။

နှစ်နိုင်ငံ၏ အကျိုးစီးပွားနှင့် ပြည်သူများအတွက် မိမိတို့နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်၍ အားကောင်းလာစေရန် အဆွေတော်နှင့် နီးကပ်စွာ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာအန်တိုနီယို ဂူတားရက်စ်မှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် အထွေထွေရွေးကောက်ပွဲအား ငြိမ်းချမ်းစွာ ကျင်းပခဲ့မှုအတွက် ဝမ်းမြောက်ကြိုဆိုပါကြောင်း၊ ရွေးကောက်ပွဲ၏ရလဒ်များသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့အား ခိုင်မာသည့် လုပ်ပိုင်ခွင့် ဆက်လက်အပ်နှင်းခြင်းပင် ဖြစ်ပါကြောင်း၊ ဆန္ဒပြုမဲပေးသူဦးရေ မြင့်မားမှုသည် ပြည်သူများ၏ ယုံကြည်မှုနှင့် မျှော်လင့်ချက်ကို ထင်ဟပ်လျက်ရှိပြီး၊ မြန်မာနိုင်ငံသည် မတူကွဲပြားမှု အင်အားဖြင့် အားလုံးပါဝင်ပြီး၊ သဟဇာတဖြစ်သည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရန် အမှန်တကယ် အခွင့်အရေး ရှိနေပါကြောင်း၊ ၎င်းအနေဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကောင်းစွာနားလည်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ခိုင်မာသည့် အင်စတီကျူးရှင်းများနှင့် လူ့အခွင့်အရေးလေးစားလိုက်နာမှုတို့ကို အခြေခံသည့် ဒီမိုကရေစီထွန်းကားရေးအတွက် ကုလသမဂ္ဂအနေဖြင့် ခိုင်မာစွာ ထောက်ခံသွားမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းနှင့် ကုလသမဂ္ဂစနစ်တစ်ခုလုံးအနေဖြင့် မြန်မာအစိုးရနှင့် ပိုမိုခိုင်မာစွာ မိတ်ဖက်ပူးပေါင်းဆောင်ရွက်ပြီး၊ မြန်မာပြည်သူများအား ဆက်လက်ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း ထည့်သွင်းဖော်ပြထားပါသည်။

---

❑ ***ရှေ့ဖုံးမှ***

စင်ကာပူနိုင်ငံအခြေစိုက် Nylect Technology (Myanmar) Ltd ၊ မြန်မာနိုင်ငံအခြေစိုက် Southern Metal Industry Co. Ltd ၊ ပြင်သစ်နိုင်ငံအခြေစိုက် SUEZ Group အဖွဲ့အစည်းကိုးဖွဲ့က ဝယ်ယူခဲ့ကြောင်း သိရသည်။

အဆိုပါ အဖွဲ့အစည်းကိုးဖွဲ့အနေဖြင့် လက်ရှိဖွဲ့စည်းထားမှုအတိုင်းဖြစ်စေ၊ နည်းပညာနှင့် ငွေကြေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ဖြစ်စေ တင်ဒါအဆိုပြုလွှာ တင်သွင်းနိုင်မည်ဖြစ်သည်။

သိရှိလိုသည့်အချက်များ မေးမြန်းဖြေကြားခြင်းကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလလယ်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၈ ရက် နောက်ဆုံးထား၍ အဆိုပြုလွှာများကို ပြန်လည်တင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

### ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ထူးခြားသည့် ညအပူချိန်များမှာ ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်၊ မင်းတပ်မြို့နှင့် တီးတိန်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီနှင့် ကျောက်မဲမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၁၂ လက်မနှင့် မြိတ်မြို့တွင် ၀ ဒသမ ၀၄ လက်မတို့ ဖြစ်သည်။ **မိုး/ဇလ**

> **“ယခုနှစ်တွင် ကျင်းပမည့် ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသည် နှစ်စဉ်ကျင်းပနေကျ ဖြစ်သော်လည်း ယနေ့ကာလသည် ကမ္ဘာ့ကပ်ရောဂါ Coronavirus Disease 2019 (COVID-19) ဖြစ်ပွားနေသော အချိန်ကာလဖြစ်သည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် အဆိုပါကပ်ရောဂါကို စနစ်တကျ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အချိန်ကာလလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခမ်းအနားကျင်းပရာတွင် ယခင်နှစ်က ဆောင်ရွက်ခဲ့သည့် လုပ်ငန်းတာဝန်များအပြင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့က ထုတ်ပြန်ထားသည့် ပြည်သူသို့ပန်ကြားချက်များ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များကိုပါ အရေးတကြီးကိစ္စတစ်ရပ်အနေဖြင့် ထည့်သွင်းစဉ်းစားဆောင်ရွက်သွားကြရမည်ဖြစ်”**

◆ *ကျော့ဖုံးမှ*

ဗိုလ်ချုပ်စိုးတင့်နိုင်၊ ဦးမောင်မောင်ဝင်း၊ ဦးကြည်မင်း၊ ဦးသာဦး၊ ဦးခင်မောင်ဝင်းနှင့် ဒေါက်တာမြလေးစိန်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်စိုးဦး၊ အမြဲတမ်းအတွင်းဝန်များဖြစ်ကြသည့် ဦးထွန်းအုံနှင့် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများအားလုံးက “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အစည်းအဝေးကို ဖွင့်လှစ်သည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ကထိန်လျာသင်္ကန်းအလှူသည် ဘုရားရှင်က ဝိနည်းသိက္ခာပုဒ်နှင့် ဆက်စပ်ခွင့်ပြုထားသည့် သံဃိက အလှူဖြစ်သကဲ့သို့ ကထိန်ကာလကို သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ခွင့်ပြုထားသည်ကို မှတ်သားသိရှိရပါကြောင်း၊ ထို့ကြောင့် ကထိန်လျာသင်္ကန်းအလှူသည် “တစ်နှစ်မှာတစ်လ၊ တစ်လမှာ တစ်ရက်၊ တစ်ရက်မှာတစ်ကျောင်း၊ တစ်ကျောင်းမှာလည်း တစ်ကြိမ်” သာ လှူဒါန်းခွင့်ရသည့်ကာလဒါန အလှူတော်ဖြစ်သည့်အတွက် မွန်မြတ်သည့်အလှူတော် ဖြစ်ပါကြောင်း။

### (၉)ကြိမ်မြောက် ကျင်းပ

ယခုလို ထူးခြားသည့် ကထိန်အလှူပွဲကြီးကို ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၂၀၁၂ ခုနှစ်က အစပြုပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ကြီးမှူး၍ ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၉)ကြိမ်မြောက် ကျင်းပပြုလုပ်မည် ဖြစ်ပါကြောင်း၊ ယခုနှစ်တွင် ကျင်းပမည့် ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသည် နှစ်စဉ်ကျင်းပနေကျဖြစ်သော်လည်း ယနေ့ကာလသည် ကမ္ဘာ့ကပ်ရောဂါ Coronavirus Disease 2019 (COVID–19) ဖြစ်ပွားနေသော အချိန်ကာလဖြစ်သည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် အဆိုပါကပ်ရောဂါကို စနစ်တကျ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အချိန်ကာလလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခမ်းအနားကျင်းပရာတွင် ယခင်နှစ်က ဆောင်ရွက်ခဲ့သည့် လုပ်ငန်းတာဝန်များအပြင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့က ထုတ်ပြန်ထားသည့် ပြည်သူသို့ပန်ကြားချက်များ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များကိုပါ အရေးတကြီးကိစ္စတစ်ရပ် အနေဖြင့် ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

အခမ်းအနားကျင်းပမည့်နေရာများတွင် ကြိုတင်ပိုးသတ်ဆေးဖျန်းထားရန်၊ အဆိုပါနေရာများတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအနေဖြင့် အခမ်းအနားသို့ တက်ရောက်လာသူများနှင့် ထိတွေ့နိုင်မှုများရှိပါက ကျန်းမာရေးဆေးစစ်မှုများ ကြိုတင်ဆောင်ရွက်ထားရန်၊ အခမ်းအနားသို့ တက်ရောက်လာသူများအတွက် နှာခေါင်းစည်း(Mask)များ၊ မျက်နှာအကာ (Face Shield) များနှင့် လက်အိတ်(Glove)များ ဖြန့်ဝေနိုင်ရေး စီစဉ်ဆောင်ရွက်ထားရန်၊ အခမ်းအနားပြုလုပ်မည့်နေရာသို့ မဝင်ရောက်မီ လက်ဆေးကြောသန့်စင်နိုင်ရေးအတွက် လက်သန့်စင်ဆေးရည် (Hand Sanitizer/Gel)များ ထားရှိနိုင်ရေးတို့ကို ကြိုတင်စီမံဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှလည်း ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရာတွင် COVID–19 ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် စံလုပ်ငန်းလမ်းညွှန်ချက် (၂၁)ချက်ကို ရေးဆွဲပေးထားပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာကော်မတီ၊ ဆပ်ကော်မတီများနှင့် တာဝန်ရှိသူများအနေဖြင့် အဆိုပါ စံလုပ်ငန်းလမ်းညွှန်ချက် (၂၁)ချက်ကို တိတိကျကျလိုက်နာ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်(၁)ပါး၊ အကျိုးတော်ဆောင်ဆရာတော်(၁)ပါး၊ ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်(၉)ပါး၊ ကထိန်အလှူခံကျောင်းတိုက်မှ သံဃာတော် (၇) ပါး၊ စုစုပေါင်း (၁၈) ပါးတို့ကို ပင့်ဆောင်ပြီး ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများကို ပင့်ဆောင်ရာတွင်လည်း အသွား/အပြန် အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာကော်မတီများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းကာ လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း။

### ကြိုတင်စီစဉ်ဆောင်ရွက်

ဆရာတော်ကြီးများ နေပြည်တော်သို့ရောက်ရှိပါက သီတင်းသုံးမည့် ဥပ္ပါတသန္တိစေတီတော် သံဃာရာမကျောင်းဆောင်တွင်လည်း စိတ်နှလုံးချမ်းမြေ့စွာ သီတင်းသုံးနေထိုင်နိုင်ရေးအတွက် လိုအပ်သည်များ ကြိုတင်စီစဉ်ဆောင်ရွက်ထားရန်၊ ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်တင့်တယ်စေရေး ဆောင်ရွက်ထားရှိရန်နှင့် ဝေယျာဝစ္စဆောင်ရွက်မည့် ကပ္ပိယကာရကများကိုလည်း ကျန်းမာရေးဆေးစစ်မှုများ ကြိုတင်ဆောင်ရွက်ထားရှိရန် လိုအပ်မည် ဖြစ်ပါကြောင်း။

အခမ်းအနားကျင်းပမည့် နေ့ရက်မတိုင်မီနှင့် အခမ်းအနားကျင်းပမည့်နေ့ရက်တို့တွင် ဆရာတော်ကြီးများအား အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းဆက်ကပ်မည့် ဆွမ်းဟင်းများ ပြင်ဆင်ချက်ပြုတ်ရာတွင် သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့်ညီညွတ်အောင် စနစ်တကျ စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ကျန်းမာရေးဆပ်ကော်မတီအနေနှင့် COVID–19 ရောဂါ ကူးစက်ဖြစ်ပွားနေသည့် ကာလဖြစ်သည့်အားလျော်စွာ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို လိုအပ်လျှင် လိုအပ်သလို ချက်ချင်းဆောင်ရွက်နိုင်ရန် ဆေးခန်းဖွင့်လှစ်နိုင်ရေးဆောင်ရွက်ထားရန်၊ Medical Checkup ပြုလုပ်နိုင်ရေးပြင်ဆင်ထားရန်နှင့် COVID–19 ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် လိုအပ်သည့်ဆေးနှင့် အကာအကွယ်ပစ္စည်းများ ထားရှိဆောင်ရွက်သွားရန် ပြောကြားလိုပါကြောင်း။

အခမ်းအနားကျင်းပပြုလုပ်မည့် သာသနာ့မဟာဗိမာန်တော်ကြီးအတွင်း နေရာချထားရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် အကွာအဝေး Social Distancing နှင့်အညီ သတ်မှတ်ဆောင်ရွက်သွားရန်၊ ဘုရားခန်းနှင့် သံဃာစင်မြင့်ကို ကြည်ညိုဖွယ်ဖြစ်အောင် ပြင်ဆင်ထားရန်နှင့် လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရေးအတွက် စီမံဆောင်ရွက်ထားရှိရန် လိုအပ်မည် ဖြစ်ပါကြောင်း။

ပဒေသာပင်များကိုလည်း ကြည်ညိုဖွယ်ဖြစ်အောင် ပြင်ဆင်ဆောင်ရွက်ရန်၊ သာသနာ့မဟာဗိမာန်တော်ကြီးရှိ သတ်မှတ်နေရာသို့ ပဒေသာပင်များ အချိန်မီရောက်ရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် အခမ်းအနားပြီး၍ ပဒေသာပင်များကို သက်ဆိုင်ရာကျောင်းတိုက်များသို့ ပို့ဆောင်ရာတွင်လည်း COVID–19 ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ပို့ဆောင်နိုင်ရေးစီမံဆောင်ရွက်သွားရန် ပြောကြားလိုပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ၂၀၂၀ ပြည့်နှစ် ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ယခင်နှစ်များက ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအပေါ်မူတည်၍ ယခုနှစ်တွင် ကျန်းမာရေးရှုထောင့်ကိုပါ အလေးထား ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် လုပ်ငန်းဆောင်ရွက်သည့်အခါမှာ လစ်ဟာမှုမရှိစေရေး အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်သလို ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများလည်း ပြုလုပ်သွားရန် ပြောကြားလိုပါကြောင်း။

အထူးပြောကြားလိုသည်မှာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID–19 ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် အခမ်းအနားကျင်းပရာတွင် လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန်ချက် (၂၁)ချက်တို့ကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်အဆင့်အခမ်းအနား ဖြစ်သည့်အတွက် လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်သွားကြရန် အလေးအနက် ပြောကြားလိုပါကြောင်း။

ယနေ့ကျင်းပပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေးတွင် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန် ဖိတ်ခေါ်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကြည်မင်းက အခမ်းအနားသို့ ကြွရောက်မည့် ဆရာတော်ကြီးများအား ပင့်ဆောင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အခမ်းအနားကျင်းပမည့် အစီအစဉ်နှင့် အခမ်းအနားတက်ရောက်ရန် ဖိတ်ကြားမည့်အခြေအနေ၊ ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုအခြေအနေနှင့် ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက အခမ်းအနားကျင်းပရေးနှင့် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ လှူဖွယ်ပစ္စည်းပြင်ဆင်ရေးနှင့် ဆက်ကပ်ရေးဆပ်ကော်မတီများနှင့်စပ်လျဉ်း၍ ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆရာတော်ကြီးများ သီတင်းသုံးနေထိုင်ရန် ကြိုဆိုနေရာချထားမည့် အခြေအနေ၊ ဆရာတော်ကြီးများအား အရုဏ်ဆွမ်းနှင့် နေ့ဆွမ်း ဆက်ကပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ အခမ်းအနားပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ အခမ်းအနားသို့ တက်ရောက်မည့်သူများအား ဖိတ်ကြားထားရှိမှုအခြေအနေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဇာနည်ဝင်းက ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီနှင့် သံဃာတော်များပင့်ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီများနှင့် စပ်လျဉ်း၍ အခမ်းအနားကျင်းပမည့်နေ့တွင် ဆွမ်းဆက်ကပ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆရာတော်ကြီးများအား ကြိုဆိုပို့ဆောင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းက ပဒေသာပင်များစီစဉ်ရေး ဆပ်ကော်မတီနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများအလိုက် ပဒေသာပင်များ အချိန်မီရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် အခမ်းအနားပြီးပါက ပဒေသာပင်များကို သက်ဆိုင်ရာ ကထိန်ခံကျောင်းတိုက်သို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပို့ဆောင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဝင်းမောင်က ဧည့်ခံဖျော်ဖြေရေးဆပ်ကော်မတီနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ္တဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာက သတင်းမှတ်တမ်းထုတ်ပြန်ရေး ဆပ်ကော်မတီနှင့် စပ်လျဉ်း၍လည်းကောင်း သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးဆပ်ကော်မတီနှင့်စပ်လျဉ်း၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် ဆေးခန်းများ ဖွင့်လှစ်ဆောင်ရွက်သွားမည့်အခြေအနေ၊ COVID–19 ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် လိုအပ်သည့်ဆေးနှင့် အကာအကွယ်ပစ္စည်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆရာတော်ကြီးများအတွက် ဆွမ်းဟင်းများ ပြင်ဆင်ချက်ပြုတ်ရာတွင် သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် စစ်ဆေးဆောင်ရွက်သွားမည့်အခြေအနေ၊ အခမ်းအနားကျင်းပမည့်နေရာများနှင့် ဆရာတော်ကြီးများ သီတင်းသုံးမည့် ကျောင်းဆောင်များတွင် COVID–19 ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အခမ်းအနားသို့ ကြွရောက်မည့် ဆရာတော်ကြီးများ၊ အခမ်းအနားတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများနှင့် ဆရာတော်ကြီးများ၏ ဝေယျာဝစ္စဆောင်ရွက်မည့် ကပ္ပိယကာရကများကို ကျန်းမာရေးဆေးစစ်မှု ကြိုတင်ဆောင်ရွက်မည့်အခြေအနေများနှင့် အခမ်းအနားကျင်းပရာတွင် လိုက်နာဆောင်ရွက်ရမည့် စံလုပ်ငန်းလမ်းညွှန်ချက် (၂၁)ချက်အတိုင်း လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီစစ်ဆေး ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးထွန်းကြည်က ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စိမ်းလန်းစိုပြည်ရေးနှင့် သာသနာရေးဆိုင်ရာ အခင်းအကျင်းပြင်ဆင်ရေး ဆပ်ကော်မတီနှင့်စပ်လျဉ်း၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးက လုံခြုံရေးဆပ်ကော်မတီနှင့်စပ်လျဉ်း၍ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များအပေါ် ဆောင်ရွက်မည့် လုံခြုံရေး အစီအမံများကို ရှင်းလင်းတင်ပြသည်။

### ဆွေးနွေးတင်ပြ

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အခမ်းအနားကျင်းပရာတွင် အသုံးပြုမည့် မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးမည့် အခြေအနေကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည့် အခြေအနေကိုလည်းကောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက အခမ်းအနားမကျင်းပမီနှင့် ကျင်းပနေစဉ်အတွင်း လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေကိုလည်းကောင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်စိုးဦးက လုံခြုံရေးဆပ်ကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည့် အခြေအနေကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက တက်ရောက်လာကြသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တက်ရောက်လာကြသူများအားလုံးက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး The Ministerial Meeting of the Global HIV Prevention Coalition (GPC) ကမ္ဘာလုံးဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်



**နေပြည်တော် နိုဝင်ဘာ ၁၉**

“The Ministerial Meeting of the Global HIV Prevention Coalition (GPC): HIV Prevention 2021–2025, Taking Stock, Planning the Future” ကမ္ဘာလုံးဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် UNAIDS Headquarters ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးကို အီသီယိုပီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီး Dr. Lia Tadesse က ဖွင့်လှစ်ပေးခဲ့ပြီး UNAIDS ၏ အမှုဆောင်အရာရှိချုပ် Ms. Winnie Byanyima နှင့် Global Fund ၏ အမှုဆောင်အရာရှိချုပ် Mr. Peter Sands တို့က ၎င်းအဖွဲ့အစည်းများမှ အဓိက ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းအချို့ကို ပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်ဖြစ်ပွားခဲ့သော ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် တစ်ကမ္ဘာလုံးတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိကြောင်း၊ အခြားနိုင်ငံများကဲ့သို့ပင် ခက်ခဲသည့် အခိုက်အတန့်ကို ကြုံတွေ့နေရသော မြန်မာနိုင်ငံအနေနှင့်လည်း ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များကို ခိုင်မာစွာ ချမှတ်ပြီး ရှေ့ဆက်ဆောင်ရွက်နေပါကြောင်း။

**မူဝါဒများနှင့် မဟာဗျူဟာများကို တိကျစွာချမှတ်ရေးဆွဲ**

ထို့အပြင် ကိုဗစ်– ၁၉ ရောဂါမဟုတ်သည့် အခြားရောဂါများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း အလေးထားဆောင်ရွက်လျက် ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် HIV ပိုးကူးစက်ဖြစ်ပွားမှုအန္တရာယ်များကို လျှော့ချရန် HIV ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကိုလည်း ဘေးဖယ်မထားဘဲ အရှိန်ဟုန်မပြတ် ဆက်လက်လုပ်ဆောင်နေပါကြောင်း၊ HIV ပိုးကူးစက်ရန် အန္တရာယ်မြင့်မားသော ဦးတည်အုပ်စုများအတွင်း အိပ်ချ်အိုင်ဗွီကာကွယ်ရေးလုပ်ငန်းများ အပါအဝင် HIV ပိုးနှင့် နေထိုင်သူများအတွက် အေအာတီ (ART) ဆေး စဉ်ဆက်မပြတ်ရရှိရေး၊ မူးယစ်ဆေးသုံးစွဲသူများအကြား မက်သာဒုန်း အစားထိုးတိုက်ကျွေးရေးစသည့် HIV/ AIDS ရောဂါ ကာကွယ်ကုသရေးဆိုင်ရာ မူဝါဒများနှင့် မဟာဗျူဟာများကို တိကျစွာချမှတ်ရေးဆွဲ ဆောင်ရွက်လျက် ရှိပါကြောင်း။

အဆိုပါ HIV/ AIDS ကာကွယ်ကုသရေးလုပ်ငန်းများကို မိမိနေအိမ်တွင်သာနေထိုင်ရေး (Stay at Home) သတ်မှတ်ထားသည့် မြို့နယ်များနှင့် အသွားအလာကန့်သတ်မှု ထားရှိသည့်နေရာများပါမကျန် ဝန်ဆောင်မှုများရရှိအောင် HIV ပိုးနှင့် နေထိုင်သူများအဖွဲ့နှင့်ချိတ်ဆက် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ အိပ်ချ်အိုင်ဗွီပိုးမရှိသေးသော်လည်း ရောဂါပိုးကူးစက်ရန် အန္တရာယ်ရှိသည့် လူအုပ်စုများကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကူးစက်ရန်အန္တရာယ်ရှိနေစဉ်ကာလတစ်လျှောက်လုံး နေ့စဉ်ပုံမှန် သောက်သုံးရသော Pre- exposure Prophylaxis (PrEP) ကိုလည်း ယခုနှစ် ဇူလိုင်လမှစတင်၍ မိတ်ဆက်ခဲ့ပြီး ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအတွက် ကိုဗစ်– ၁၉ ထိန်းချုပ်ရန် ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ အမေရိကန်ဒေါ်လာခုနစ်သန်းပေးအပ်ခဲ့ပြီး နောက်ထပ် အမေရိကန်ဒေါ်လာ ၁၈ သန်းပေးရန် ခွင့်ပြုခဲ့ကာ ပစ္စည်းများ စတင်မှာယူပြီးဖြစ်သည့်အတွက် ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ရာ၌ များစွာအထောက်အကူပြုပါကြောင်း၊ ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားနေချိန်တွင်လည်း ကုလသမဂ္ဂအဖွဲ့အစည်းများနှင့်အတူ ဝန်ကြီးဌာန၏ ခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်၊ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်း၊ အသည်းရောင်အသားဝါရောဂါတိုက်ဖျက်ရေးစီမံချက်၊ မူးယစ်ဆေးစွဲကုနှင့် သုတေသနဌာနတို့အနေဖြင့် ကာကွယ်ရေးနှင့်ကုသရေးလုပ်ငန်းများကို ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ဆောင်ခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံ၌ လက်ရှိ အေအာတီဆေးသောက်သုံးနေသူများ၏ ၇၀ ရာခိုင်နှုန်းကျော်အား အေအာတီဆေး ခြောက်လစာ ကြိုတင်ထုတ်ပေးခြင်း နည်းလမ်းဖြင့် အဆင်ပြေစွာ ဆေးဆက်လက်သောက်သုံးနေကြပြီ ဖြစ်သကဲ့သို့ မက်သာဒုန်းအစားထိုး တိုက်ကျွေးလျက်ရှိသူများ၏ ၉၀ ရာခိုင်နှုန်းကျော်ကိုလည်း ၎င်းတို့၏နေအိမ်တွင်ပင် ဆေးသောက်သုံးနိုင်ရန် စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဝေးလံခက်ခဲသောဒေသများတွင်နေထိုင်သူများ၊ HIV ပိုးကူးစက်ခံရနိုင်ခြေမြင့်မားသူများ၊ HIV ပိုးနှင့်အတူ ဒွန်တွဲရောဂါများ ခံစားနေရသူများအနေဖြင့် ကျန်းမာရေးဝန်ဆောင်မှုများ စဉ်ဆက်မပြတ် ရရှိစေရန် အလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအစည်းအဝေးမှတစ်ဆင့် ကမ္ဘာ့နိုင်ငံအားလုံးအနေဖြင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများကို ဆက်လက်ရင်ဆိုင်ရာတွင် အထောက်အကူပြုနိုင်မည့် သင်ခန်းစာများ၊ နည်းလမ်းများ ရရှိနိုင်မည်ဖြစ်ပြီး လာမည့် ၂၀၃၀ ပြည့်နှစ်တွင် HIV ရောဂါပိုးကူးစက်မှုကင်းဝေးသော လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာမည်ဟု မျှော်လင့်မိပါကြောင်း၊ မြန်မာနိုင်ငံ၏ HIV/ AIDS၊ တီဘီနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံချက်များအတွက် Global Fund အဖွဲ့မှ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၇၆ ဒသမ ၁ သန်း ထောက်ပံ့ပေးခြင်းနှင့် HIV/ AIDS ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် UNAIDS အဖွဲ့က နည်းပညာအထောက်အပံ့ပေးခြင်းတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

ထို့အပြင် ၂၀၂၁–၂၀၂၃ ခုနှစ် HIV/ AIDS ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် အမေရိကန် ဒေါ်လာ ၁၂၈ ဒသမ ၇သန်း ထပ်မံထောက်ပံ့ပေးရန် သဘောတူညီထားရှိမှုအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၌ HIV/ AIDS ရောဂါ ကာကွယ်၊ ထိန်းချုပ်မှုလုပ်ငန်းများသည် အောင်မြင်သည်ဟု ဆိုရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် HIV ပိုးနှင့်နေထိုင်သူများ၏ ၈၅ ရာခိုင်နှုန်းမှာ ၎င်းတို့၏ အိပ်ချ်အိုင်ဗွီပိုးရှိနေသည့် အခြေအနေကိုသိရှိပြီး အဆိုပါလူများအနက်မှ ၉၁ ရာခိုင်နှုန်းမှာ လက်ရှိတွင် အေအာတီဆေးဖြင့် ကုသမှုခံယူလျက် ရှိပါကြောင်း၊ ပိုးကောင်ရေ စစ်ဆေးမှုခံယူသူများအနက်မှ ၉၄ ရာခိုင်နှုန်းမှာ ပိုးကောင်ရေ ထိရောက်စွာ ထိန်းချုပ်နိုင်လျက်ရှိပါကြောင်း၊ HIV အသစ်ဖြစ်ပွားမှုမှာ ၂၀၁၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်လျှင် ၃၆ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့ပြီး HIV/ AIDS နှင့်နီးနွယ်ရောဂါများကြောင့် သေဆုံးမှုမှာ ၅၂ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ဇွန်လကုန်ထိ HIV ပိုးနှင့် နေထိုင်သူ ခန့်မှန်းဦးရေ ၂၄၀,၀၀၀ အနက် ၇၉ ရာခိုင်နှုန်းအား အေအာတီဆေးဖြင့် ကုသမှုပေးနိုင်ခဲ့ပါကြောင်း၊ HIV ရောဂါကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး မိခင်မှကလေးသို့ HIV ပိုး ကူးစက်မှုမှ ကာကွယ်ရေးစီမံချက်အား ၃၂၆ မြို့နယ်အထိ လွှမ်းခြုံနိုင်ခဲ့ပါကြောင်း၊ အထက်ပါအချက်အလက်များသည် မြန်မာနိုင်ငံ ခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေး၏ အောင်မြင်မှုများကို မီးမောင်းထိုးပြလျက် ရှိပါကြောင်း၊ ၎င်းအပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်သည် Global HIV Prevention Coalition (GPC) တွင် ပါဝင်သော မဏ္ဍိုင်ငါးခုအား မိမိတို့နိုင်ငံ၏ အိပ်ချ်အိုင်ဗွီ ကူးစက်ဖြစ်ပွားမှုနှင့် လျော်ညီစွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခုခံကျ/ ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်အနေဖြင့် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း မြင့်မားနေသည့် ဒေသများတွင် ဦးတည်အုပ်စုဝင်များနှင့် အခြားလူအုပ်စုများပါ ရောဂါကာကွယ်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ရရှိနိုင်စေရန် အလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ HIV ကာကွယ်ရေးလုပ်ငန်းများအား အသက်အရွယ်အပိုင်းအခြားမရှိ လူတိုင်းလက်လှမ်းမီ ရွေးချယ်ရရှိနိုင်ကြစေရန် ရည်ရွယ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် မူးယစ်ဆေးထိုးသွင်းသုံးစွဲခြင်း၏ဆိုးကျိုးများကို လူတိုင်းသိရှိပြီး လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများကို လူတိုင်းလက်လှမ်းမီရရှိစေရန်၊ အဓိကဦးတည်အုပ်စုများနှင့် လူငယ်လူရွယ်များအကြား HIV ကာကွယ်ရေးလုပ်ငန်းများကို ၉၅ ရာခိုင်နှုန်းအထိ လက်လှမ်းမီ ရရှိစေရန်နှင့် HIV/ AIDS ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများအား တစ်နိုင်ငံလုံး လွှမ်းခြုံမှုရရှိအောင် ဆောင်ရွက်ရန်တို့အတွက် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဆက်လက်ကူညီထောက်ပံ့ပေးသွားကြရန် တောင်းဆိုလိုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူတစ်ဦးချင်း၏အခွင့်အရေးများအပေါ်လည်း မြန်မာနိုင်ငံအနေဖြင့် အလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အမျိုးသားမဟာဗျူဟာစီမံကိန်းအသစ် (၂၀၂၁–၂၀၂၅) နှင့်အညီ HIV/ AIDS ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများအား ပိုမိုလွှမ်းခြုံနိုင်ရေးအတွက် HIV ပိုးနှင့်နေထိုင်သူများအပြင် ပြည်သူလူထု၏ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည်လည်း လွန်စွာအရေးပါကြောင်း၊ ၂၀၁၆ ခုနှစ် ဇွန်လတွင် နယူးယောက်မြို့၌ ကျင်းပပြုလုပ်ခဲ့သော United Nation General Assembly တွင် မြန်မာနိုင်ငံမှ ကတိပြုပြောကြားခဲ့သည့်အတိုင်း "HIV ပိုးကူးစက်မှုကင်းဝေးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာရေး (Ending HIV/ AIDS as a public health threat)" နှင့် အညီ ပြည်သူ့ကျန်းမာရေးအား ခြိမ်းခြောက်လျက်ရှိသော HIV/ AIDS ရောဂါ အဆုံးသတ်ရေးအပြင် အခြားသော ရင်ဆိုင်ကြုံတွေ့နေရသည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများအတွက် ဒေသတွင်း နိုင်ငံများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ UNAIDS နှင့် Global Fund အဖွဲ့တို့အနေဖြင့် လာမည့်နှစ်များတွင် နိုင်ငံများ၌ HIV/ AIDS ရောဂါကာကွယ်တားဆီးရေးလုပ်ငန်း အစီအစဉ်များ ချမှတ်ရာတွင် သတင်းအချက်အလက်စနစ် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် ရရှိလာသော အချက်အလက်များအား ပြန်လည်သုံးသပ်ပြီး ထိရောက်သော ကာကွယ်ရေးလုပ်ငန်းများ တုံ့ပြန်ဆောင်ရွက်နိုင်မည့် စွမ်းဆောင်ရည်များ မြှင့်တင်ပေးခြင်း၊ စကားလုံးများဖြင့်လေ့လာသည့် သုတေသနနည်းလမ်း (Qualitative Research Method) များအသုံးပြုပြီး သုတေသနလုပ်ငန်းများ ပိုမိုဆောင်ရွက်ခြင်း၊ HIV/ AIDS ရောဂါအတွက် ကျန်းမာရေးဝန်ဆောင်မှုပေးနေသော အခြေအနေများအား နည်းစနစ်ကျကျ စောင့်ကြပ်ကြည့်ရှုအကဲဖြတ်ရာတွင် ဆန်းစစ်အကဲဖြတ်မှုပုံစံ (Checklist) များအသုံးပြုခြင်းတို့ကို ဆောင်ရွက်ရန် အကြံပြုလိုကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ Global HIV Prevention Coalition (GPC) အဖွဲ့ဝင်နိုင်ငံပေါင်း ၂၈ နိုင်ငံမှ ကျန်းမာရေးဝန်ကြီးများနှင့် အဆင့်မြင့်ကိုယ်စားလှယ်ကြီးများ တက်ရောက်ခဲ့ပြီး (၂၀၂၁–၂၀၂၅) HIV/ AIDS ရောဂါကာကွယ်ရေးမဟာဗျူဟာနှင့် ပတ်သက်၍ ဆွေးနွေးအကြံပြုမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့် အား အမြဲတမ်းအတွင်းဝန်တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလအထိ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၉**


၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် စက်တင်ဘာလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၆၅ ဒသမ ၁၆ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၇၉ ဒသမ ၈၁ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၄၄ ဒသမ ၉၇ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၀၈ ဒသမ ၅၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၉ ဒသမ ၄၄ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၂၈ ဒသမ ၀၂ သန်း ဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် စက်တင်ဘာလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇၇၂ ဒသမ ၉၉ သန်း ဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၁၁၆ ဒသမ ၉၅ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၉၁၁ ဒသမ ၁၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၇၅၁ ဒသမ ၈၈ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၆၆၂ ဒသမ ၉၈ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၉၀၀ ဒသမ ၂၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၁၃၆ ဒသမ ၉၇ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၀၃၇ ဒသမ ၁၇ သန်း ဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၆၇၀၀ ဒသမ ၁၅ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၃၇၄ ဒသမ ၁၉ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

**သတင်းစဉ်**

# နိုင်ငံရပ်ခြားက ကျောင်းတော်သားတွေနဲ့ စည်ကားနေတဲ့ အမိတက္ကသိုလ်

## ဒေါက်တာအောင်မြင့်ဦး



**နိုင်ငံတကာအဆင့်မီတက္ကသိုလ်ဆိုတာ ပညာသင်ယူဖို့၊ ပညာဖလှယ်ဖို့၊ လေ့လာဖို့ နိုင်ငံတကာက ရောက်ရှိနေတဲ့ ကျောင်းသူကျောင်းသားတွေနဲ့ စည်ကားသိုက်မြိုက်နေတဲ့ နေရာတစ်ခုပါ။ ဒီလိုစည်ကားသိုက်မြိုက်နေဖို့ဆိုရင် အဲဒီတက္ကသိုလ်ဟာ ပညာရပ်ဝန်းကျင်ကောင်း၊ ရုပ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်နေဖို့ လိုပါတယ်။ ရန်ကုန်တက္ကသိုလ်ဆိုတာ ကြီးမားတဲ့အစဉ်အလာကောင်းနဲ့ စခဲ့တာပါ။ ရန်ကုန်တက္ကသိုလ် စတင်တည်ထောင်ခဲ့တဲ့ ၁၉၂၀ ပြည့်နှစ်ကစလို့ ၁၉၆၀ ပြည့်နှစ်ဝန်းကျင်ကာလလောက်အထိ ပညာရပ်ဝန်းကျင်ကောင်း၊ ရုပ်ဝန်းကျင်ကောင်းတစ်ခုဖြစ်ခဲ့ပြီး နိုင်ငံရပ်ခြားက ကျောင်းတော်သားတွေ လေးစား၊ အားကျရတဲ့နေရာ၊ လာရောက်ပညာဆည်းပူးခဲ့တဲ့နေရာတစ်ခု ဖြစ်ခဲ့ပါတယ်။**

### ပြောင်းလဲလာတဲ့ ရန်ကုန်တက္ကသိုလ်

တစ်ခေတ်တစ်ခါမှာတော့ ရန်ကုန်တက္ကသိုလ်ဟာ ခြောက်သွေ့တဲ့ လွင်ပြင်တီးခေါင် ဖြစ်ခဲ့ရပါတယ်။ နိုင်ငံခြားသားတွေ လာရောက်ပညာဆည်းပူးဖို့ မဆိုထားနဲ့ ရန်ကုန်တက္ကသိုလ်ပရိဝုဏ်ထဲ လာရောက်လည်ပတ်ခြေချခွင့်တောင် မရှိခဲ့ပါဘူး။ ရန်ကုန်တက္ကသိုလ် ပညာရပ်ဝန်းဟာ နိုင်ငံတကာနဲ့ အဆက်အသွယ် ပြတ်တောက်ခဲ့ရပြီး ပညာအရည်အသွေးနိမ့်ပါးခဲ့ရသလို တက္ကသိုလ်ရဲ့ အဆင့်အတန်းဟာလည်း ကျဆင်းခဲ့ရပါတယ်။ နိုင်ငံခြားသားမဆိုထားနဲ့ ပြည်တွင်းကျောင်းသူ ကျောင်းသားတွေပါ ခြေချခွင့်မရတဲ့အထိတောင် အခြေအနေဆိုးတွေနဲ့ ကြုံတွေ့ခဲ့ရဖူးပါတယ်။

"ပြောင်းလဲခြင်းသည်သာ မပြောင်းလဲခြင်း" ဆိုတဲ့ စကားအတိုင်း အမိရန်ကုန်တက္ကသိုလ်ကြီးဟာ လောကဓံအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားပြီး ကောင်းမွန်တဲ့ အခြေအနေဘက်ကို ပြန်လည်ဦးတည်လာခဲ့ပါတယ်။ နှစ်ပေါင်း ၁၀၀ နီးပါး ခေတ်စနစ်အမျိုးမျိုးကို ဖြတ်သန်းပြီးတဲ့နောက် ရာပြည့်အကြို ဆယ်စုနှစ်တစ်ခု ကာလအတွင်းမှာ ရန်ကုန်တက္ကသိုလ်ဟာ အရာရာမှာ တိုးတက်ပြောင်းလဲလို့ လာခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ် ရာပြည့်အကြိုရဲ့ အဦးအစကာလဖြစ်တဲ့ ၂၀၁၀ ပြည့်နှစ် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေနဲ့အတူ ဒီမိုကရေစီစနစ်ကို စတင်အကောင်အထည် ဖော်တဲ့အချိန်မှာ ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကျင်းပနိုင်ခဲ့ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်ကျင်းပစဉ်ကာလမှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (ယခု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်) ဒေါ်အောင်ဆန်းစုကြည်က ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေး အဆိုကို တင်သွင်းခဲ့ပါတယ်။ ဒီအဆိုကို မဲခွဲဆုံးဖြတ်လို့ အတည်ပြုနိုင်ခဲ့ပြီးတဲ့နောက်မှာ ရန်ကုန်တက္ကသိုလ်ရဲ့ ပြုပြင်ပြောင်းလဲမှုတွေကို မျက်ဝါးထင်ထင် တွေ့မြင်လာခဲ့ရပါတယ်။

ဘွဲ့လွန်တန်းတွေနဲ့သာ အသက်ဆက်ခဲ့ရတဲ့ ရန်ကုန်တက္ကသိုလ်ဟာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှာ စတင်ဖွင့်လှစ်မယ့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်ကစပြီး ထူးချွန်ကျောင်းသား ပြုစုပျိုးထောင်ရေးစီမံချက်နဲ့ ထူးချွန်ဘွဲ့ကြိုသင်တန်းတွေကို စတင်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်ဟာ ပျိုမျစ်နုနယ်တဲ့ မျိုးဆက်သစ် ထူးချွန်ကျောင်းသူကျောင်းသားတွေနဲ့ ပြန်လည်နိုးထ ရှင်သန်လာခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ထူးချွန်ဘွဲ့ကြို သင်တန်းသာမက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုအစီအစဉ်နဲ့ ဒီပလိုမာသင်တန်းတွေ၊ သင်တန်းဆင်း လက်မှတ်အပ်နှင်းတဲ့ သင်တန်းတွေကို ဖွင့်လှစ်လာခဲ့ပါတယ်။ အခြေအနေကောင်းတွေ ပွင့်လန်းလာပြီး နိုင်ငံတကာနဲ့ ချိတ်ဆက်ပူးပေါင်းမှုတွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်လာနိုင်ခဲ့ပါတယ်။

နိုင်ငံတကာအဆင့်မီ တက္ကသိုလ်တစ်ခုရဲ့ ကမ္ဘာ့တက္ကသိုလ်အဆင့် သတ်မှတ်ချက်တွေထဲမှာ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အဓိကအချက်ကဏ္ဍက ပါဝင်နေတာ ဖြစ်ပါတယ်။ နိုင်ငံတကာက ပညာရှင်တွေလာရောက်ပို့ချတာ၊ ဆွေးနွေးပွဲတွေ နှီးနှောဖလှယ်ပွဲတွေ ကျင်းပတာ၊ သုတေသနလုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်တာတွေ အရေးကြီးသလို နိုင်ငံတကာက ကျောင်းသားကျောင်းသူတွေ လာရောက်ပညာဆည်းပူးတာ၊ လာရောက်လေ့လာတာတွေဟာလည်း အရေးပါတဲ့ သတ်မှတ်ချက်တစ်ခုဖြစ်ပါတယ်။ နိုင်ငံရပ်ခြားကျောင်းသားတွေကို သင်ကြားပို့ချပေးနိုင်မယ့် ဘာသာရပ် အမျိုးအစားတွေ တိုးပွားနေဖို့၊ သင်ကြားပေးနိုင်မယ့် အခြေအနေ အဆင့်အတန်းတွေ မြင့်မားနေဖို့လည်း လိုအပ်ပါတယ်။

ရန်ကုန်တက္ကသိုလ်ရာပြည့် အကြိုကာလ ရန်ကုန်တက္ကသိုလ်မှာ နိုင်ငံရပ်ခြားကျောင်းသားတွေ လာရောက်လေ့လာဆည်းပူးဖို့ စိတ်အဝင်စားဆုံး ဘာသာရပ်ကတော့ မြန်မာစာနဲ့ မြန်မာမှုဘာသာရပ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနဟာ နိုင်ငံတကာ ကျောင်းသားတွေကို မြန်မာစာနဲ့ မြန်မာမှုဘာသာရပ်တွေကို သင်ကြားပို့ချပေးရာမှာ အစဉ်အလာကြီးမားခဲ့တဲ့ ဌာနတစ်ခုဖြစ်ပါတယ်။ ၁၉၆၀ ပြည့်နှစ်ဝန်းကျင်က ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာ နိုင်ငံခြားပညာသင်တွေနဲ့ စည်ကားခဲ့ဖူးပါတယ်။ နောက်ပိုင်းကာလမှာတော့ ရန်ကုန် တက္ကသိုလ်ကို နိုင်ငံခြားပညာသင်များ လာရောက်ခွင့် ရပ်ဆိုင်းခဲ့ခြင်းနဲ့အတူ မြန်မာစာဌာနမှာ နိုင်ငံရပ်ခြားက ကျောင်းသူကျောင်းသားတွေ လာရောက်သင်ယူမှုဟာလည်း ဆိတ်သုဉ်းသွားခဲ့ပါတယ်။

### နိုင်ငံခြားသား ကျောင်းသား ကျောင်းသူများ စတင်ရောက်လာ

ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို ဆယ်စုနှစ်အစ ကာလမှာ ပွင့်လန်းလာတဲ့ အခြေအနေကောင်းတွေနဲ့အတူ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနဟာ နိုင်ငံတကာ တက္ကသိုလ်တွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ပြန်လည်ကြိုးပမ်းခဲ့ပါတယ်။ ဒီလိုကြိုးပမ်းခဲ့ရာမှာ မြန်မာစာဌာနနဲ့ ပတ်သက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ အခြေစိုက် ယူနန်နော်မယ်တက္ကသိုလ် (Yunnan Normal University) နဲ့ ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (MoU) ကို ပထမဆုံး လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်ဖြစ်တဲ့ ဒေါက်တာအောင်သူ ခေါင်းဆောင်တဲ့ ရန်ကုန်တက္ကသိုလ် ကိုယ်စားလှယ်အဖွဲ့ဟာ ယူနန်နော်မယ် တက္ကသိုလ်ကို သွားရောက်ခဲ့ပြီး ၅-၆-၂၀၁၄ ရက်နေ့မှာ တက္ကသိုလ်နှစ်ခုကြား ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ *စာမျက်နှာ ၇ သို့*



ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာလာရောက် သင်ယူကြသည့် ကိုရီးယားကျောင်းသူများ။



နိုင်ငံခြားပညာသင် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့်အတူ တောင်ငူဆောင်ရှေ့၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။



ရန်ကုန်တက္ကသိုလ်နှင့် ယူနန်နော်မယ်တက္ကသိုလ်တို့၏ ယဉ်ကျေးမှု ဖလှယ်ပွဲအဖြစ် နှစ်နိုင်ငံမှ ကျောင်းသူများ သီချင်းသီဆိုမှုကို တွေ့ရစဉ်။



မြန်မာဘာသာစကားသင်ယူကြသူ နိုင်ငံခြားသား ပညာသင်ကျောင်းသား ကျောင်းသူများ မြန်မာ့ယဉ်ကျေးမှု တူရိယာများ သင်ယူလေ့လာမှုကို တွေ့ရစဉ်။

# ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဆောင်းပါး





အောက်စဖို့တက္ကသိုလ်မှ ကျောင်းသူ ကျောင်းသားများ မြန်မာစာ သင်ယူနေကြစဉ်။



ဂျပန်ကျောင်းသူများ၏ အဆောင်ပွဲ၌ စုပေါင်းဖျော်ဖြေမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၆ မှ*

ယူနန်နေ်မယ် တက္ကသိုလ်က ဆရာမတစ်ဦး ဖြစ်တဲ့ Ms . Zhong Jia (မြန်မာအမည် စိုးမိုးလွင်) ဟာ ရန်ကုန်တက္ကသိုလ် မြန်မာစာ ဌာနမှာ ပထမဆုံး နိုင်ငံခြားသား ပါရဂူ သင်တန်းသူအဖြစ် လာရောက်သင်ယူခဲ့ပြီး နိုင်ငံခြားသားတွေထဲက မြန်မာစာပါရဂူဘွဲ့ကို ပထမဆုံး ဆွတ်ခူးနိုင်ခဲ့သူ ဖြစ်လာခဲ့ပါတယ်။

မြန်မာစာဌာနနဲ့ ဆက်သွယ်ပြီး ဒုတိယ လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့ တက္ကသိုလ်က တော့ ဂျပန်နိုင်ငံ တိုကျိုမြို့ အခြေစိုက် တိုကျိုနိုင်ငံခြားပညာရပ်များ လေ့လာမှု တက္ကသိုလ် (Tokyo University of Foreign Studies) ဖြစ်ပါတယ်။ တိုကျိုနိုင်ငံခြား ပညာရပ်များ လေ့လာမှု တက္ကသိုလ်ဥက္ကဋ္ဌ ခေါင်းဆောင်တဲ့အဖွဲ့ဟာ ရန်ကုန် တက္ကသိုလ်သို့လာရောက်ပြီး ၆-၈-၂၀၁၄ ရက်နေ့မှာ နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးခဲ့ကြပါတယ်။ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးတာနဲ့ တစ်ပြိုင်တည်းမှာ တိုကျိုနိုင်ငံခြားဘာသာရပ်များ လေ့လာရေး တက္ကသိုလ်က မြန်မာဘာသာသင်ကျောင်းသူ ကျောင်းသား ၁၄ ဦးဟာ ၂၀၁၄ ခုနှစ် ဩဂုတ် လအတွင်း မြန်မာစာဌာနမှာ ၃ ပတ်ကြာ မြန်မာဘာသာ အနီးကပ် ကြီးကြပ်သင်တန်း (Intensive Course) တက်ရောက်ဖို့ ရန်ကုန် တက္ကသိုလ်ကို ရောက်ရှိလာခဲ့ကြပါတယ်။ ဒီဂျပန် ကျောင်းသူ ကျောင်းသားတွေဟာ ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို ဆယ်စုနှစ် ကာလအတွင်းမှာ ရန်ကုန်တက္ကသိုလ်ကို အစုအဖွဲ့အလိုက် ပထမဆုံး လာရောက်ခဲ့ကြတဲ့ နိုင်ငံရပ်ခြားက ကျောင်းတော်သားတွေ ပါပဲ။

နိုင်ငံခြားကျောင်းသားတွေ အစုအဖွဲ့နဲ့ ပထမဆုံး ရောက်ရှိလာခဲ့တာဟာ ရန်ကုန် တက္ကသိုလ် အတွေ့အကြုံသစ်တစ်ခုပါ။ စိန်ခေါ်မှုတစ်ရပ်လို့လည်း ဆိုနိုင်ပါတယ်။ ကျောင်းသားတွေရဲ့ သင်ကြားရေးသာမက တည်းခိုနေထိုင်ရေးကအစ ကျန်းမာရေး၊ လုံခြုံရေး၊ လူမှုရေးကအစ တာဝန်ယူရတာ ဖြစ်ပါတယ်။ အထူးသဖြင့် ကျောင်းသူတွေ အများစုဖြစ်တဲ့အတွက်လည်း ပိုပြီး တာဝန် ကြီးတာ ဖြစ်ပါတယ်။ ပထမဆုံးရောက်ရှိ လာတဲ့ ဂျပန်ကျောင်းသူတွေကို အင်းလျား ဆောင်မှာထားရှိဖို့ ရန်ကုန်တက္ကသိုလ်က စီစဉ်ပေးခဲ့ပြီး ကျောင်းသူတွေကို အစစ လိုလေသေးမရှိအောင် အင်းလျားဆောင် အဆောင်မှူး၊ သတ္တဗေဒဌာန ပါမောက္ခ ဌာန မှူး ဒေါက်တာ မဥ္ဇူမင်း (ယခု မန္တလာဒီဂရီ ကောလိပ် ကျောင်းအုပ်ကြီး) က ကူညီဖြည့် ဆည်းပေးခဲ့ပါတယ်။ အင်းလျားဆောင်မှာ နေထိုင်ကြတဲ့ မြန်မာစာဌာနက ဆရာမတွေ၊ ကျောင်းသူတွေကလည်း ဝိုင်းဝန်းစောင့် ရှောက်ပေးခဲ့ကြပါတယ်။

အဲဒီနောက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် စတင်တဲ့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှာ မြန်မာ စာဌာနမှာ တစ်နှစ်ပညာသင်ယူဖို့အတွက် နိုင်ငံရပ်ခြားက ကျောင်းသူ ကျောင်းသားတွေ ရောက်ရှိလာခဲ့ကြပါတယ်။ တိုကျို နိုင်ငံခြား ပညာရပ်များ လေ့လာမှုတက္ကသိုလ် ဂျပန် ကျောင်းသူ ကျောင်းသား လေးဦး၊ ရန်ကုန် တက္ကသိုလ်နဲ့ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပြီးဖြစ်တဲ့ ယူနန်နေ်မယ် တက္ကသိုလ်က ကျောင်းသူ ကျောင်းသား ၄၃ ဦးတို့ဟာ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန မှာ တစ်နှစ်ပညာသင်ယူဖို့ ရောက်ရှိလာခဲ့ကြ ပါတယ်။ ဂျပန်ကျောင်းသူတွေဟာ အင်းလျား ဆောင်မှာပဲ တည်းခိုနေထိုင်ခဲ့ကြပြီး တရုတ် ကျောင်းသူတွေကတော့ သီရိဆောင်မှာ တည်းခိုနေထိုင်ကြပါတယ်။ ကျောင်းသား တွေကတော့ ပဲခူးဆောင်မှာ နေထိုင်ကြတာ ဖြစ်ပါတယ်။ တရုတ်ကျောင်းသူတွေ ရောက်ရှိ လာတဲ့အခါ သီရိဆောင် အဆောင်မှူး၊ ရူပဗေဒဌာန တွဲဖက်ပါမောက္ခ ဒေါက်တာ အေးအေးသန့်က ကူညီစောင့်ရှောက်ပေးခဲ့ ပါတယ်။ ကျောင်းသားတွေကို ကူညီစောင့် ရှောက်ပေးခဲ့တာကတော့ ပဲခူးဆောင် အဆောင်မှူး၊ ရက္ခဗေဒဌာန တွဲဖက်ပါမောက္ခ ဒေါက်တာအောင်ကျော်မင်း ဖြစ်ပါတယ်။

ဂျပန်နဲ့ တရုတ် ကျောင်းသူ ကျောင်းသား တွေ မြန်မာစာဌာနမှာ တစ်နှစ် လာရောက် ပညာသင်ကြားတဲ့ အစီအစဉ်ကတော့ ၃+၁ အစီအစဉ် ဖြစ်ပါတယ်။ ၃+၁ အစီအစဉ်ဆိုတာ ကတော့ သူတို့ရဲ့ မိခင်တက္ကသိုလ်မှာ သက်ဆိုင်ရာဘာသာရပ်တွေကို သုံးနှစ်သင်ယူ ပြီး နိုင်ငံတကာတက္ကသိုလ်တွေမှာ တစ်နှစ် သွားရောက်သင်ယူတဲ့ အစီအစဉ်ဖြစ်ပါတယ်။ သူတို့ တက္ကသိုလ်မှာရှိတဲ့ နိုင်ငံတကာ လေ့လာရေး ဘာသာရပ်တွေထဲက မြန်မာစာ၊ မြန်မာမှု အထူးပြုသင်ယူတဲ့ ကျောင်းသားတွေ ဟာ သူတို့ တက္ကသိုလ်မှာ သုံးနှစ်၊ ရန်ကုန် တက္ကသိုလ် မြန်မာစာဌာနမှာ တစ်နှစ် သင်ယူပြီးတဲ့နောက် သူတို့ရဲ့ မိခင်တက္ကသိုလ် က ဘွဲ့အပ်နှင်းတဲ့ အစီအစဉ်ဖြစ်ပါတယ်။

အင်္ဂလန်နိုင်ငံ အောက်စဖို့တက္ကသိုလ် (Oxford University) ဟာ ၂၀၁၄ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်နဲ့ ပညာရပ်ဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လမှာ အောက်စဖို့ တက္ကသိုလ်က ကျောင်းသူ ကျောင်းသားတွေ ဟာ ရန်ကုန်တက္ကသိုလ်ကို လာရောက်ခဲ့ကြပါ တယ်။ သူတို့လာရောက်တဲ့ ရည်ရွယ်ချက်က တော့ ရန်ကုန်တက္ကသိုလ်ကို လေ့လာဖို့နဲ့ ရန်ကုန်တက္ကသိုလ်က ကျောင်းသူ ကျောင်းသားတွေကို အင်္ဂလိပ်စာကာလတို လေ့ကျင့်သင်ကြားပေးဖို့ ဖြစ်ပါတယ်။ သူတို့ ဟာလည်း ကျောင်းသားတွေက ပဲခူးဆောင်နဲ့ ကျောင်းသူတွေက အင်းလျားဆောင်မှာ မြန်မာ ကျောင်းသူ ကျောင်းသားတွေနဲ့အတူ တည်းခိုနေထိုင်ခဲ့ကြပါတယ်။ သူတို့ဟာ မြန်မာနိုင်ငံမှာ ရောက်ရှိနေတဲ့ကာလအတွင်း ရန်ကုန်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံက ကျောင်းသားတွေကို အင်္ဂလိပ်စာသင်ကြား ရင်း မြန်မာစာဌာနမှာ မြန်မာစာနဲ့ မြန်မာ စကားကို လာရောက်သင်ယူခဲ့ကြပါတယ်။ ဉာဏ်ရည်မြင့်မားသူတွေ ဖြစ်တဲ့အလျောက် ရက်အနည်းငယ်အတွင်းမှာပဲ မြန်မာစာ၊ မြန်မာစကားကို ထမင်းစား ရေသောက် ရေးတတ် ပြောတတ်ခဲ့ကြပါတယ်။

## နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးသော တက္ကသိုလ်များ တိုးပွားလာ

ရန်ကုန်တက္ကသိုလ်မှာ လာရောက် လေ့လာကြတဲ့၊ လာရောက်ပညာဆည်းပူးကြ တဲ့ ပထမခြေလှမ်းတွေ အောင်မြင်ပြီးတဲ့ နောက်မှာ မြန်မာစာ၊ မြန်မာမှု လေ့လာသင်ယူ မှုကို အကြောင်းပြုပြီး နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးတဲ့ တက္ကသိုလ်တွေ တိုးပွား လာခဲ့ပါတယ်။ ဂျပန်နိုင်ငံ တိုကျိုမြို့အခြေစိုက် ကိုကူရှီကန်တက္ကသိုလ် (Kokushikan Univ-ersity) နဲ့ ရန်ကုန်တက္ကသိုလ်တို့ဟာ ၂၇-၂-၂၀၁၅ ရက်နေ့မှာ ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာ ခန်းမမှာ နားလည်မှုစာချွန်လွှာလက်မှတ်ရေး ထိုးခဲ့ကြပါတယ်။ လက်မှတ်ရေးထိုးပြီး နောက် ကိုကူရှီကန်တက္ကသိုလ်က မြန်မာ ဘာသာသင် ကျောင်းသူ ကျောင်းသား ငါးဦး ဟာ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း ရန်ကုန် တက္ကသိုလ် မြန်မာစာဌာနတွင် သုံးပတ်ကြာ မြန်မာဘာသာ အနီးကပ် ကြီးကြပ်သင်တန်း တက်ရောက်ဖို့ ရောက်ရှိလာပါတယ်။ သူတို့နဲ့ အတူ တိုကျိုနိုင်ငံခြားပညာရပ်များလေ့လာ မှု တက္ကသိုလ် ဂျပန်ကျောင်းသူ ကျောင်းသား ၁၀ ဦးကလည်း ဒုတိယအကြိမ် ရောက်ရှိလာ ပါတယ်။

ထိုင်းနိုင်ငံ ချင်းမိုင်မြို့ အခြေစိုက် ချင်းမိုင်တက္ကသိုလ် (Chiang Mai University) ကတော့ ၄-၄-၂၀၁၅ မှာ ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမမှာပဲ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပြီးနောက် ချင်းမိုင်တက္ကသိုလ်က မြန်မာဘာသာသင် ကျောင်းသူ ကျောင်းသား ကိုးဦးဟာ ရန်ကုန် တက္ကသိုလ် မြန်မာစာဌာနတွင် နှစ်လကြာ မြန်မာဘာသာ အနီးကပ် ကြီးကြပ်သင်တန်း တက်ရောက်ဖို့ လာရောက်ခဲ့ကြပါတယ်။ ဒီအစီအစဉ်နဲ့ နှစ်စဉ် လာရောက်ခဲ့ကြပါတယ်။

ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ အခြေစိုက် ဘူဆန်နိုင်ငံခြားပညာရပ်များ လေ့လာမှုတက္ကသိုလ် (Busan University of Foreign Studies) နဲ့ ရန်ကုန်တက္ကသိုလ်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာလည်း ၂၀၁၅ ခုနှစ် မှာ စတင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ မှာ ကိုရီးယားကျောင်းသူ ကျောင်းသား ၁၅ ဦးတို့ဟာ ဂျပန်ကျောင်းသားတွေလိုပဲ မြန်မာစာဌာနမှာ သုံးပတ်ကြာ အနီးကပ် ကြီးကြပ်သင်တန်းတက်ရောက်ဖို့ ပထမဆုံး အကြိမ် ရောက်ရှိလာခဲ့ကြပါတယ်။ ၂၇-၅-၂၀၁၅ ရက်နေ့မှာ ပါမောက္ခချုပ် ဒေါက်တာ အောင်သူ ခေါင်းဆောင်တဲ့အဖွဲ့ဟာ ဘူဆန် နိုင်ငံခြားပညာရပ်များလေ့လာမှု တက္ကသိုလ် ကို သွားရောက်ပြီး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ လက်မှတ်ရေးထိုး ပြီးနောက် ဘူဆန်ဘာသာရပ်များ လေ့လာရေး တက္ကသိုလ်က မြန်မာဘာသာသင် ကျောင်းသူ ကျောင်းသားတွေဟာ မြန်မာစာဌာနမှာ မြန်မာဘာသာ အနီးကပ် ကြီးကြပ်သင်တန်းနဲ့ ၃ + ၁ တစ်နှစ်သင်တန်း တက်ရောက်ဖို့ ရန်ကုန်တက္ကသိုလ်ကို နှစ်စဉ်ရောက်ရှိလို့ လာခဲ့ပါတယ်။

ဂျပန်နိုင်ငံ အိုဆာကာမြို့အခြေစိုက် အိုဆာကာတက္ကသိုလ် (Osaka University) ကလည်း ရန်ကုန်တက္ကသိုလ်ကို လာရောက်ပြီး ၁၈-၆-၂၀၁၅ ရက်နေ့က ရန်ကုန် တက္ကသိုလ် ဝိဇ္ဇာခန်းမမှာ နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးခဲ့ပါတယ်။ လက်မှတ်ရေးထိုးပြီး နောက် ၂၀၁၅ ခုနှစ် စက်တင်ဘာလမှာ အိုဆာ ကာ တက္ကသိုလ်က မြန်မာဘာသာသင် ဂျပန် ကျောင်းသူ ကျောင်းသား ၁၅ ယောက်ဟာ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာ သုံးပတ် ကြာ မြန်မာဘာသာအနီးကပ်ကြီးကြပ် သင်တန်းကို တက်ရောက်ခဲ့ကြပါတယ်။

*စာမျက်နှာ ၁၀ သို့*



မြန်မာဘာသာစကား သင်ယူကြသူ နိုင်ငံခြား ကျောင်းသူ ကျောင်းသားများ အရည်အချင်းစစ် စာမေးပွဲဖြေဆိုနေမှု။



မြန်မာကျောင်းသူ ကျောင်းသားများနှင့် နိုင်ငံခြား ကျောင်းသူ ကျောင်းသားများ၏ ဘာသာရပ်ဆွေးနွေးပွဲ။

# ၂၀၂၀ ရွေးကောက်ပွဲရက်များနှင့် နိုင်ငံပိုင်သတင်းစာ

ခင်ရတနာ




၁၃-၃-၂၀၂၀ ရက်နေ့က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

၂၀၂၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင် ကျင်းပပြီးစီးသွားခဲ့ပြီ ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ရွေးကောက်ပွဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ စံသတ်မှတ်ချက်ငါးချက်ဖြစ်သည့် လွတ်လပ်ရမည်၊ တရားမျှတရမည်၊ ပွင့်လင်းမြင်သာမှုရှိရမည်၊ အများယုံကြည်လက်ခံနိုင်ရမည်၊ မဲဆန္ဒရှင်များ၏ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရမည်ဆိုသည့်အချက်များနှင့်အညီ ဦးတည်ဆောင်ရွက်ခဲ့ပြီး ယခုလို ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားစဉ်အတွင်း ပြည်သူများက တစ်ခဲနက်ပူးပေါင်းပါဝင်မှုကြောင့်လည်း ယခုလိုအောင်မြင်ခဲ့ရခြင်း ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်အတူ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများအားလုံးက စုပေါင်း၍ မိမိတို့နိုင်ငံအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင် ရွက်မှုများ၏ ရလဒ်များအဖြစ် လွှတ်တော်အသီးသီးအတွက် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းသည်လည်း အတည်ပြုထွက်ပေါ်လာခဲ့ပြီဖြစ်ပါသည်။

ထိုကဲ့သို့ နိုင်ငံတော်အတွက် ဒီမိုကရေစီစနစ် ခိုင်မာမြဲမြံရေးအတွက် အလွန်အရေးကြီးလှသည့် သမိုင်းမှတ်တိုင်တစ်ရပ်ကို စိုက်ထူကြရာတွင် ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံပိုင်မီဒီယာများကလည်း တစ်တပ်တစ်အားပါဝင်၍ မိမိတို့ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခွင့်ရရှိခြင်းကြောင့် နိုင်ငံပိုင်သတင်းစာတိုက်၏ စာတည်းတစ်ဦးအနေဖြင့် အလွန်ဂုဏ်ယူမိပါသည်။

မိမိတို့နိုင်ငံပိုင်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် အွန်လိုင်းသတင်းစာဖြစ်သည့် Myanmar Digital News ၊ Joint Venture အဖြစ် ဆောင်ရွက်သည့် The Global New Light of Myanmar တို့သည် မိမိတို့၏ ဦးတည်ချက်တာဝန်ဖြစ်သည့် ပြည်သူကို အသိပညာပေးရန်နှင့် မှန်ကန်သည့် သတင်းအချက်အလက်များ ပေးအပ်နိုင်ရန်တို့အတွက် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြပြီး အများပြည်သူတို့၏ တစ်ခဲနက်သောဆန္ဒနှင့်အညီ ရွေးကောက်ပွဲရလဒ်များပေါ်ထွက်လာခြင်းအပေါ်၌လည်း နှစ်ထောင်းအားရ ဝမ်းမြောက်ကြရပါသည်။

## ဒီမိုကရေစီနှင့် သူ၏ အလေ့အထများ

နိုင်ငံအတွက် အရေးကြီးလှသည့် အထွေထွေရွေးကောက်ပွဲအလွန်ကာလများတွင် ရွေးကောက်ပွဲဆိုင်ရာဂယက်များ ရိုက်ခတ်လေ့ရှိသည်မှာ ဒီမိုကရေစီ၏ သဘောသဘာဝတစ်ရပ်ဟု ဆိုရမည်ဖြစ်ပါသည်။ အငြင်းပွားမှုများ၊ ဝေဖန်မှုများရှိတတ်သည်မှာ ဒီမိုကရေစီ၏ အလေ့အထဟုပင် ဆိုနိုင်သော်လည်း အချို့သော ဝေဖန်ပြစ်တင်မှုများမှာမူ ပကတိအခြေအနေအပေါ် ထင်ဟပ်မှုမရှိ၊ သေချာစွာ စေ့ငုခြင်းအားနည်းသည့် ဝေဖန်ပြစ်တင်မှုများလည်း ရှိတတ်ပါသည်။

ပြီးခဲ့သည့်ရက်က ရောဝတီသတင်းဌာနက ဖော်ပြခဲ့သည့် "ရွေးကောက်ပွဲသတင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဖော်ပြမှုအားနည်းဟု ဝေဖန်" ဟူသည့် သတင်းတစ်ပုဒ်ကို ဖတ်ရှုလိုက်ရပါသည်။ ရွေးကောက်ပွဲတွင် နိုင်ငံပိုင်မီဒီယာ ရုပ်မြင်သံကြားလိုင်း MRTV မှ ရွေးကောက်ပွဲနေ့ သတင်းဖော်ပြမှု အပါအဝင် ရွေးကောက်ပွဲအပြီး အနိုင်ရနိုင်ငံရေးပါတီများ၏ အခြေအနေများ ဖော်ပြရန်ကိစ္စတို့တွင် သတင်းဖော်ပြမှုမရှိသလောက် နည်းပါးခဲ့ကြောင်း သတင်းစာဆရာသုံးဦး၏ ပြောကြားချက်အချို့ကို ကောက်နုတ်၍ သတင်းတွင် ဖော်ပြထားသည်။

**"နိုင်ငံအတွက် အရေးကြီးလှသည့် အထွေထွေရွေးကောက်ပွဲအလွန်ကာလများတွင် ရွေးကောက်ပွဲဆိုင်ရာဂယက်များ ရိုက်ခတ်လေ့ရှိသည်မှာ ဒီမိုကရေစီ၏ သဘောသဘာဝတစ်ရပ်ဟု ဆိုရမည်ဖြစ်ပါသည်။ အငြင်းပွားမှုများ၊ ဝေဖန်မှုများရှိတတ်သည်မှာ ဒီမိုကရေစီ၏ အလေ့အထဟုပင် ဆိုနိုင်သော်လည်း အချို့သော ဝေဖန်ပြစ်တင်မှုများမှာမူ ပကတိအခြေအနေအပေါ် ထင်ဟပ်မှုမရှိ၊ သေချာစွာ စေ့ငုခြင်းအားနည်းသည့် ဝေဖန်ပြစ်တင်မှုများလည်း ရှိတတ်ပါသည်"**

## ခမ္မမိဋ္ဌာန်ကျကျ မီဒီယာ

နိုင်ငံပိုင်မီဒီယာတို့သည် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများဖြစ်သည့်

*စာမျက်နှာ ၉ သို့*




ရွေးကောက်ပွဲအကြိုကာလများအတွင်း အများပြည်သူအတွက် သိသင့်သိထိုက်သည့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှုများကို ရွေးကောက်ပွဲမကျင်းပမီ လများစွာကတည်းကပင် သတင်းစာ၌ ကြိုတင်ဖော်ပြထားမှု။

*စာမျက်နှာ ၈ မှ*

၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနှင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ သုံးကြိမ်စလုံးတွင် ပြည်သူများအတွက် သတင်းအချက်အလက်များကို ဓမ္မဓိဋ္ဌာန်ကျကျ ဖော်ပြနိုင်ခဲ့ပါသည်။ ရွေးကောက်ပွဲအကြိုကာလများအတွင်း အများပြည်သူအတွက် သိသင့်သိထိုက်သည့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှုများကို ရွေးကောက်ပွဲမကျင်းပမီ လများစွာကတည်းကပင် ကြိုတင်ဖော်ပြပေးခဲ့ကြသည်။

ပြည်သူများ၏ ရပိုင်ခွင့်များ မဆုံးရှုံးစေရေး၊ ဥပဒေများနှင့်အညီ ဆန္ဒမဲပေးနိုင်ရေးတို့အတွက် အသိပညာပေးအစီအစဉ်များကို မည်ကဲ့သို့ဖော်ပြမည်၊ မည်သည့်အဖွဲ့အစည်းများနှင့်ဆက်သွယ်ကာ မည်ကဲ့သို့ စာမျက်နှာပြင်ဆင်ဖော်ပြမည်၊ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၏ ပြည်သူသို့တင်ပြချက်များကို မည်သို့မည်ပုံဖော်ပြမည်၊ ရွေးကောက်ပွဲမကျင်းပမီနှင့် ကျင်းပစဉ်ကာလများအတွင်း ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် သတင်းများကို အမျှတဆုံးနှင့် ဓမ္မဓိဋ္ဌာန်အကျဆုံး မည်သို့တင်ဆက်မည်စသည်တို့ကို ပြင်ဆင်ခဲ့ကြပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ စတင်ကာ ရွေးကောက်ပွဲသတင်းများကို စတင်ဖော်ပြခဲ့ပါသည်။

ကြိုတင်ပြင်ဆင်မှုများအနေဖြင့် စာရေးသူမှတ်မိသလောက် ကောက်နုတ်ဖော်ပြရလျှင် ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့တွင် ၂၀၂၀ ပြည့်နှစ်အထွေထွေ ရွေးကောက်ပွဲအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်မည့် အချက်အလက်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဦးစီးအဖွဲ့သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ပထမ




**နိုင်ငံရေးပါတီများ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ ဟောပြောတင်ပြမှုကို သတင်းစာ၌ ဖော်ပြပေးမှု။**

အကြိမ်အဖြစ် သွားရောက်တွေ့ဆုံပြီး ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ ပညာပေးအစီအစဉ်များကို နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် သတင်းစာများတွင် ဖော်ပြနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းမှ စတင်၍ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးကာ လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ခဲ့ကြပါသည်။ ထို့ပြင် ၂၀၂၀ ပြည့်နှစ် မတ်လ ၁၃ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဒုတိယအကြိမ်သွားရောက်တွေ့ဆုံကာ ဝန်ကြီးဌာနက ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ချမှတ်ထားသည့် မီဒီယာနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရေး၊ ရွေးကောက်ပွဲနှင့် ပတ်သက်သည့် ပညာပေးအစီအစဉ်များ၊ တွေ့ဆုံမေးမြန်းမှုများကို ပြည်သူလူထုထံ တင်ဆက်နိုင်ရေးတို့ကို စောနိုင်သမျှစောစော စတင်ဆောင်ရွက်ကြကာ စတင်ပြင်ဆင်ခဲ့ကြခြင်းကြောင့် ဇူလိုင်လကုန်မှ စတင်ပြီး ရွေးကောက်ပွဲဆိုင်ရာ အထူးကဏ္ဍပညာပေးအစီအစဉ်များကို တင်ဆက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

## ရွေးကောက်ပွဲအတွက် ရက်ပေါင်း ၁၀၀

ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလနှင့် ထူးထူးခြားခြား တိုက်ဆိုင်ခဲ့ရသည့် ရွေးကောက်ပွဲကြီးအတွက် နိုင်ငံပိုင်သတင်းစာများတွင်လည်း အမှတ်ရစရာနေ့ရက်များစွာ ရှိခဲ့ပါသည်။ မိမိတို့ နိုင်ငံပိုင်သတင်းစာများ၏ မူဝါဒဖြစ်သည့် မှန်ကန်သည့် သတင်းအချက်အလက်များကို ပြည်သူလူထုထံပေးအပ်နိုင်ရေးအတွက် အထူးကြိုးစားတင်ဆက်ခဲ့ရသည့် နေ့ရက်များလည်း ဖြစ်ပါသည်။

မဲစာရင်းတွင် ပါဝင်နိုင်ရေး၊ မဲပေးခွင့်ရရှိရေး စသည့် ရွေးကောက်ပွဲသိကောင်းစရာ အခြေခံများမှသည် မဲရုံများပြင်ဆင်မှု၊ မဲရုံများသို့ သွားရောက်၍ ဆန္ဒမဲပေးရာတွင် လိုက်နာရမည့်အချက်များ၊ ကြိုတင်ဆန္ဒမဲပေးမှုဆိုင်ရာ သိကောင်းစရာများ၊ အွန်လိုင်းမှတစ်ဆင့် မဲစာရင်းစစ်ဆေးနိုင်မှုများ၊ ကျန်းမာရေးနှင့်အညီ စနစ်တကျဆန္ဒမဲပေးအပ်နိုင်မှုစသည့် အသိပညာပေးသတင်း




> **“သတင်းအချက်အလက် တိကျမှန်ကန်ရေးကို ဦးစားပေးဆောင်ရွက်ကြရသည့်အတွက် မည်မျှပင် သတင်းဦးပါစေ၊ သတင်းအရင်းအမြစ်မှ အတည်မပြုသေးပါက ပြည်သူများအတွက် ယုံကြည်စိတ်ချရသည့်သတင်းမရရှိသေးဟု မှတ်ယူကာ တိကျမှု၊ မှန်ကန်မှုကို ကြိုးစားဖြည့်ဆည်းပေးရသည့် တာဝန်ရှိပါသည်။ သို့မှသာ နိုင်ငံပိုင်မီဒီယာ ပရိသတ်များအတွက် မှန်ကန်၊ တိကျသည့် သတင်းအချက်အလက်များကို ပေးအပ်နိုင်မည်ဖြစ်ပါသည်”**

**အချက်အလက်ပေါင်းများစွာကို ဖော်ပြသည့်သတင်းများ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ဝင်၏ ဆောင်းပါးများ အပြင် အထူးစာမျက်နှာအဖြစ် ဩဂုတ်လမှ စတင်ကာ ရက်ပေါင်း ၁၀၀ မှစ၍ ကြိုတင် ဖော်ပြပေးနိုင်ခဲ့ပါသည်။**

## နိုင်ငံပိုင်မီဒီယာများ၏သဘာဝ

နိုင်ငံပိုင်မီဒီယာများသည် နိုင်ငံတော်နှင့် ပြည်သူအကြား ပေါင်းကူးဆက်သွယ်ပေးသည့် စကြိုးသဖွယ်ဖြစ်ပြီး ပြည်သူက ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့အစိုးရ၏ ပြည်သူအတွက် ဆောင်ရွက်ချက်များကို ပြည်သူလူထုထံ ပြန်လည်တင်ပြပေးရသည့်တာဝန်ကို ထမ်းဆောင်နေကြခြင်း ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း ပြန်ကြားရေးဝန်ကြီးဌာန၏ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတစ်ခုအဖြစ် ဘဏ္ဍာငွေကြေးရှာဖွေပေးရသည့် တာဝန်ကိုလည်း ထမ်းဆောင်ကြရပါသည်။ နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြသည့်သတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ သဘောထားကို ထင်ဟပ်သည်ဟူ၍ ပြည်သူလူထုက ရှုမြင်လေ့ရှိကြသည့်အတွက် မိမိတို့အနေဖြင့် စောင့်ထိန်းကြရသည့် အကန့်အသတ်များစွာရှိပါသည်။ အထူးသဖြင့် အချက်အလက်မှန်ကန်မှု၊ ဘက်မလိုက်မှုနှင့် တိကျမှန်ကန်ခိုင်မာမှုကို အလေးအနက်ထား ဆောင်ရွက်ကြရပါသည်။

သတင်းအချက်အလက် တိကျမှန်ကန်ရေးကို ဦးစားပေးဆောင်ရွက်ကြရသည့်အတွက် မည်မျှပင် သတင်းဦးပါစေ၊ သတင်းအရင်းအမြစ်မှ အတည်မပြုသေးပါက ပြည်သူများအတွက် ယုံကြည်စိတ်ချရသည့် သတင်းမရရှိသေးဟု မှတ်ယူကာ တိကျမှု၊ မှန်ကန်မှုကို ကြိုးစားဖြည့်ဆည်းပေးရသည့် တာဝန်ရှိပါသည်။ သို့မှသာ နိုင်ငံပိုင်မီဒီယာ ပရိသတ်များအတွက် မှန်ကန်၊ တိကျသည့် သတင်းအချက်အလက်များကို ပေးအပ်နိုင်မည်ဖြစ်ပါသည်။

## ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် သတင်းပုဒ်ရေ ၁၂၀၀ ကျော် ဖော်ပြနိုင်ခဲ့

နိုင်ငံပိုင်သတင်းစာများတွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ ယခု နိုဝင်ဘာ ၁၉ ရက်အထိ ဖော်ပြခဲ့မှုကို လေ့လာကြည့်ရာ မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar နှင့် Myanmar Digital New တို့တွင် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့်ခေါင်းကြီး ၃၅ ပုဒ်၊ သတင်းပုဒ်ရေ ၁၂၃၀ ပုဒ်၊ ဆောင်းပါး ၉၈ ပုဒ်၊ တွေ့ဆုံမေးမြန်း ၂၄ ပုဒ်၊ ကာတွန်း ၁၀၇ ပုဒ်၊ ကဗျာ ၁၃ ပုဒ်၊ ထုတ်ပြန်ချက် ၃၅၆ ခု၊ နှိုးဆော်ချက် ၁၀၉၉ ခု၊ အခြေပြဇယား ၄၄ခု၊ ပါတီဟောပြောချက် ၁၄၄ ပုဒ်တို့ကို ဖော်ပြပေးနိုင်ခဲ့ပါသည်။

ရွေးကောက်ပွဲအကြိုကာလအတွင်း နိုင်ငံရေးပါတီ ၇၂ ခု၏ စည်းရုံးဟောပြောချက်များကို ဖော်ပြခဲ့ရာတွင်လည်း ပါတီများအားလုံးအတွက် တူညီသည့်စာမျက်နှာ၊ တူညီသည့် ခေါင်းစည်းစာလုံးအရွယ်အစား၊ တူညီသည့်ပါတီတံဆိပ်အရွယ်အစား၊ တူညီသည့်ဓာတ်ပုံ ဖော်ပြမှုအရွယ်အစား သတ်မှတ်ချက်များဖြင့် မျှမျှတတ ဖော်ပြပေးခဲ့သည့်အပြင် မည်သည့်နေ့တွင် မည်သည့်ပါတီက ပြည်သူ့ထံ တင်ပြမည်ဟူသည့် သတင်းအချက်အလက်များကိုလည်း ကြိုတင်ဖော်ပြပေးနိုင်ခဲ့သည်။ *(ဆက်လက်ဖော်ပြပါမည်)*

**ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ၁-၁-၂၀၂၀ ရက်နေ့မှ ၁၉-၁၁-၂၀၂၀ ရက်နေ့အထိ နိုင်ငံပိုင်သတင်းစာများတွင် သတင်းထုတ်ပြန်ဖော်ပြခဲ့မှုများ**

| သတင်းစာအမည် | ခေါင်းကြီး | သတင်း | ဆောင်းပါး | အင်တာဗျူး | ကာတွန်း | ကဗျာ | ထုတ်ပြန်ချက် | နှိုးဆော်ချက် | အခြေပြဇယား | ပါတီဟောပြောချက် |
|---|---|---|---|---|---|---|---|---|---|---|
| မြန်မာ့အလင်း | ၁၉ | ၅၅၉ | ၄၉ | ၁၂ | ၂၈ | ၆ | ၁၇၇ | ၅၆၆ | ၂၂ | ၇၂ |
| ကြေးမုံ | ၁၆ | ၆၇၂ | ၄၉ | ၁၂ | ၇၉ | ၇ | ၁၇၉ | ၅၃၃ | ၂၂ | ၇၂ |
| စုစုပေါင်း | ၃၅ | ၁၂၃၀ | ၉၈ | ၂၄ | ၁၀၇ | ၁၃ | ၃၅၆ | ၁၀၉၉ | ၄၄ | ၁၄၄ |

# ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

**Sustainable Development Goals to Transform Peaceful and Prosperous Myanmar ခေါင်းစဉ်ဖြင့် ကျင်းပသည့် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် သုတေသနစင်တာ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)




ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရန်ကုန်တက္ကသိုလ်သည် ပြည်ထောင်စုကြီးတွင် နေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမ ပြည်သူအားလုံး၏နှလုံးသားဖြစ်သလို ပြည်ထောင်စုကြီးတွင် ရှိသည့် တက္ကသိုလ်အားလုံး၏မိခင်၊ ဂုဏ်ဆောင်တက္ကသိုလ်အဖြစ် တန်ဖိုးထားမြတ်နိုးကြပါကြောင်း၊ တက္ကသိုလ်၏အသက်သွေးကြောသည် သုတေသနဖြစ်သည့်အတွက် ရန်ကုန်တက္ကသိုလ်နှစ်တစ်ရာပြည့် ရာပြည့်သဘင်အထိမ်းအမှတ်အဖြစ် ယခု သုတေသနစာတမ်းဖတ်ပွဲကို Sustainable Development Goals to Transform Peaceful and Prosperous Myanmar ခေါင်းစဉ်ဖြင့် ဦးစီးကျင်းပသည့် ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ ဆရာကြီး ဒေါက်တာဇော်ဝေစိုး၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်ဆရာကြီး ဒေါက်တာဖိုးကောင်းနှင့် တာဝန်ရှိသူများ၊ စာတမ်းဖတ်ကြားသည့် ဆရာဆရာမ၊ ပညာရှင် ၇၆ ဦးတို့ကိုလည်း အထူးဂုဏ်ပြုအပ်ပါကြောင်း၊ ၂၀၁၆ ခုနှစ် Sustainable Development Report တွင် မြန်မာနိုင်ငံ၏ SD အညွှန်းကိန်းမှာ ၄၄ ဒသမ ၅ ဖြစ်၍ ၂၀၂၀ ပြည့်နှစ်တွင် SD အညွှန်းကိန်းမှာ ၆၄ ဒသမ ၆ ထိ တိုးတက်လာသည်ကို တွေ့ရမည် ဖြစ်ပါကြောင်း၊ ယခု သုတေသနညီလာခံကလည်း SD အညွှန်းကိန်းများနှင့် နိုင်ငံတကာတက္ကသိုလ် အဆင့်မြင့်မားလာစေရေးတို့ကို အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း။

**စာတမ်းများ ဖတ်ကြားဆွေးနွေး**

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကာကွယ်ထိန်းချုပ်တားဆီးနေရသည့် ကာလဖြစ်၍ ယခု သုတေသနညီလာခံကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် စီစဉ်ကျင်းပရခြင်းဖြစ်သောကြောင့် ဆရာ ဆရာမများအားလုံးတို့ကို ရှိရင်းအရင်းအမြစ်နှင့် တီထွင်ကြံဆဖြေရှင်း ဆောင်ရွက်တတ်အောင် သင်ကြားသင်ယူပေးသည့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအားလုံးတို့၏ ကျေးဇူးအင်မတန်ကြီးမားပါကြောင်း၊ ယခု သုတေသနညီလာခံတွင် သုတေသနစာတမ်းများ ဖတ်ကြားဆွေးနွေးခြင်း၊ အမြင်ချင်းဖလှယ်ကာ အကြံဉာဏ်ပေးခြင်း၊ စီးပွားရေးလုပ်ငန်း လူ့အဖွဲ့အစည်းများကို ကူညီပံ့ပိုးရန် ကြိုးစားဆောင်ရွက်ခြင်း၊ ကျောင်းသားကျောင်းသူများအား စာတွေ့လက်တွေ့ လုပ်ငန်းခွင်နှင့် ချိတ်ဆက်ပေးရန် ကြိုးပမ်းဆောင်ရွက်ခြင်းတို့ကို အထူးဂုဏ်ယူစွာ ချီးကျူးပါကြောင်း။

သဘာဝသယံဇာတ အရင်းအမြစ်များသည် limited resources ဖြစ်ပါကြောင်း၊ သင်ယူခြင်း Learning ကမူ infinite resources အနန္တ အရင်းအမြစ်များဖြစ်သလို infinite treasure အနန္တရတနာသိုက် ဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်ကြီး၏ အမှတ်တံဆိပ်တွင် ဖော်ပြထားသည့် "နတ္ထိ ဝိဇ္ဇာ၊ သမံ မိတ္တံ" ၏ ဆိုလိုရင်းမှာ "ပညာသင်ယူခြင်းနှင့်တူသော မိတ်ဆွေသည်မရှိ" ဟူသည့်အတိုင်း ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး မိမိတို့၏ မိတ်ဆွေစစ် မိတ်ဆွေမှန်မှာ သင်ယူခြင်းဖြစ်၍ တစ်သက်တာလုံး သင်ယူကြစေလိုပါကြောင်း။

**ဂုဏ်ဆောင်တက္ကသိုလ်ကြီးဖြစ်**

ရန်ကုန် တက္ကသိုလ်ကြီးသည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့အတွက် အကျိုးရှိသည့် ဘာသာရပ်များကို တစ်သက်တာ သင်ယူနိုင်သည့် ဂုဏ်ဆောင်တက္ကသိုလ်ကြီးဖြစ်ပြီး ကမ္ဘာတည်သရွေ့ တည်တံ့ပါစေရန် ဆုမွန်ကောင်းပို့သပါကြောင်း ပြောကြားသည်။

ယင်းနောက် သုတေသနစာတမ်းဖတ်ပွဲနှင့် ဟောပြောပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုးနှင့် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းတို့က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် သုတေသနစာတမ်းရှင်များက သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် စာတမ်းများကို ဖတ်ကြားကြသည်။

အဆိုပါ ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်အထိမ်းအမှတ် သုတေသန ညီလာခံကို နိုဝင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး တက္ကသိုလ် ၄၂ ခုမှ ဆရာ ဆရာမ သုတေသန စာတမ်းပညာရှင် ၇၆ ဦးတို့က သုတေသနစာတမ်း ၇၆ စောင်ကို ဖတ်ကြားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေဖြူမြို့နယ်၌ ကျေးရွာတွင်းလမ်းခင်းခြင်း ရာနှုန်းပြည့်ပြီးစီး

ရေဖြူ နိုဝင်ဘာ ၁၉

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ထောက်ပံ့ရန်ပုံငွေဖြင့် ရေဖြူမြို့နယ် သဲချောင်းကျေးရွာအုပ်စုရှိ သဘွတ်ချောင်း ရွာလယ်-ကင်းတောင်လမ်းခွဲ-သဃ်န်းတောရွာလယ်အထိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဟု သိရသည်။

အဆိုပါလမ်းသည် သဃ်န်းတောရွာမှ ကလိန်အောင်-ကံပေါက်ကားလမ်းမနှင့် ဆက်သွယ်ထားပြီး ယင်းမှတစ်ဆင့် ပြည်ထောင်စုလမ်းမကြီးနှင့်လည်း ဆက်သွယ်ထား၍ ယခုလို ကွန်ကရစ်ခင်းပေးခြင်းကြောင့် လမ်းတစ်လျှောက်ရှိ ကျေးရွာသုံးရွာမှ လူဦးရေ ၃၇၀၀ ကျော်အား ရာသီမရွေး အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**တနင်္သာရီသား**

*စာမျက်နှာ ၇ မှ*

အဲဒီနောက်မှာတော့ မြန်မာဘာသာအနီးကပ်ကြီးကြပ်သင်တန်းနဲ့ ၃+၁ တစ်နှစ် သင်တန်းတက်ရောက်ဖို့ ရန်ကုန်တက္ကသိုလ်ကို နှစ်စဉ်လာရောက်ခဲ့ကြပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့အခြေစိုက် ယူနန်မင်ဇုတက္ကသိုလ် (Yunnan Minzu University) နဲ့ ရန်ကုန်တက္ကသိုလ်တို့ဟာ ၃-၇-၂၀၁၅ ရက်နေ့ ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမမှာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲဒီနောက်မှာ ယူနန်မင်ဇုတက္ကသိုလ်က မြန်မာဘာသာသင် တရုတ်ကျောင်းသူ ကျောင်းသားတွေဟာ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာ ၃+၁ အစီအစဉ်နဲ့ နှစ်စဉ်လာရောက်သင်ယူလျက်ရှိပါတယ်။ ပေကျင်းမြို့ အခြေစိုက် ပေကျင်းနိုင်ငံခြားဘာသာ တက္ကသိုလ် (Beijing Foreign Studies University) ကလည်း ၂၀၁၅ ခုနှစ်အတွင်းမှာ ရန်ကုန်တက္ကသိုလ်နဲ့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှု စတင်ခဲ့ပါတယ်။ ပေကျင်း နိုင်ငံခြားဘာသာတက္ကသိုလ်ရဲ့ အစီအစဉ်ကတော့ ၃ ½ + ½ အစီအစဉ်နဲ့ နှစ်နှစ်တစ်ကြိမ် စေလွှတ်တာ ဖြစ်ပါတယ်။ ၃ ½ + ½ အစီအစဉ်ဟာ သူတို့တက္ကသိုလ်မှာ ပညာသင်နှစ် သုံးနှစ်ခွဲသင်ယူပြီး နိုင်ငံရပ်ခြားမှာ ပညာသင်နှစ်တစ်ဝက် သွားရောက်သင်ယူတဲ့ အစီအစဉ် ဖြစ်ပါတယ်။

ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း ခေါင်းဆောင်တဲ့ အဖွဲ့ဟာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့ကိုသွားရောက်ပြီး ၂၀-၁-၂၀၁၆ ရက်နေ့ မှာ ကွမ်ကျိုးမြို့အခြေစိုက် ကွမ်တုန်းနိုင်ငံရပ်ခြားလေ့လာမှု တက္ကသိုလ် (Guangdong University of Foreign Studies)နဲ့ ရန်ကုန်တက္ကသိုလ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ အလားတူပဲ ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း ခေါင်းဆောင်တဲ့ အဖွဲ့ဟာ မေလအတွင်း ယူနန်ပြည်နယ် ပေါင်ရှန်းမြို့ အခြေစိုက် ပေါင်ရှန်းတက္ကသိုလ် (Baoshan University) ကို သွားရောက်ခဲ့ပြီး ၁၆-၅-၂၀၁၆ ရက်နေ့မှာ အဲဒီတက္ကသိုလ်နဲ့ နားလည်မှု စာချွန်လွှာ ရေးထိုးခဲ့ကြပါတယ်။ အဲဒီတက္ကသိုလ်တွေနဲ့ နားလည်မှုစာချွန်လွှာတွေ လက်မှတ်ရေးထိုးပြီးတဲ့နောက်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံက အခြားတက္ကသိုလ်တွေလိုပဲ မြန်မာစာဌာနနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ စတင်ပြီး ကျောင်းသူ ကျောင်းသားတွေ နှစ်စဉ်ရောက်ရှိလာခဲ့ပါတယ်။

**မြန်မာဘာသာစကားနှင့်အတူ မြန်မာယဉ်ကျေးမှုပါ ပူးတွဲသင်ကြားပေးနေ**

ဖော်ပြခဲ့တဲ့ ရန်ကုန်တက္ကသိုလ်နဲ့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားတဲ့ တက္ကသိုလ်တွေသာမက ရန်ကုန်တက္ကသိုလ်နဲ့ နားလည်မှုစာချွန်လွှာ လက်မှတ်မရေးထိုးရသေးပေမယ့် ပူးပေါင်းဆောင်ရွက်လိုတဲ့ အခြားတက္ကသိုလ်တွေနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီတက္ကသိုလ်တွေကတော့ အမေရိကန်ပြည်ထောင်စုမြောက်ပိုင်း အီလီနွိုက်တက္ကသိုလ်၊ ပေကျင်းတက္ကသိုလ်၊ တဲဟုန်တက္ကသိုလ်၊ ယူနန်ဥပဒေဆိုင်ရာ ရဲတက္ကသိုလ် အစရှိတဲ့ တက္ကသိုလ်တွေပဲဖြစ်ပါတယ်။

နိုင်ငံတကာတက္ကသိုလ်က ကျောင်းတော်သူ ကျောင်းတော်သားတွေဟာ ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနမှာ လေ့လာသင်ယူမှု အစီအစဉ်အမျိုးမျိုးနဲ့ နှစ်စဉ် လာရောက်လေ့လာဆည်းပူးနေခဲ့ကြတာ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနအနေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ တက္ကသိုလ်တွေရဲ့ ပညာရပ်ဆိုင်ရာလိုအပ်ချက်၊ လာရောက်နိုင်မယ့်အချိန်ကာလ အပိုင်းအခြား၊ လေ့လာလိုတဲ့ နယ်ပယ်တွေအပေါ် မူတည်ပြီး လိုအပ်တဲ့ သင်ရိုးညွှန်းတမ်းတွေ၊ လေ့လာမှုအစီအစဉ်တွေကို ရေးဆွဲဖြည့်ဆည်းပေးရတာ ဖြစ်ပါတယ်။ မြန်မာဘာသာစကား၊ မြန်မာစာသာမက မြန်မာ့ယဉ်ကျေးမှုတွေဖြစ်တဲ့ မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာ့အစားအစာ စတဲ့လက်တွေ့ကျတဲ့ မြန်မာမှုသင်ရိုးတွေပါ ပေါင်းစပ်ပြီး မြန်မာစာဌာနက ဆရာ ဆရာမတွေက စနစ်တကျ လေ့ကျင့်သင်ကြားပေးတာ ဖြစ်ပါတယ်။ ဒါ့ပြင် အချို့သင်ကြားရေး အစီအစဉ်တွေမှာ မြန်မာ့ရေးရာနဲ့ ပတ်သက်ပြီး ရန်ကုန်တက္ကသိုလ်မှာရှိတဲ့ သမိုင်းဌာန၊ ရှေးဟောင်းသုတေသနပညာဌာန၊ နိုင်ငံတကာ ဆက်ဆံရေးပညာဌာန၊ မနုဿဗေဒဌာနက ဆရာ ဆရာမတွေကလည်း ဝိုင်းဝန်းအားဖြည့် ကူညီသင်ကြားပေးကြပါတယ်။

နိုင်ငံရပ်ခြားက ကျောင်းတော်သားတွေဟာ သူတို့ရောက်ရှိနေချိန်မှာ ရန်ကုန်တက္ကသိုလ်မှာရှိတဲ့ ကျောင်းသူ ကျောင်းသားတွေရဲ့ အဆောင်တွေမှာပဲ မြန်မာကျောင်းသူ ကျောင်းသားတွေနဲ့အတူ ရင်းနှီးချစ်ခင်စွာ နေထိုင်ကြပါတယ်။ အစောပိုင်းကာလတွေမှာ သူတို့နေထိုင်ကြတဲ့ အဆောင်တွေကတော့ ကျောင်းသူတွေက အင်းလျားဆောင်၊ သီရိဆောင်တွေမှာဖြစ်ပြီး ကျောင်းသားတွေကတော့ ပင်းယဆောင်၊ ပဲခူးဆောင်တွေမှာ ဖြစ်ပါတယ်။ နောက်ပိုင်း ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေမှာ ကျောင်းသားဆောင်အသစ် ဆောက်လုပ်ပြီးစီးချိန်မှာတော့ ကေတုမတီဆောင်မှာ နေထိုင်ခဲ့ကြပါတယ်။ နိုင်ငံတကာ ကျောင်းသူ ကျောင်းသားတွေဟာ သူတို့ရောက်ရှိစဉ်ကာလမှာ ပညာသင်ယူတာ တစ်မျိုးတည်း မဟုတ်ဘဲ ရန်ကုန်တက္ကသိုလ်ရဲ့ လှုပ်ရှားမှုအမျိုးမျိုးမှာ တက်တက်ကြွကြွ ပါဝင်ခဲ့ကြပါတယ်။ အားကစားပြိုင်ပွဲတွေ၊ အဆောင်လှုပ်ရှားမှုတွေ၊ ဟောပြောဆွေးနွေးပွဲတွေ၊ ယဉ်ကျေးမှုဖလှယ်ပွဲတွေ စတာတွေမှာ ဒီကျောင်းသူ ကျောင်းသားတွေရဲ့ ပူးပေါင်းပါဝင်မှုကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။

နိုင်ငံတကာက ကျောင်းသူ ကျောင်းသားတွေ ရန်ကုန်တက္ကသိုလ်ကို ပညာသင်လာရောက်ခြင်းဟာ ရန်ကုန်တက္ကသိုလ်ရဲ့ ဂုဏ်သိက္ခာနဲ့ အဆင့်အတန်းကို ပိုမိုမြင့်မားလာစေပါတယ်။ ဒီကျောင်းသားတွေဟာ မြန်မာကျောင်းသားတွေနဲ့ လက်ပွန်းတတီး အတူတကွ နေထိုင်ပြီး ပညာရှာမှီးကြတာဖြစ်လို့ နှစ်ဦးနှစ်ဖက် ကျောင်းသားတွေအတွက် အတွေ့အကြုံသစ်တွေ တိုးပွားစေပါတယ်။ နိုင်ငံခြားပညာသင်တွေကို မြင်တွေ့ရတဲ့အတွက် ရန်ကုန်တက္ကသိုလ် ကျောင်းသူကျောင်းသားတွေအနေနဲ့ သင်ကြားသင်ယူလိုစိတ်ကို နိုးကြားတက်ကြွလာစေပါတယ်။ နိုင်ငံရပ်ခြားကျောင်းသူကျောင်းသားတွေဟာ သတ်မှတ်ထားတဲ့ ကျောင်းလခ၊ အဆောင်လခတွေကို ပေးသွင်းရတာဖြစ်လို့ နိုင်ငံတော်အတွက် ဝင်ငွေကိုလည်း တစ်ဖက်တစ်လမ်းက တိုးပွားစေပါတယ်။ ဒါ့အပြင် နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံ၊ လူမျိုးတစ်မျိုးနဲ့ တစ်မျိုး၊ တက္ကသိုလ်တစ်ခုနဲ့ တစ်ခုတို့အကြား အပြန်အလှန်နားလည်မှုတွေ၊ ရင်းနှီးချစ်ကြည်မှုတွေ ပိုမိုရရှိလာစေမှာ ဖြစ်ပါတယ်။

**ပိုမိုစည်ကားလာမည့် ရာပြည့်အလွန်တက္ကသိုလ်**

အခြား အခြားသော ဘာသာရပ်ဌာနအသီးသီးမှာလည်း နိုင်ငံခြားပညာသင်တွေ ရှိပါသေးတယ်။ ရာပြည့်ကာလမှာ ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေးလုပ်ငန်းတွေ တဖြည်းဖြည်း အရှိန်အဟုန်မြင့်မား အောင်မြင်လာတာနဲ့အတူ ပညာရပ်တွေပိုမိုဖွံ့ဖြိုးလာပြီး တက္ကသိုလ်ရဲ့အဆင့် ပိုမိုမြင့်မားလာတာနဲ့အမျှ ရန်ကုန်တက္ကသိုလ်ဟာ နိုင်ငံတကာ ကျောင်းတော်သားတွေ မျက်စိကျတဲ့ တက္ကသိုလ်တစ်ခုဖြစ်လာမှာ မလွဲဧကန် ဖြစ်ပါတယ်။ မကြာမီကာလမှာ ရန်ကုန်တက္ကသိုလ်ကြီးဟာ သားရွှေအိုးထမ်းမယ့်တက္ကသိုလ်တစ်ခုအဖြစ် ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။ လတ်တလော ကျရောက်နေတဲ့ ကိုဗစ်- ၁၉ ရောဂါ ချုပ်ငြိမ်းသွားမယ့် ရန်ကုန်တက္ကသိုလ်ရာပြည့်အလွန်ကာလမှာ နိုင်ငံရပ်ခြားက ပညာလာရောက် ဆည်းပူးကြတဲ့ ကျောင်းတော်သားတွေနဲ့ ပိုမိုစည်ကားသိုက်မြိုက်နေမယ့် အမိတက္ကသိုလ်ကြီးကို မြင်ယောင်ရင်းကြည်နူးပီတိ ဖြစ်နေမိပါတော့တယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် (၃၈) ကြိမ်မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်



နေပြည်တော် နိုဝင်ဘာ ၁၉

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် နိုဝင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ဗီယက်နမ်နိုင်ငံက အလှည့်ကျ အိမ်ရှင်နိုင်ငံအဖြစ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသော (၃၈) ကြိမ်မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (38th ASEAN Ministers on Energy Meeting (AMEM) and Associated Meetings) သို့ ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။ **(ယာပုံ)**

ယနေ့တွင် (၃၈) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ ၂၀၂၀ ပြည့်နှစ် ASEAN Energy Business Forum တို့၏ ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ပြီး အာဆီယံစွမ်းအင် အလှည့်ကျဥက္ကဋ္ဌ ဖြစ်သည့် ဗီယက်နမ်နိုင်ငံ Ministry of Industry & Trade, Vice Minister Mr. Dang Hoang An က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ (၃၈) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေး (38th AMEM)၊ (၆) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများနှင့် အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီအစည်းအဝေး (6th AMEM–IEA)၊ အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်များ ချီးမြှင့်ခြင်းအစီအစဉ်တို့ကို ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီးသည် အဆိုပါအစည်းအဝေးများ တက်ရောက်ရာတွင် အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (ASEAN Plan of Action for Energy Cooperation – APAEC) တွင် ပါဝင်သည့်ကဏ္ဍခွဲ ခုနစ်ခုဖြစ်သည့် အာဆီယံ လျှပ်စစ်ဓာတ်အားကွန်ရက်၊ အာဆီယံသဘာဝဓာတ်ငွေ့ ပိုက်လိုင်းကွန်ရက်၊ အာဆီယံ ကျောက်မီးသွေးစွမ်းအင်ကဏ္ဍ၊ မြို့ပြသုံး နျူကလီးယားစွမ်းအင်၊ ဒေသတွင်းစွမ်းအင် မူဝါဒနှင့်စီမံရေး၊ ပြန်ပြည့်မြဲစွမ်းအင်၊ စွမ်းအင်ခြိုးခြံချွေတာရေးနှင့် ထိရောက်စွာသုံးစွဲရေးတို့၏ Phase I (2016–2020) ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် Phase II (2021–2025) ပါ အစီအစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးနှင့် သန့်ရှင်းသောစွမ်းအင် ပြောင်းလဲသုံးစွဲမှုမြှင့်တင်ရေးတို့အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများဖြင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကိုဗစ်ကပ်ရောဂါ၏ သက်ရောက်မှုများကို စွမ်းအင်ကဏ္ဍလုပ်ငန်းများ ကြံ့ကြံ့ခံကာ တုံ့ပြန်ဆောင်ရွက်ရေးကိစ္စရပ်များကို လည်းကောင်း၊ ပြန်ပြည့်မြဲစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ Energy Security နှင့် Electricity Security ကိစ္စရပ်များအားလည်းကောင်း၊ စွမ်းအင်မူဝါဒအသစ်များ ပြောင်းလဲချမှတ် ကျင့်သုံးရေးကိစ္စရပ်များကို လည်းကောင်း သုံးသပ်ဆွေးနွေး အတည်ပြုခဲ့သည်။

အစည်းအဝေးအစီအစဉ်များအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး Mr. Supattanapong Punmeechaow နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို သီးခြားဆွေးနွေးသည်။

အဆိုပါ (၃၈) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အာဆီယံနိုင်ငံများမှ စွမ်းအင်ဆိုင်ရာဝန်ကြီးဌာနများ၏ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ဖြစ်သည့် International Energy Agency (IEA)၊ International Renewable Energy Agency (IRENA)၊ ASEAN+3 နိုင်ငံများဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်နိုင်ငံများဖြစ်ကြသော ဩစတြေးလျ၊ အိန္ဒိယ၊ နယူးဇီလန်၊ ရုရှား၊ အမေရိကန် စသည့်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၂၀ ရက်တွင် ကျင်းပမည့် (၁၇)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများနှင့် ASEAN+3 နိုင်ငံများ ဖြစ်ကြသည့် တရုတ်၊ ဂျပန်၊ ကိုရီးယားအစည်းအဝေး (17th AMEM+3)၊ (၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများနှင့် အပြည်ပြည်ဆိုင်ရာ ပြန်ပြည့်မြဲစွမ်းအင် အေဂျင်စီအစည်းအဝေး (4th AMEM–IRENA)၊ (၁၄)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီး အစည်းအဝေး (14th EAS–EMM) တို့သို့ Online မှတစ်ဆင့် ဆက်လက်တက်ရောက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး UNODC မှ Country Manager, Mr. Benedikt Hofmann အား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် UNODC မှ Country Manager, Mr. Benedikt Hofmann နှင့်အဖွဲ့ကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဆောင်ရွက်လျက်ရှိသည့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ၊ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် တရားစွဲ အမှုလိုက်ဆိုင်ရာလုပ်ငန်းများ၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ ၂၀၁၄ ခုနှစ်မှစတင်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် UNODC တို့အကြား ပူးပေါင်းဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များ၊ ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာလအလွန်တွင် UNODC နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မဟာဗျူဟာစီမံကိန်း "တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု" (၂၀၂၀–၂၀၂၄) လုပ်ငန်းဆောင်ရွက်မှုများတွင် UNODC မှ ထောက်ပံ့ပေးနိုင်မည့် လုပ်ငန်းနယ်ပယ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

**နေပြည်တော် နိုဝင်ဘာ ၁၉**

နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာတွင် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါ ရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝမှန်မှန်ကန်ကန် ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် အမျိုးသား ၂၅၇၆ ဦး၊ အမျိုးသမီး ၄၇၀၉ ဦး တို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၇၂၈၅ ဦး ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်/အလုပ်သမား အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအတွင်း အခြားဌာနသို့ လွှဲပြောင်းမှု သုံးမှု၊ ကျေအေးမှု လေးမှု၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ကိုးမှု၊ ပိတ်သိမ်းမှု ၁၀ မှု၊ ငွေကြေးအကျိုးခံစားခွင့် ၃၂ မှုနှင့် လက်ကျန်အမှု ၄၃ မှုတို့ဖြစ်ပြီး ငွေကြေးအကျိုး ခံစားခွင့်ရှိသူ ၃၇၇ ဦးအား ငွေကျပ် ၁၁၀,၀၁၃, ၂၅၁ ကို ခံစားခွင့်ရရှိစေခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူ အလုပ်ပိတ်ရက်အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကိုငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခ ကျန်ငွေမရရှိမှုများ၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူ အလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၂၈၇၀ ကျော်ကို ခံစားခွင့်ပေးနိုင်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရာ၌ ခုံသမာဓိအဖွဲ့တွင် ၁၂ မှုနှင့် ခုံသမာဓိကောင်စီတွင် ၁၂ မှုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သောစက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေး အကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၁၇၆၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံ အလုပ်သမား ၂၃၈၀၃ ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၁၄၃၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၂၀ပြည့်နှစ်၊ အောက်တိုဘာလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှု အခြေအနေများမှာ အလုပ်သမားဆေးရုံကြီးသုံးရုံ ပြင်ပလူနာ ၁၆၇၈ ဦး၊ အတွင်းလူနာ ၄၀၂ ဦး စုစုပေါင်း ၂၀၈၀ နှင့် လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်း၊ ဌာနကြီးဆေးခန်း ၅၈ ခန်းနှင့် သားဖွားမီးယပ် (OPD) ဝန်ဆောင်မှုစမ်းသပ်ဆောင်ရွက်ပေးလျက်ရှိသည့် ငါးခန်း အပါအဝင် PPS စနစ်ဖြင့် ဆောင်ရွက်သည့်ဆေးခန်း ၁၄ ခန်းတို့မှ ဆေးကုသပေးမှု စုစုပေါင်း ၄၆၉၆၂ ဦးတို့ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘိုးရင်း ၇၃၇ လေယာဉ်ပျံသန်းမှု ပိတ်ပင်ထားခြင်းကို ဖယ်ရှားပေး

**ဝါရှင်တန် နိုဝင်ဘာ ၁၉**

ဘိုးရင်း ၇၃၇-မက်စ် ခရီးသည်တင်လေယာဉ်နှစ်စင်းပျက်ကျပြီးနောက် အဆိုပါလေယာဉ်အမျိုးအစား ပျံသန်းပြေးဆွဲမှုကို ရပ်နားထားရာမှ ယခုအခါ ပြန်လည်ပြေးဆွဲ ခွင့်ပြုလိုက်ကြောင်း အမေရိကန် လေကြောင်းအာဏာပိုင်အဖွဲ့က ကြေညာခဲ့သည်။ ၇၃၇ -မက်စ်လေယာဉ်သည် အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၁၈ ခုနှစ် အောက်တိုဘာလက ပျက်ကျခဲ့ပြီး အီသီယိုပီးယား၌လည်း ပျက်ကျမှုဖြစ်ပွားခဲ့ပြီး လူပေါင်း ၃၄၆ ဦး၏ အသက်များ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည်။

ထို့နောက် အမေရိကန်လေကြောင်းကွပ်ကဲရေး အဖွဲ့ချုပ်က အဆိုပါလေယာဉ်အမျိုးအစားပြေးဆွဲပျံသန်းမှုကို ပိတ်ပင်ခဲ့သည်။ ဘိုးရင်းကုမ္ပဏီသည် ၎င်း၏ဥရောပပြိုင်ဘက်ဖြစ်သည့် အဲဘတ်စ်ကို ယှဉ်ပြိုင်နိုင်ရန် ၇၃၇-မက်စ်ကို တိုးတက်အောင် ပြုလုပ်ထားသည်ဟု အမေရိကန်လွှတ်တော်က တင်ပြသည်။ ၇၃၇ -မက်စ်လေယာဉ်များ ပျံသန်းပြေးဆွဲမှုကို ပြန်လည်ခွင့်ပြုသွားမည်ဟု အမေရိကန် လေကြောင်းကွပ်ကဲရေးအဖွဲ့ချုပ်က နိုဝင်ဘာ ၁၈ ရက်တွင်ပြောကြားခဲ့သည်။ လေယာဉ်၏ယုံကြည်စိတ်ချရမှုမှာ ၁၀၀ ရာခိုင်နှုန်းရှိပြီး သူ့မိသားစုကိုပင် ၇၃၇-မက်စ် လေယာဉ်ဖြင့် စီးနင်းလိုက်ပါစေနိုင်ကြောင်း အုပ်ချုပ်ရေးမှူး စတိဗ် ဒစ်ဆင်က ပြောသည်။ အစောပိုင်းအနေဖြင့် ယခုနှစ်ကုန်ပိုင်းမတိုင်မီ ပြေးဆွဲမှုပြန်လည်ရရှိနိုင်ဖွယ် ရှိသော်လည်း ကိုဗစ်-၁၉ ဖြစ်ပွားနေမှုကြောင့် လေယာဉ်လိုအပ်ချက်မှာ ကျဆင်းလျက်ရှိသည်။

လေယာဉ်ပျက်ကျမှုဖြစ်စဉ်နှစ်ခုကြောင့် အသက်သေဆုံးသွားရသူများအတွက် ကုမ္ပဏီဘက်မှ မေ့လျော့သွားမည်မဟုတ်ဟု ဘိုးရင်းကုမ္ပဏီမှ စီအီးအို ဒေးဗစ်ကယ်ဟွန်းက ပြောသည်။ ယင်းဖြစ်ရပ်ကို နမူနာယူကာ အနာဂတ်ကာလတွင် လုံခြုံစိတ်ချရရေး၊ အရည်အသွေးပြည့်ဝရေးနှင့် သိက္ခာရှိရှိရပ်တည်နိုင်ရေးအတွက် ပိုမိုအာရုံစိုက်ကာ လုပ်ဆောင်သွားမည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။ အမေရိကန် လေယာဉ်ကုမ္ပဏီကြီးသည် ၇၃၇ မက်စ်လေယာဉ်များ ရပ်နားထားရခြင်းနှင့် ကိုဗစ်-၁၉ ကြောင့် လေယာဉ်ပြေးဆွဲမှု ရပ်နားထားရခြင်းတို့ကြောင့် ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲများနှင့် ရှန်းကန်ရလျက်ရှိသည်။ ထို့ပြင် ကိုဗစ်- ၁၉ ကြောင့် ဆုံးရှုံးနစ်နာမှုများသဖြင့် အလုပ်သမားအင်အားထုကိုလည်း လျှော့ချခဲ့ရကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




မြေပြင်၌ ရပ်နားထားသည့် ဘိုးရင်း ၇၃၇-မက်စ် ခရီးသည်တင်လေယာဉ်။

## အီရန်အပေါ် ဖိအားများပေးသွားမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုပြော

**ဂျေရုဆလင် နိုဝင်ဘာ ၁၉**

အမေရိကန် ပြည်ထောင်စုသည် အစ္စရေးနှင့် အာရပ်နိုင်ငံများနှင့် ဆက်ဆံရေး တိုးတက်ခိုင်မာလာအောင်ပြုလုပ်ပြီး အီရန်အပေါ် ဖိအားများ ဆက်လက်ပေးသွားမည်ဟု အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး မိုက်ပွန်ပီအိုက အလေးအနက် ပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးမိုက်ပွန်ပီအိုသည် နိုဝင်ဘာ ၁၈ ရက်က အစ္စရေးနိုင်ငံသို့ လာရောက်ခဲ့သည်။

ထိုသို့လာရောက်စဉ် အစ္စရေး ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၊ ဘာရိန်းနိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒလက်အစ်ဖ်ဘင်ရှက်ဟစ်အယ် ဇာယာနီတို့နှင့် ဂျေရုဆလင်တွင် တွေ့ဆုံခဲ့ကြသည်။ အစ္စရေးသည် စက်တင်ဘာလအတွင်းက ယူအေအီးနှင့် ဘာရိန်း နိုင်ငံတို့နှင့် ပုံမှန်ဆက်ဆံရေးထူထောင်ပြီးနောက် စီးပွားရေးနှင့် အခြားသော ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု အရှိန်မြင့်တင်လျက်ရှိသည်။

ဒေသတွင်း အီရန်နိုင်ငံ၏ လွှမ်းမိုးနိုင်မှုမှာ ဆုတ်ယုတ်လာပြီး အထီးကျန်နိုင်ငံဖြစ်နေသည်ဟု မိုက်ပွန်ပီအိုက သတင်းထောက်များကို ပြောသည်။

အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသည့် ဂျိုးဘိုင်ဒင်ကလည်း အီရန်နျူကလီးယားစာချုပ်တွင် ပြန်လည်ပါဝင်လိုသည်ဟု ရည်ညွှန်းပြောကြားဖူးသည်။ အမေရိကန် နိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးက အဆိုပါကိစ္စမှာ မှားယွင်းမှုတစ်ခုဟု ပြောကြားခဲ့သည်။ နိုဝင်ဘာ ၁၈ ရက်က အစ္စရေးတိုက်လေယာဉ်များသည် ဆီးရီးယားရှိ အီရန်များရှိရာနေရာကို ပစ်မှတ်ထားကာ တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း နေတန်ယာဟုက ပြောသည်။

ဆီးရီးယားတွင် အီရန်၏ပါဝင်စွက်ဖက်မှုကို မည်သည့်နည်းနှင့်မျှ ခွင့်ပြုသွားမည်မဟုတ်ဟု နေတန်ယာဟုက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**




အမေရိကန် နိုင်ငံခြားရေးဝန်ကြီးမိုက်ပွန်ပီအို အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု ၊ဘာရိန်းနိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒလက်အစ်ဖ် ဘင် ရှက်ဟစ် အယ် ဇာယာနီ တို့နှင့်ဂျေရုဆလင်တွင်တွေ့ဆုံစဉ်။

## ဖိုက်ဇာကုမ္ပဏီက ၎င်းတို့၏ကာကွယ်ဆေးကို အမေရိကန် အက်ဖ်ဒီအေ၏ ခွင့်ပြုချက်ရယူသွားမည်

**ဝါရှင်တန် နိုဝင်ဘာ ၁၉**

အမေရိကန်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီကြီးဖြစ်သည့် ဖိုက်ဇာသည် ၎င်းတို့၏ ကာကွယ်ဆေးကို အရေးပေါ်အခြေအနေအတွက် သုံးစွဲခွင့်ရရှိရေး လုပ်ဆောင်လျက်ရှိသည်။

၎င်းတို့၏ကာကွယ်ဆေးမှာ ကိုဗစ် - ၁၉ ကူးစက်မှုမှ ၉၅ ရာခိုင်နှုန်း ကာကွယ်တားဆီးနိုင်သည်ဟု စမ်းသပ်ချက်ထွက်ပေါ်လာပြီးနောက် ယခုလို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ဖိုက်ဇာကုမ္ပဏီသည် ဂျာမနီကုမ္ပဏီဖြစ်သည့် BioNtech နှင့် လက်တွဲကာ ကာကွယ်ဆေးစမ်းသပ်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ နိုဝင်ဘာ ၁၈ ရက် ကြေညာချက်အရ ဖိုက်ဇာကုမ္ပဏီမှထုတ်လုပ်သည့် ကာကွယ်ဆေးသည် လူပေါင်း ၄၀၀၀၀ ကျော်ပါဝင်သည့် ဆေးဝါးစမ်းသပ်မှုကို နောက်ဆုံးအဆင့် သုံးသပ်မှု ပြုလုပ်ပေးခဲ့သည်။

ကိုဗစ် -၁၉ ကာကွယ်ဆေး ပါဝင်ပစ္စည်းများနှင့် ပတ်သက်ပြီး ဖိုက်ဇာကုမ္ပဏီတွင် စိုးရိမ်မှုကြီးကြီးမားမား မဖြစ်ပေါ်ခဲ့ပေ။ ဆေးဝါးစမ်းသပ်ရာတွင် ပါဝင်သူ ၃ ဒသမ ၈ ရာခိုင်နှုန်းတွင် ပင်ပန်းနွမ်းနယ်မှုခံစားရပြီး ၂ ရာခိုင်နှုန်းမှာ ခေါင်းကိုက်မှုကို ခံစားရသည်။

၎င်းတို့အားလုံး ဒုတိယအကြိမ် ကာကွယ်ဆေးပေးပြီးနောက် ခံစားရသည့် ဝေဒနာများကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ အရေးပေါ်သုံးစွဲခွင့်အတွက် ရက်အနည်းငယ်အတွင်း အမေရိကန်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန (အက်ဖ်ဒီအေ)၏ ခွင့်ပြုချက်ရရန် ကာကွယ်ဆေး၏ လုံခြုံစိတ်ချရသော အချက်အလက်များ လိုအပ်သည်ဟု ဖိုက်ဇာကုမ္ပဏီက ပြောသည်။

ယင်းဆေးကို ခွင့်ပြုချက်မပေးမီ အက်ဖ်ဒီအေမှ အကြံပေးအစည်းအဝေးကျင်းပမည်ဖြစ်သည်။

ဖိုက်ဇာသည် ၂၀၂၁ ခုနှစ် ဇွန်လကုန်ပိုင်းတွင် ဂျပန်နိုင်ငံသို့ ကာကွယ်ဆေး သန်း ၆၀ ပေးရန် ဂျပန်အစိုးရနှင့် ကနဦးသဘောတူထားသည်။

**အင်န်အိတ်ချ်ကေ**




## အာဖရိကတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း နှစ်သန်းကျော်ရှိပြီဖြစ်

**အဒစ္စအဘာဘာ နိုဝင်ဘာ ၁၉**

အာဖရိကတိုက်တွင် ကိုဗစ် -၁၉ ကူးစက်ခံရသူပေါင်း နှစ်သန်းကျော်သွားပြီဟု အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

အာဖရိကတိုက်တစ်ခုလုံးတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၂၀၁၃၃၈၈ ဦး ရှိပြီး သေဆုံးသူ ၄၈၄၀၈ ဦး ရှိသည်ဟု အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက နိုဝင်ဘာ ၁၉ ရက်တွင် ပြောသည်။

နိုင်ငံပေါင်း ၅၄ နိုင်ငံရှိသည့် အာဖရိကတိုက်တွင် ကိုဗစ် -၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ ၁ ဒသမ ၇ သန်းကျော်ရှိသည်။ ကူးစက်မှုမြင့်မားသည့် အာဖရိကနိုင်ငံများမှာ တောင်အာဖရိက၊ မော်ရိုကို၊ အီဂျစ်နှင့် အီသီယိုးပီးယားတို့ ဖြစ်ကြသည်။

ကိုဗစ် -၁၉ ကူးစက်မှုနှုန်းနှင့် သေဆုံးမှုနှုန်းမှာ အာဖရိကနိုင်ငံများတွင် တောင်အာဖရိကမှာ အများဆုံးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ကမ္ဘောဒီးယားတွင် ကိုဗစ်- ၁၉ လူနာ ကင်းရှင်းသွားပြီဖြစ်သဖြင့် ကျောင်းများပြန်ဖွင့်

**ဖနောင်ပင် နိုဝင်ဘာ ၁၉**

ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ် -၁၉ အတည်ပြုလူနာများနှင့် ထိတွေ့မိသူလူပေါင်း ၁၄၂၀ အတွက် ရှင်းလင်းပြီးသွားပြီဖြစ်သဖြင့် ကျောင်းများ၊ ရုပ်ရှင်ရုံများ၊ ပြတိုက်များ၊ မင်္ဂလာဆောင်များကို ပုံမှန်အတိုင်း ပြန်လည်လည်ပတ်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်တက်ချို ဟွန်ဆင်က ကြေညာခဲ့သည်။

နိုဝင်ဘာ ၁၈ ရက် နှောင်းပိုင်းတွင် ဟွန်ဆင်က ယခုလိုကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ဟွန်ဆင်သည် နေအိမ်၌ ၁၄ ရက်ကြာ သီးခြားနေထိုင်ခဲ့သည်။

ထို့နောက် ဆေးစစ်ချက်ကို လုပ်ဆောင်ခဲ့ပြီး ဗုဒ္ဓဟူးနေ့တွင် ရောဂါကူးစက်ခံရခြင်းမရှိဟု ကြေညာခဲ့သည်။ နိုင်ငံတစ်ဝန်းရှိ ကျောင်းများကို ကိုဗစ် -၁၉ ကူးစက်ပျံ့နှံ့မည်ကို စိုးရိမ်ရသဖြင့် ပိတ်ထားခဲ့ရသည်။

ဝန်ကြီးချုပ်၏ကြေညာချက် ထွက်ပေါ်ပြီးနောက် ပညာရေးဝန်ကြီးဟန်ချူအွန်နာရွန်က နိုဝင်ဘာ ၂၃ ရက်တွင် ပညာရေးကျောင်းများ ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဟု ကြေညာခဲ့သည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးကလည်း ပြတိုက်များ၊ ရုပ်ရှင်ရုံများကို ပြန်လည်ဖွင့်ခွင့်ပြုမည်ဟု ကြေညာခဲ့သည်။

**ဆင်ဟွာ**

## ဟွန်ဒူးရပ်စ်၌ ဟာရီကိန်းမုန်တိုင်း အိုင်အိုတာ ဝင်ရောက်မှုကြောင့် ပြည်သူ သုံးသိန်းကျော်ကို ကယ်ဆယ်ရွှေ့ပြောင်း



ဟာရီကိန်းမုန်တိုင်း အိုင်အိုတာကြောင့် နေအိမ်များ ထိခိုက်ပျက်စီးခဲ့မှုကို တွေ့ရစဉ်။

တီဂူဆီဂယ်လ်ပါ နိုဝင်ဘာ ၁၉

**ဟွန်ဒူးရပ်စ်၌ ဟာရီကိန်းမုန်တိုင်း အိုင်အိုတာ ဝင်ရောက်ခဲ့သည့် နောက်ဆက်တွဲသက်ရောက်မှုများကြောင့် ပြည်သူ ၃၅၇၃၃၉ ဦးထက်မနည်းကို ကယ်ဆယ်ရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ရကြောင်း အရေးပေါ်အခြေအနေဆိုင်ရာ အမြဲတမ်းကော်မရှင်က နိုဝင်ဘာ ၁၈ ရက်တွင် ပြောကြားခဲ့သည်။**

နိုဝင်ဘာ ၁၈ ရက်အစောပိုင်းတွင် အယ်လ်ဆယ်ဗေဒိုနိုင်ငံသို့ ရောက်ရှိခဲ့သည့် မုန်တိုင်းအိုင်အိုတာကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ဒေသခံပြည်သူ ၆၁၂၂၈ ဦးကို မုန်တိုင်းဒဏ်ခံ အဆောက်အအုံပေါင်း ၇၅၀ ဆီသို့ ကယ်ဆယ်ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

မုန်တိုင်းဝင်ရောက်ခဲ့မှုကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ မြစ်များနှင့် ချောင်းများတွင် ရေလျှံခဲ့ကာ တံတားနှစ်စင်းကျိုးပျက်ခဲ့ပြီး ဆက်သွယ်ရေးအခက်အခဲ ဖြစ်ပေါ်ခဲ့သည်။

ထို့ပြင် မြေပြိုမှုလေးခုအထိ ဖြစ်ပွားခဲ့ကာ လမ်းများလည်းပျက်စီးခဲ့သည့်အပြင် နေအိမ် ၇၀၇၈ လုံးအထိ ထိခိုက်ပျက်စီးခဲ့ပြီး နေအိမ်နှစ်လုံးမှာ တစ်စစီပျက်စီးခဲ့သည်။

လတ်တလောတွင် မုန်တိုင်းအိုင်အိုတာကြောင့် သေဆုံးသူမည်မျှရှိကြောင်း အရေးပေါ်အခြေအနေဆိုင်ရာ အမြဲတမ်းကော်မရှင်က ဖော်ပြခြင်းမရှိသေးပေ။

သို့ရာတွင် သဘာဝဘေးကယ်ဆယ်ရေးအေဂျင်စီများမှ ဒေသသတင်းအရင်းအမြစ်များက သေဆုံးသူသုံးဦးရှိကြောင်း ဆိုထားသည်။

မုန်တိုင်းကြောင့် အန္တရာယ်ရှိသည့် မြေပြိုမှုများ ဆက်လက်ဖြစ်ပွားနိုင်သေးသည့်အတွက် မုန်တိုင်းအန္တရာယ်သတိပေးနှိုးဆော်ချက်ကို အနီရောင်အဆင့်တွင် ဆက်လက်ထားရှိမည်ဖြစ်ကြောင်း အရေးပေါ်အခြေအနေဆိုင်ရာ ကော်မရှင်က ပြောသည်။

**ဆင်ဟွာ**

## ဩစတြေးလျတပ်ဖွဲ့ဝင်များက အာဖဂန်အရပ်သားပြည်သူ ၃၉ ဦးကို ဥပဒေမဲ့သတ်ဖြတ်ခဲ့သည့်အထောက်အထားများ ပေါ်ထွက်

**ကန်ဘာရာ နိုဝင်ဘာ ၁၉**

ဩစတြေးလျ ထိပ်တန်းစစ်ဘက်အကြီးအကဲတစ်ဦးက ၎င်း၏အထူးတပ်ဖွဲ့ဝင်များသည် အာဖဂန်အရပ်သားများနှင့် အကျဉ်းသား ၃၉ ဦးထက်မနည်းကို ဥပဒေမဲ့သတ်ဖြတ်ခဲ့သည့် သက်သေအထောက်အထားများ တွေ့ခဲ့ကြောင်း နိုဝင်ဘာ ၁၉ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ပြီး ယင်းကိစ္စကို စစ်ရာဇဝတ်မှုအဖြစ် စုံစမ်းစစ်ဆေးမှု ပြုလုပ်သွားရန် ညွှန်ကြားထားကြောင်း သိရသည်။



၂၀၀၈ ခုနှစ်က အာဖဂန်ရှိ စစ်စခန်းတစ်ခုတွင် ဩစတြေးလျတပ်ဖွဲ့ဝင်အချို့ကို တွေ့ရစဉ်။

ကင်းလှည့်တပ်ဖွဲ့ဝင်အချို့သည် ဥပဒေကို လက်တစ်လုံးခြား ပြုလုပ်မှုများရှိနေပြီး စည်းကမ်းများချိုးဖောက်ခဲ့ကြောင်း၊ လိမ်ညာလှည့်ဖြားမှုများ လုပ်ဆောင်ခဲ့ကာ အကျဉ်းသားများကို သတ်ဖြတ်ခဲ့ကြကြောင်း ဩစတြေးလျကာကွယ်ရေးတပ်ဖွဲ့ အကြီးအကဲ ဗိုလ်ချုပ်ကြီး အန်ဂတ်စ်ကမ့်ဘဲလ်က ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်၌ ဩစတြေးလျစစ်တပ်၏ လုပ်ဆောင်ချက်များအပေါ် နှစ်ရှည်လများကြာသည့်အထိ စုံစမ်းစစ်ဆေးမှုများ အပြင်းအထန်ပြုလုပ်ခဲ့ပြီးနောက် ထွက်ပေါ်လာသည့် အထောက်အထားများနှင့် ပတ်သက်၍ အန်ဂတ်စ်ကမ့်ဘဲလ်က ထိုသို့ မှတ်ချက်ချခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ကမ့်ဘဲလ်သည် ဩစတြေးလျတပ်ဖွဲ့ဝင်များ၏ လုပ်ရပ်အတွက် အာဖဂန်ပြည်သူများကို တောင်းပန်စကားဆိုခဲ့သည်။

ဥပဒေမဲ့လုပ်ဆောင်ခဲ့သည့် ပြစ်မှုပေါင်း ၂၃ ခုအတွက် ဩစတြေးလျအထူးတပ်ဖွဲ့ဝင် ၂၅ ဦးအထိ တရားစွဲဆိုခံထားရကြောင်းနှင့် ယင်းကိစ္စကြောင့် ဩစတြေးလျနိုင်ငံနှင့် ဩစတြေးလျစစ်တပ်၏ပုံရိပ် စွန်းထင်းရကြောင်း ၎င်းက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## ဖိလစ်ပိုင်၌ ကလေးသူငယ်များ အကြမ်းဖက်ခံရမှုနှင့် စွန့်ပစ်ခံရမှု ပိုများလာ

**စူဗာ နိုဝင်ဘာ ၁၉**

ဖီဂျီ၌ ပြီးခဲ့သည့်နှစ်အတွင်း ကလေးသူငယ်များ အကြမ်းဖက်ခံရမှုနှင့် စွန့်ပစ်ခံရသည့်ဖြစ်ရပ်ပေါင်း ၁၄၅၂ ဦးအထိ ဖြစ်ပွားခဲ့ကြောင်း ဖီဂျီဝန်ကြီးက နိုဝင်ဘာ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

ဖီဂျီ၌ ကလေးငယ်များ အကြမ်းဖက်ခံရမှုနှင့် စွန့်ပစ်မှုအပေါ် ကိုင်တွယ်ဖြေရှင်းရန် လမ်းညွှန်ချက်တစ်ရပ် ထုတ်ပြန်ထားချိန်မှာပင် ယင်းဖြစ်ရပ်များ ပိုမိုတိုးပွားလာနေသည့်အတွက် ကလေးများ၏ မိဘများနှင့် ၎င်းတို့၏ကလေးငယ်များကို ပြုစုစောင့်ရှောက်သူများအနေဖြင့် ကလေးငယ်များအား ကာကွယ်စောင့်ရှောက်သည့် နည်းလမ်းများကို ပိုမိုတီထွင်ကြံဆရန် လိုအပ်လာပြီဖြစ်ကြောင်း ကလေးငယ်များ လူမှုဘဝ ဖူလုံရေးနှင့် ဆင်းရဲမှုပပျောက်ရေးဝန်ကြီး မီရီစီနီ ဗူနီဝါကွာက ပြောကြားခဲ့သည်။

ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ကလေးငယ်များ အကြမ်းဖက်ခံရမှုနှင့် စွန့်ပစ်ခံရမှု ၈၇၀ အထိ ဖြစ်ပွားခဲ့သည်။ ဖြစ်ရပ်အများစုမှာ ကြီးကြပ်စောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှုမရရှိမှု၊ အစားအသောက်နှင့် ခိုလှုံရာနေရာ မရရှိမှု၊ ကလေးငယ်များအား ရုပ်ပိုင်းဆိုင်ရာ အနိုင်ကျင့်နှိပ်စက်မှုနှင့် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုများ ဖြစ်ပွားခဲ့ကြောင်း ၎င်းက ပြောသည်။

**ဆင်ဟွာ**

## တိုကျိုမြို့၌ ကိုဗစ်- ၁၉ ကူးစက်မှု သတိပေးချက်အဆင့်ကို အမြင့်ဆုံးထားရှိ

**တိုကျို နိုဝင်ဘာ ၁၉**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ နိုဝင်ဘာ ၁၉ ရက်တွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ ၅၀၀ အထိ စစ်ဆေးတွေ့ရှိခဲ့ကြောင်း အာဏာပိုင်များက အတည်ပြုပြောကြားခဲ့ရာ ယင်းပမာဏသည် တိုကျို၌ တစ်ရက်အတွင်း ရောဂါကူးစက်မှု အများဆုံးတွေ့ရှိမှုဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ အာဏာပိုင်များက ကိုဗစ်- ၁၉ ကူးစက်မှု သတိပေးချက်အဆင့်လေးဆင့် အနက် အမြင့်ဆုံးသတိပေးချက်အဆင့် ထားရှိခဲ့သည်။

ဂျပန်တစ်နိုင်ငံလုံး၌ နိုဝင်ဘာ ၁၉ ရက်တွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ အရေအတွက်မှာ ၂၂၀၈ ဦး ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း ရောဂါထပ်မံကူးစက်ခံရသူ ၂၀၀၀ ကျော်တွေ့ရှိသည်မှာ နှစ်ရက်ဆက်တိုက်ရှိပြီ ဖြစ်သည်။

ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေနှင့်ပတ်သက်၍ ဆွေးနွေးရန် တိုကျိုအာဏာပိုင်များနှင့် ကူးစက်ရောဂါဆိုင်ရာ ကျွမ်းကျင်သူများသည် နိုဝင်ဘာ ၁၉ ရက်တွင် တွေ့ဆုံခဲ့ကြကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၂၅၀၀၀၀ ကျော်ပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်ဖော်ပြ

**ဝါရှင်တန် နိုဝင်ဘာ ၁၉**

အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်- ၁၉ ကူးစက်ခံရမှုကြောင့် သေဆုံးသူ အရေအတွက်မှာ ၂၅၀၀၀၀ ကျော်အထိ ရောက်ရှိသွားပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ် သိပ္ပံနှင့်နည်းပညာစင်တာက ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

အမေရိကန် တစ်နိုင်ငံလုံးရှိ ကိုဗစ်-၁၉ ကူးစက်ခံရသည့် အတည်ပြုလူနာအရေအတွက် စုစုပေါင်း ၁၁ ဒသမ ၄ သန်းကျော်ပြီဖြစ်ပြီး ရောဂါကြောင့် သေဆုံးသူအရေအတွက် ၂၅၀၁၂၉ ဦးအထိ ရောက်ရှိခဲ့ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်က ဖော်ပြသည်။

နယူးယောက်ပြည်နယ်၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက် စုစုပေါင်း ၃၄၁၇၃ ဦးအထိ ရှိခဲ့ကာ သေဆုံးမှုအများဆုံးပြည်နယ်အဖြစ် စံချိန်တင်ခဲ့သည်။

နိုင်ငံအတွင်း ဒုတိယသေဆုံးမှု အများဆုံးပြည်နယ်မှာ တက္ကဆက်ပြည်နယ်ဖြစ်သည်။ ကယ်လီဖိုးနီးယားပြည်နယ်၊ ဖလော်ရီဒါနှင့် နယူးဂျာစီ ပြည်နယ်များတွင် သေဆုံးသူအရေအတွက် စုစုပေါင်း ၁၆၀၀၀ ကျော်အထိ ရှိခဲ့သည်။

သေဆုံးသူ ၉၀၀၀ ကျော်ရှိသည့် ပြည်နယ်များတွင် အီလီနွိုက်ပြည်နယ်၊ ပင်ဆေဗေးလ်နီးယားပြည်နယ်နှင့် မက်ဆာချူးဆက်ပြည်နယ်များ ပါဝင်သည်။



အမေရိကန်ပြည်ထောင်စု၌ ယာဉ်မောင်းသူတစ်ဦးကို ကိုဗစ်- ၁၉ စစ်ဆေးခြင်းဆောင်ရွက်နေစဉ်။

အမေရိကန် ပြည်ထောင်စု၌ ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူအရေအတွက်သည် တစ်ကမ္ဘာလုံးရှိ သေဆုံးသူအရေအတွက် စုစုပေါင်း၏ ၁၈ ရာခိုင်နှုန်းဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်က ဖော်ပြသည်။

**ဆင်ဟွာ**

# အခြေခံကျန်းမာရေးကောင်းဖို့ အရေးကြီး



မကြာခင်ကာလမှာ ရုပ်မြင်သံကြားကနေတစ်ဆင့် အွန်လိုင်းကနေပြီး ကျန်းမာရေးကောင်းဖို့အတွက် ရည်ရွယ်ထားတဲ့ အကပြိုင်ပွဲတွေလည်းလုပ်ဖို့ စီစဉ်နေပါတယ်။ ပြည်သူတွေအနေနဲ့ အကတော်ရင် ဆုလည်း ရနိုင်တယ်။ ဒါလုပ်ခြင်းအားဖြင့် စိတ်သက်သာမှုလည်း ရနိုင်တယ်။ ကျန်းမာရေးလည်း ပိုပြီးတိုးတက်နိုင်ပါတယ်။ ကိုဗစ်ရောဂါနဲ့ပတ်သက်လို့ ကျွန်မ အကြိမ်ကြိမ်အခါခါ ပြောပါတယ်။ အခြေခံကျန်းမာရေး ကောင်းတဲ့ ပုဂ္ဂိုလ်များဟာ ဒီရောဂါရရင်တောင်မှ သိပ်ပြီး ပြင်းပြင်းထန်ထန် မခံစားရပါဘူး။ ဒါကြောင့် အခြေခံကျန်းမာရေးကောင်းဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့ နိုင်ငံမှာသာမက တခြားနိုင်ငံတွေမှာလည်း အခုတွေ့လာရတာတော့ ဆီးချိုရောဂါသည်များဟာ ကိုဗစ်ရောဂါကို သိပ်ပြီးတော့ သတိထားရပါလိမ့်မယ်။ ဆီးချိုရောဂါအခံရှိတယ်ဆိုရင် ကိုဗစ်ရောဂါရတဲ့အခါ ပြင်းထန်တတ်ပါတယ်။ ကျွန်မတို့ နိုင်ငံမှာ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိတဲ့ပြည်သူတွေ တော်တော်များပါတယ်။ ဒါကတော့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အားနည်းချက်တွေ ရှိခဲ့လို့ပါ။ ကျွန်မတို့ ဒါတွေကိုလည်း ပြုပြင်ပြောင်းလဲဖို့ လုပ်နေပါတယ်။ ဒါပေမယ့် ဒီလို အခြေခံကျန်းမာရေး ကောင်းတယ်ဆိုတာ နေ့ချင်း၊ ညချင်း မဖြစ်သွားပါဘူး။ နှစ်ပေါင်းများစွာ။ ပြောရမယ်ဆိုရင် အမိဝမ်းတွင်းကတည်းက စတယ်လို့တောင် ပြောလို့ရပါတယ်။ ဒါကြောင့် ကိုယ်ဝန်ဆောင်မိခင်များကို ကလေးသန္ဓေတည်တာနဲ့စပြီးတော့ ဂရုစိုက်ရတယ်။ ကလေးလွတ်တဲ့အထိ အထူးဂရုစိုက်ပြီးတော့ ပံ့ပိုးတာတွေ လုပ်နေတာဖြစ်ပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၁၆–၁၁–၂၀၂၀ ရက်နေ့တွင် ပြည်သူများသို့ အစီရင်ခံတင်ပြသော ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်းသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့တွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းအား ကိုဗစ်-၁၉ အလွန်တွင် ဖွင့်လှစ်ရန် စီစဉ်ထား

**နေပြည်တော် နိုဝင်ဘာ ၁၉**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်မြင့်သည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရှမ်းပြည်နယ်တောင်ပိုင်း မြို့နယ်များရှိ တိုင်းရင်းသား လူငယ်များအတွက် အသက်မွေးဝမ်းကျောင်း ပြုနိုင်မည့် သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးနိုင်ရေး ရည်ရွယ်၍ ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်နှင့် စက်ပြင်သင်တန်းနှင့် လက်ကိုင်ဖုန်းပြင် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန် ဆောင်ရွက်ထားသည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း (အောင်ပန်း) သို့ ရောက်ရှိပြီး လေးထပ် အလုပ်ရုံ စာသင်ခန်းမ၊ သုံးထပ် သင်တန်းသား အိပ်ဆောင်၊ လေးခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာ၊ စတိုဆောင်နှင့် ထမင်းချက်ဆောင်တို့ အသင့်ပြင်ဆင်ထားမှု အခြေအနေများနှင့် သင်တန်းအလိုက် သင်ထောက်ကူပစ္စည်းများ ၊ လက်တွေ့ခန်းသုံးပစ္စည်းများဖြင့် သင်ကြားပေးရန် ဆောင်ရွက်ထားမှုများအား ကြည့်ရှုစစ်ဆေးပြီး ကိုဗစ်-၁၉ ကာလအလွန် သင်တန်းကျောင်း ဖွင့်ပွဲပြုလုပ်၍ သင်တန်းများ ဖွင့်လှစ်နိုင်ရေး လိုအပ်သည်များ စီမံဆောင်ရွက်ပေးသည်။



စက်မှုလက်မှုပညာသင်တန်းကျောင်း (အောင်ပန်း) ကို တွေ့ရစဉ်။

ကိုဗစ်–၁၉ ရောဂါ ပြန့်ပွားမှု ထိန်းချုပ်နိုင်ပြီး သင်တန်းများ ဖွင့်လှစ်ရန် ခွင့်ပြုမိန့်များ ရရှိသည်နှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများ ပြန်လည်ဖွင့်လှစ်မည့် စက်မှုလက်မှုသင်တန်းကျောင်း ရှစ်ကျောင်းတို့တွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်းနှင့် ဖွင့်လှစ်ပြီး စက်မှုလက်မှုသင်တန်းကျောင်းတို့မှ ယနေ့ထိ ၅၅၀၄ ဦး သင်တန်းဆင်းပေးနိုင်ခဲ့ပြီး အလုပ်အကိုင်ရရှိသူ ၂၁၈၇ ဦး ရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၃၉ ဒသမ ၇၃ ရာခိုင်နှုန်း အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခဲ့၍ ယခုအောင်ပန်း စက်မှုလက်မှု သင်တန်းကျောင်း ဖွင့်လှစ်နိုင်ပါက ရှမ်းပြည်နယ် တောင်ပိုင်းမှ တိုင်းရင်းသားများအတွက် အလုပ်အကိုင်များ ပိုမိုဖန်တီးပေးနိုင်မည် ဖြစ်သည်။

ထို့အတူ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၄၆ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယနေ့အထိ အိမ်တွင်းမှုသင်တန်းသူ ၈၁၂၀၆ ဦးနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသား/သူ ၆၀၀၊ စုစုပေါင်း ၈၁၈၀၆ ဦး သင်တန်းဆင်းပေးနိုင်ခဲ့ပြီး အလုပ်အကိုင်ရရှိသူ ၄၁၂၁၅ ဦး ရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၄၄ ဒသမ ၉၀ ရာခိုင်နှုန်း အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်ခဲ့သည်။

ထိုသို့ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်ခဲ့ခြင်းအားဖြင့် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Technical and Vocational Education and Training (TVET) နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး လုပ်ငန်းစဉ်များ ပိုမိုအောင်မြင်မှု ရရှိစေမည်ဖြစ်ပြီး လူမှုစီးပွားဘဝ မြှင့်တင်ပေးနိုင်ရေး အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မိုင်းခတ်မြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စု ၁၄၄ စုအား စတုတ္ထအကြိမ် ထောက်ပံ့ငွေ ပေးအပ်

**မိုင်းခတ် နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းခတ်မြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား နိုင်ငံတော်က တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် နိုဝင်ဘာ ၁၈ နေ့မှစတင်၍ မြို့ပေါ်ရပ်ကွက် နှစ်ရပ်ကွက်နှင့် ကျေးရွာအတွင်းရှိ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများအား စတုတ္ထအကြိမ် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထောက်ပံ့ငွေများ ပေးအပ်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေး စာရေးများက မြို့ပေါ်ရပ်ကွက် နှစ်ရပ်ကွက်၊ မိုင်းနွန်း၊ ဝမ်ခုတ်၊ ဝမ်ပင်း၊ ဝမ်အွန်၊ တုံဖကော်၊ ဖာလန်ကော်၊ နောင်လုံး၊ မိုင်းကာနှင့် ပါပွန်းကျေးရွာအုပ်စုများရှိ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စုမျာအား အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်သည်။

မိုင်းခတ်မြို့နယ်တွင် အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၁၄၄ စု၊ လူဦးရေ စုစုပေါင်း ၄၉၇ ဦး ရှိပြီး တာဝန်ရှိသူများက အိမ်ထောင်စုများရှိရာသို့ အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**မိုးဒေ (ပြန်/ဆက်)**



## ကိုဗစ်–၁၉ ရောဂါကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၉-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၅:၀၀)နာရီ

၁။ (၁၈-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ(၁၅၉၂)ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာ | ၈၂ |
| | | မင်္ဂလာဒုံ | ၇၅ |
| | | မြောက်ဥက္ကလာပ | ၇၁ |
| | | ကမာရွတ်* | ၅၈ |
| | | တာမွေ | ၅၈ |
| | | အင်းစိန် | ၅၄ |
| | | သဃ်န်းကျွန်း | ၅၀ |
| | | ရွှေပြည်သာ | ၄၅ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၄၁ |
| | | သန်လျင် | ၃၄ |
| | | တောင်ဥက္ကလာပ | ၃၂ |
| | | ရန်ကင်း | ၂၈ |
| | | လှိုင် | ၂၇ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၂၆ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂၄ |
| | | သာကေတ | ၂၂ |
| | | မှော်ဘီ | ၂၁ |
| | | လမ်းမတော် | ၁၉ |
| | | မင်္ဂလာတောင်ညွန့် | ၁၇ |
| | | ဒလ | ၁၅ |
| | | ကျောက်တန်း | ၁၄ |
| | | မရမ်းကုန်း | ၁၃ |
| | | ဗဟန်း | ၁၃ |
| | | ဗိုလ်တထောင် | ၁၁ |
| | | ဒဂုံဆိပ်ကမ်း | ၉ |
| | | လှည်းကူး | ၉ |
| | | လသာ | ၈ |
| | | ထန်းတပင် | ၆ |
| | | တိုက်ကြီး | ၆ |
| | | ကျောက်တံတား | ၆ |
| | | ပုဇွန်တောင် | ၆ |
| | | စမ်းချောင်း | ၅ |
| | | ဒေါပုံ | ၅ |
| | | တွံတေး | ၅ |
| | | ခရမ်း | ၄ |
| | | ပန်းဘဲတန်း | ၄ |
| | | ကြည့်မြင်တိုင် | ၃ |
| | | ဒဂုံ | ၃ |
| | | ကွမ်းခြံကုန်း | ၃ |
| | | သုံးခွ | ၂ |
| | | ဆိပ်ကြီးခနောင်တို | ၁ |
| | | စုစုပေါင်း | ၉၃၅ |
| ၂။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၉၂ |
| | | ကျောက်တံခါး | ၁၉ |
| | | ဝေါ | ၁၆ |
| | | သာယာဝတီ | ၁၅ |
| | | ဖြူး | ၁၁ |
| | | တောင်ငူ | ၁၀ |
| | | ရေတာရှည် | ၇ |
| | | မင်းလှ | ၇ |
| | | ပန်းတောင်း | ၇ |
| | | ကြို့ပင်ကောက် | ၅ |
| | | ဒိုက်ဦး (ဒိုက်ကုန်း?) | ၅ |
| | | အုတ်ဖို | ၃ |
| | | ညောင်လေးပင် | ၃ |
| | | ပြည် | ၃ |
| | | ရွှေတောင် | ၂ |
| | | ကဝ | ၁ |
| | | ဒိုက်ဦး | ၁ |
| | | စုစုပေါင်း | ၂၀၇ |
| ၃။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံ | ၆၀ |
| | | အောင်မြေသာစံ | ၂၄ |
| | | မဟာအောင်မြေ | ၂၄ |
| | | အမရပူရ | ၂၁ |
| | | ချမ်းမြသာစည် | ၁၈ |
| | | ပုသိမ်ကြီး | ၉ |
| | | သာစည် | ၄ |
| | | ရမည်းသင်း | ၄ |
| | | မိတ္ထီလာ | ၃ |
| | | ပြည်ကြီးတံခွန် | ၂ |
| | | မလှိုင် | ၂ |
| | | တောင်သာ | ၁ |
| | | ကျောက်ပန်းတောင်း | ၁ |
| | | ပျော်ဘွယ် | ၁ |
| | | သပိတ်ကျင်း | ၁ |
| | | စုစုပေါင်း | ၁၇၅ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ဝါးခယ်မ | ၄၂ |
| | | ကျိုက်လတ် | ၂၃ |
| | | ကျုံပျော် | ၂၃ |
| | | ဒေးဒရဲ | ၈ |
| | | ဖျာပုံ | ၆ |
| | | ရေကြည် | ၆ |
| | | ဘိုကလေး | ၅ |
| | | မြောင်းမြ | ၄ |
| | | မော်လမြိုင်ကျွန်း | ၃ |
| | | ကျောင်းကုန်း | ၃ |
| | | ပန်းတနော် | ၂ |
| | | ဟင်္သာတ | ၂ |
| | | မအူပင် | ၂ |
| | | လပွတ္တာ | ၁ |
| | | ပုသိမ် | ၁ |
| | | စုစုပေါင်း | ၁၃၁ |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၂၀ |
| | | သရက်ချောင်း | ၃ |
| | | ကော့သောင်း | ၃ |
| | | ထားဝယ် | ၁ |
| | | စုစုပေါင်း | ၂၇ |
| ၆။ | ကရင်ပြည်နယ် | ကော့ကရိတ် | ၈ |
| | | ဘားအံ | ၈ |
| | | မြဝတီ | ၄ |
| | | လှိုင်းဘွဲ့ | ၂ |
| | | ကြာအင်းဆိပ်ကြီး | ၁ |
| | | စုစုပေါင်း | ၂၃ |
| ၇။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ၆ |
| | | မင်းဘူး | ၅ |
| | | ရေနံချောင်း | ၄ |
| | | ပခုက္ကူ | ၃ |
| | | ဂန့်ဂေါ | ၂ |
| | | မြိုင် | ၁ |
| | | ရေစကြို | ၁ |
| | | နတ်မောက် | ၁ |
| | | စုစုပေါင်း | ၂၃ |
| ၈။ | ရခိုင်ပြည်နယ် | ရသေ့တောင် | ၈ |
| | | ကျောက်ဖြူ | ၇ |
| | | မြေပုံ | ၄ |
| | | ဘူးသီးတောင် | ၂ |
| | | စုစုပေါင်း | ၂၁ |
| ၉။ | ရှမ်းပြည်နယ် | တောင်ကြီး | ၉ |
| | | ရွာင် | ၂ |
| | | မူဆယ် | ၂ |
| | | ကျေးသီး | ၁ |
| | | ဟိုပုံး | ၁ |
| | | ရပ်စောက် | ၁ |
| | | ညောင်ရွှေ | ၁ |
| | | ပင်လောင်း | ၁ |
| | | သီပေါ | ၁ |
| | | လားရှိုး | ၁ |
| | | စုစုပေါင်း | ၂၀ |
| ၁၀။ | မွန်ပြည်နယ် | သထုံ | ၈ |
| | | ကျိုက်ထို | ၃ |
| | | ပေါင် | ၁ |
| | | စုစုပေါင်း | ၁၂ |
| ၁၁။ | စစ်ကိုင်းတိုင်းဒေသကြီး | တန့်ဆည် | ၃ |
| | | ချောင်းဦး | ၁ |
| | | ကလေး | ၁ |
| | | မုံရွာ | ၁ |
| | | ရေဦး | ၁ |
| | | စုစုပေါင်း | ၇ |
| ၁၂။ | နေပြည်တော် | ပျဉ်းမနား | ၂ |
| | | လယ်ဝေး | ၁ |
| | | တပ်ကုန်း | ၁ |
| | | ဇေယျာသီရိ | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၃။ | ကချင်ပြည်နယ် | မိုးကောင်း | ၂ |
| | | မိုးညှင်း | ၂ |
| | | ဗန်းမော် | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၄။ | ချင်းပြည်နယ် | တီးတိန် | ၁ |
| | | စုစုပေါင်း | ၁ |
| | (၁၈-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၅၉၂) ဦး |

* ကမာရွတ်မြို့နယ်မှ (၁၀)ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာပြီး အသွားအလာကန့်သတ်ထားရှိသူများဖြစ်ပါသည်။

မှတ်ချက်။ (၁၈-၁၁-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ(၁၅၉၂)ဦးတွင် အနံ့မရရှိသူ (၃၅၀)ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## “မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်”

တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ "နေအိမ်တွင်သာ နေထိုင်ရေး အစီအစဉ် (Stay at home)" တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသောမြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **“COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)”** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့်နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေ တပ်ဆင်ရေးအတွက် အသိပေး စည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေး ပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေခြင်း တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံးပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## “စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်း” (၂၈)ကြိမ်မြောက် စုပေါင်းသွေးလှူပွဲ COVID -19 စည်းမျဉ်းများနှင့်အညီ စနစ်တကျ ပြုလုပ်မည်

နေပြည်တော် နိုဝင်ဘာ ၁၉

“စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်း” က ကြီးမှူးပြုလုပ်မည့် (၂၈)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်)၌ ၂၀၂၀ နိုဝင်ဘာလ (၂၇ /၂၈ / ၃၀) ရက်နေ့များတွင် နံနက် ၇ နာရီခွဲမှ ညနေ ၅ နာရီထိ COVID-19 စည်းမျဉ်းများနှင့်အညီ စနစ်တကျပြုလုပ်မည်ဖြစ်ပါသဖြင့် မည်သူမဆို ကြွရောက်သွေးလှူဒါန်းနိုင်ပါကြောင်းနှင့် သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေး ထောက်ပံ့မှုများအပြင် “စန်းမောင်မြင့် သွေးဖောင်ဒေးရှင်း” မှ အမှတ်တရ လက်ဆောင်များ (ထီးကြီး၊ ခရီးဆောင်လက်ဆွဲအိတ်၊ 100% Cotton Sport Shirt၊ အခုရေ ၅၀ ပါ နှာခေါင်းစည်း တစ်ဘူး၊ လက်သန့်ဆေးရည် နှစ်ဘူး၊ Taxi ကားခ ၅၀၀၀) တို့ဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်ပြီး သွေးလှူဒါန်းမည့်သူများအနေဖြင့် “စန်းမောင်မြင့် သွေးဖောင်ဒေးရှင်း” 09 449 253 767, 09 69 51 355 15 ဖုန်းနံပါတ်များသို့ စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၅၆၀ တွေ့ရှိ

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၉–၁၁–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၈–၁၁–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉–၁၁–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၇,၉၅၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၅၆၀) ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၉–၁၁–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂,၀၀၃) ခု | (၃၁၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၉၃) ခု | (၃၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၃၅၅) ခု | (၅၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၂၂၂) ခု | - |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၂၄၆) ခု | - |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၉၂) ခု | (၂၅) ဦး |
| ရန်ကုန်မြို့ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၉၅) ခု | (၃) ဦး |
| စစ်တွေမြို့ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၆) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၈၇) ခု | (၃၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၆၃) ခု | (၂၉၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၀၈၂) ခု | (၇၉၅) ဦး |
| **စုစုပေါင်း** | **(၁၇,၉၅၄) ခု** | **(၁,၅၆၀) ဦး** |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

**မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**

**(၁၉–၁၁–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၇,၉၅၄) ဦး | (၉၆၉,၂၆၈) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၅၆၀) ဦး | (၇၄,၈၈၂) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၈၆၉) ဦး | (၅၅,၆၃၃) ဦး |
| သေဆုံးလူနာ | (၂၆) ဦး | (၁,၆၇၆) ဦး |

- ယနေ့ **သေဆုံးသူ (၂၆) ဦး**အနက် ရောဂါအခံရှိသူ (၂၁) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၈၆၉) ဦးတွင်–
    - ပြည်သူ့ဆေးရုံများ – (၂၅၇) ဦး
    - COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၆၁၂) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲ အတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၆၇၉) ဦးတွင်–
    - Hotel Quarantine – (၄၈၇) ဦး
    - Facility Quarantine – (၂၄၇) ဦး
    - Community Based Facility Quarantine – (၈၈၈) ဦး
    - Anosmia Center – (၅၇) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ၁၉-၁၁-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၁၈၇၆၂၄၀ | ၇၁၆၈၄၈၂ | ၂၅၆၃၁၁ |
| ၂။ | အိန္ဒိယ | ၈၉၆၀၀၉၈ | ၈၃၈၃၆၀၂ | ၁၃၁၆၃၉ |
| ၃။ | ဘရာဇီး | ၅၉၄၇၄၀၃ | ၅၃၈၉၈၆၃ | ၁၆၇၄၉၇ |
| ၄။ | ပြင်သစ် | ၂၀၆၅၁၃၈ | ၁၄၅၃၉၁ | ၄၆၆၉၈ |
| ၅။ | ရုရှား | ၂၀၁၅၆၀၈ | ၁၅၂၆၆၅၆ | ၃၄၈၅၀ |
| ၆။ | စပိန် | ၁၅၄၂၄၆၇ | စိစစ်ဆဲ | ၄၂၀၃၉ |
| ၇။ | ဗြိတိန် | ၁၄၃၀၃၄၁ | စိစစ်ဆဲ | ၅၃၂၇၄ |
| ၈။ | အာဂျင်တီးနား | ၁၃၃၉၃၃၇ | ၁၁၅၆၄၇၄ | ၃၆၃၄၇ |
| ၉။ | အီတလီ | ၁၂၇၂၃၅၂ | ၄၈၁၉၆၇ | ၄၇၂၁၇ |
| ၁၀။ | ကိုလံဘီယာ | ၁၂၁၈၀၀၃ | ၁၁၂၅၁၈၄ | ၃၄၅၆၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၉– ၁၁ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၈၃၅၁၈ | ၄၀၆၆၁၂ | ၁၅၆၀၀ |
| ဖိလစ်ပိုင် | ၄၁၃၄၃၀ | ၃၇၄၉၃၉ | ၇၉၉၈ |
| မြန်မာ | ၇၄၈၈၂ | ၅၅၆၃၃ | ၁၆၇၆ |
| စင်ကာပူ | ၅၈၁၃၉ | ၅၈၀၄၆ | ၂၈ |
| မလေးရှား | ၅၁၆၈၀ | ၃၈၁၃၂ | ၃၂၆ |
| ထိုင်း | ၃၈၈၈ | ၃၇၄၂ | ၆၀ |
| ဗီယက်နမ် | ၁၃၀၀ | ၁၁၂၄ | ၃၅ |
| ကမ္ဘောဒီးယား | ၃၀၄ | ၂၉၁ | ၀ |
| ဘရူနိုင်း | ၁၄၈ | ၁၄၅ | ၃ |
| လာအို | ၂၅ | ၂၃ | ၀ |

## COVID–19 ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရန် ပြည်သူများ နေအိမ်တွင်နေထိုင်ရေး ပန်ကြားချက်

**(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၉ ရက်)**

မြန်မာနိုင်ငံတွင် (၁၈–၁၁–၂၀၂၀)ရက်နေ့၊ ည(၈:၀၀)နာရီအချိန်အထိ COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း(၇၃,၃၂၂)ဦး တွေ့ရှိခဲ့ပြီး ဆေးရုံတက်လူနာများ၏ (၇၅)ရာခိုင်နှုန်းသည် ဆေးရုံဆင်းခွင့်ရရှိကာ သေဆုံးသူစုစုပေါင်း (၁,၆၅၀)ဦး ရှိခဲ့ပါသည်။

လက်ရှိမြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေမှာ ဆောင်းရာသီသို့ စတင်ကူးပြောင်းချိန်ဖြစ်ပြီး သဘာဝအားဖြင့် ဗိုင်းရပ်စ်ရောဂါပိုးများအတွက် ရောဂါကူးစက်ပြန့်ပွားမှုကို ပိုမိုဖြစ်စေနိုင်သော ကာလဖြစ်သည့်အပြင် မကြာခင် ရောက်ရှိလာမည့် ပွင့်လင်းရာသီအချိန်များနှင့် အများပြည်သူ ရုံးပိတ်ရက်ရှည်များတွင် ပြည်သူလူထုအနေဖြင့် ခရီးသွားလာခြင်းများပြုပါက ရောဂါပိုးကူးစက်မှုများ ပိုမိုပြန့်ပွားစေနိုင်ပါသည်။

၎င်းအပြင် (၂၀၂၀)ပြည့်နှစ်၊ နိုဝင်ဘာလ (၈)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အထွေထွေရွေးကောက်ပွဲအကြိုကာလနှင့် ရွေးကောက်ပွဲနောက်ပိုင်း ဖြစ်ပေါ်ခဲ့သော လူစုလူဝေးများကြောင့် ရောဂါကူးစက်ဖြစ်ပွားမှု တိုးမြင့်ခြင်း ရှိ/မရှိ စောင့်ကြပ်ကြည့်ရှု ကာကွယ်ထိန်းချုပ်ခြင်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည့်အပြင် အထူးအစီအစဉ်အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ ဦးဆောင်၍ မျက်နှာနှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)ဖြင့် မျက်နှာနှင့် နှာခေါင်းစည်း၊ မျက်နှာအကာနှင့် လက်ကမ်းစာစောင်များ အခမဲ့ပေးဝေခြင်း၊ လက်ကိုင်အသံချဲ့စက်များဖြင့် အသိပညာပေးခြင်းတို့ကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအတွင်း COVID–19 ရောဂါ ပိုမိုကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် ပြည်သူလူထုအနေဖြင့် မလိုအပ်ဘဲ ခရီးသွားလာခြင်း၊ လူစုလူဝေးပြုလုပ်ခြင်း စသည်တို့ကို ဆောင်ရွက်ခြင်းမပြုဘဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်နှင့် မိမိတို့၏နေထိုင်ရာ နေအိမ်များတွင်သာ တတ်နိုင်သမျှနေထိုင်ကြရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရCoronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ သတင်းထုတ်ပြန်ချက် (၁၁/၂၀၂၀)

*ယမန်နေ့မှအဆက်*

| စဉ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|
| ၅၇ | သိန္ဓိအောင် ငါးဖမ်းလုပ်ငန်း | အမှတ်(၁၉)၊ ၁၀ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန် |
| ၅၈ | ဦးထွန်းထွန်း ငါးမွေးမြူရေးလုပ်ငန်း | ကွင်းအမှတ် (၃၅၆)၊ ကျွန်းဦးကျေးရွာအုပ်စု၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉ | ဦးမြလှိုင် ငါးပိကြိတ်လုပ်ငန်းနှင့် ကမ်းဝေးငါးဖမ်းလုပ်ငန်း | အမှတ်(၁) ရပ်ကွက်၊ နောက်မီးကျေးရွာ၊ အမာမြို့၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း |
| ၆၀ | MIN LATT COMPANY LIMITED | No.63, 29 St., First Floor (R), Pabedan, Yangon 11141, Myanmar |
| ၆၁ | ရတနာ (ကင်းမွန်) ငါးဖမ်း | အမှတ်(147)၊ ငြိမ်းချမ်းရေး (၂) လမ်း၊ ရေပုန်းရပ်၊ မြိတ်မြို့ |
| ၆၂ | ဦးမြစံ ကမ်းဝေးငါးဖမ်း လုပ်ငန်း | ကြံတောကွက်သစ်ရပ်၊ မြိတ်မြို့ |
| ၆၃ | ဦးအောင်မိုး ရေလုပ်ငန်း (ငါးဖမ်း) | ဘုရားကိုးဆူရပ်၊ မြိတ်မြို့ |
| ၆၄ | နိုင် မိသားစု မွေးမြူရေးလုပ်ငန်း | အမှတ်(၈၉)၊ ပန်းတိုင်ကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၅ | ဦးဝင်းကိုကို ရေလုပ်ငန်း (ငါးဖမ်း) | မြစ်ငယ်ရပ်၊ မြိတ်မြို့ |
| ၆၆ | ကောင်းထက်ရွှေရည် မွေးမြူရေးခြံ | နဝဒေးရပ်ကွက်၊ သဇင်လှနယ်မြေ၊ ပြည်မြို့၊ ပဲခူးတိုင်းအနောက်ခြမ်း |
| ၆၇ | ရွှေတောင် မုန့်လုပ်ငန်း | ၂/၅၆၊ ကန်တော်ကြီးလမ်း၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ ကလေးမြို့ |
| ၆၈ | ဦးဝင်းမြင့် ရေလုပ်ငန်း (ငါးဖမ်း) | ကွက်သစ်ရပ်၊ မြိတ်မြို့ |
| ၆၉ | ရဲရင့်ထွန်း ဆန်စက် | အမှတ်(၆/၂)၊ သက်န်းကြီးကားလမ်း၊ (၁)ရပ်ကွက်၊ လပွတ္တာမြို့ |
| ၇၀ | ဦးမြင့်ဇော်အောင် (ကန်သာယာ နေလှန်းဆားကြမ်း ထုတ်လုပ်ငန်း) | အုတ်ဖိုကျေးရွာ၊ သက္ကယ်သောင်တိုက်နယ်၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၇၁ | ဦးတင်သိန်း (ဆားလုပ်ငန်း) | မကျီးပင်တိုက်နယ်၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်း |
| ၇၂ | အောင်မင်္ဂလာ ဆန်စက်နှင့် ဆန်စပါးပွဲရုံလုပ်ငန်း | ဘုရားပျိုလမ်း၊ ညောင်ပင်သာရပ်ကွက်၊ ဝေါမြို့ |
| ၇၃ | ရွှေဆင်မင်း ဂျုံအမှုန့်ကြိတ်လုပ်ငန်း | လလ-၇၇/၃+၄/၁၉+၂၀၊ ၄၇ x ၄၈ ကြား၊ မက္ခရာလမ်း၊ စက်မှုဇုန် ၂၊ ပြည်ကြီးတံခွန်မြို့နယ် |
| ၇၄ | ဦးခင်မောင်ငွေ ရေခဲစက် | ဇရပ်ကွင်းကျေးရွာ၊ သပိတ်ကျေးမြို့ |
| ၇၅ | ငွေသောင်ယံ ဆားကြိတ်လုပ်ငန်း | ၄၅၃(က)၊ စဦ့အိုးဖိုလမ်း၊ အမှတ်(၁)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၇၆ | မိဘမေတ္တာ ဆန်စက်နှင့် ဆန်ပွဲရုံ | ကန်ပတ်လမ်း၊ (၁၁) ရပ်ကွက်၊ တောင်ငူမြို့ |
| ၇၇ | ဦးဝင်းနိုင် ဆားလုပ်ငန်း | ကောက်ကွေ့အရှေ့ကွင်း၊ မကျီးပင်ကျေးရွာ၊ ငပုတောမြို့နယ် |
| ၇၈ | ဦးလှဝင်း နေလှန်းဆား ထုတ်လုပ်ရေး | ငပုတောမြို့နယ်၊ ကညင်ချောင်းအုပ်စု၊ မဲခရဲတိုက်နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၇၉ | ဒေါ်ကေစီမေ ဥစားကြက် မွေးမြူရေးလုပ်ငန်း | အမှတ်(၅၆) ၄၆/၁၅ ရပ်ကွက်(၂) အေးသာယာမြို့၊ ရှမ်းပြည်နယ် |
| ၈၀ | ဦးစိုးညီညီ (မွေးမြူရေးလုပ်ငန်း) | မြင်းကဆိပ်ကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၈၁ | ဦးစိုးသန်းထွန်း ကြက်မွေးမြူရေးလုပ်ငန်း | လင်းဝင်းကြီး၊ ကွက်ပြင်ကြီး၊ ပုသိမ်မြို့ |
| ၈၂ | April 9 သောက်ရေသန့် | အမှတ်(၄၇)၊ ပြည်သူ့လမ်း၊ မောင်ငံ၊ အလယ်တန်းရပ်၊ မော်လမြိုင်မြို့ |
| ၈၃ | ဒေါ်သူဇာအောင် ကမ်းဝေးငါးဖမ်းလုပ်ငန်း | အမှတ်(၁၇၃)၊ ၄ ရပ်ကွက်၊ ရတနာလမ်း၊ ဖျာပုံမြို့ |
| ၈၄ | ဒေါ်ခင်မာအေး နေလှန်းဆားကြမ်း ထုတ်လုပ်မှုလုပ်ငန်း | ၁၇၁၄+၁၇၁၅ မဒွေါကန်ကွင်း၊ မကျီးပင်ရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၈၅ | အိုစစ် သောက်ရေသန့် | အမှတ်(၂၄)၊ မိုးညိုတန်းလမ်း၊ မိုးညိုတန်းရပ်ကွက်၊ အုတ်ဖိုမြို့၊ သာယာဝတီခရိုင်၊ ပဲခူးတိုင်းဒေသကြီး |
| ၈၆ | ဦးလှိုင်ဝင်းငွေ ကမ်းဝေးငါးဖမ်းလုပ်ငန်း | မြို့မရပ်ကွက်၊ ကျိုက္ကမီမြို့၊ သံဖြူဇရပ်မြို့နယ် |
| ၈၇ | ဒေါ်ဖြူဖြူသင်း (ခ) ဒေါ်ဖြူဖြူဝင်း ငါးလုပ်ငန်း | သပြေသာရွာ၊ မတ္တရာမြို့နယ်၊ ပြင်ဦးလွင်ခရိုင် |
| ၈၈ | နေတံခွန် ငါးပိကြိတ်လုပ်ငန်း | ဖျာပုံခရိုင်၊ အမာမြို့၊ နောက်မီးကျေးရွာ၊ ဧရာဝတီတိုင်းဒေသကြီး |
| ၈၉ | ဦးထွန်းအောင်ကျော် (ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း) | အမှတ်(၂၁၅)၊ (၅)လမ်း၊ နောက်လယ်ရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး |
| ၉၀ | အောင်ကျော်ဦး ကမ်းဦးငါးဖမ်းလုပ်ငန်း | လောင်းလုံးမြို့နယ်၊ မောင်းမကန်ကျေးရွာ၊ တနင်္သာရီတိုင်း |
| ၉၁ | ဦးမင်းမင်းထွန်း (ထက်ထက်ကျော်-၁) ကမ်းဝေးငါးဖမ်းလုပ်ငန်း | အမှတ်၂၇၊ ဂုဏ်ရုံအနောက်လမ်း၊ ထားဝယ်စုရပ်၊ မြိတ်မြို့ |
| ၉၂ | ဦးသိန်းဇံ ကျားပါးစပ် ကမ်းနီးငါးဖမ်းလုပ်ငန်း | မန်ကျည်းကျွန်းကျေးရွာ၊ ရေမြစ်ကြီးကျေးရွာ၊ ကျွန်းစုမြို့နယ် |
| ၉၃ | ဒေါ်အေးအေးသင်း ကမ်းနီးငါးဖမ်းလုပ်ငန်း | လောင်းလုံမြို့နယ်၊ မောင်းမကန်ကျေးရွာ |
| ၉၄ | ဦးအင်ရှိန် ကမ်းနီးငါးဖမ်းလုပ်ငန်း | ကျောက်ဆင်ကျေးရွာအုပ်စု၊ သဘော့ဆိပ်ရွာ၊ လောင်းလုံးမြို့နယ် |
| ၉၅ | ငါးမွေးမြူရေးလုပ်ငန်း (ဦးရဲညွန့်) | မိသလင်ကျေးရွာ၊ ကျိုက်လတ်မြို့၊ ဖျာပုံခရိုင် |
| ၉၆ | ဦးအင်မောင်ရွှေ ဂျင်းခရု မွေးမြူရေးလုပ်ငန်း | ရေကန်တောင်ကျေးရွာ၊ ကျွန်းစုမြို့နယ် |
| ၉၇ | ဦးသန်းထွေး (ကမ်းနီးငါးဖမ်းလုပ်ငန်း) | ကျောက်ဆင်ကျေးရွာအုပ်စု၊ ပြင်ကြီးရွာ၊ လောင်းလုံမြို့နယ် |
| ၉၈ | ဦးထိန်ဝင်း (ကမ်းနီးငါးဖမ်းလုပ်ငန်း) | ပန်းတင့်အင်းကျေးရွာ၊ ပန်းတင့်အင်အုပ်စု၊ လောင်းလုံမြို့နယ် |
| ၉၉ | ဦးခင်ထွန်း ကင်းမွန်ငါးဖမ်းလုပ်ငန်း | အမှတ်(၃၂)၊ ဗိုလ်တာယာလမ်း၊ သာကေတရပ်ကွက်၊ မြိတ်မြို့ |
| ၁၀၀ | ဒေါ်ခင်ခင်ထွေး ကမ်းဝေးငါးဖမ်းလုပ်ငန်း | အောင်သုခရပ်၊ ကျိုက္ကမီမြို့၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ် |
| ၁၀၁ | ဦးအောင်ကျော်နိုင် (အောင် ငါးသားပေါက်နှင့် ငါးရောင်းဝယ်ရေး) | အမှတ်- ၁ ရပ်ကွက်၊ ရွှေဘိုမြို့ |
| ၁၀၂ | ဦးကျော်မြင့်အောင် (အဏ္ဏဝါပုသိမ်) ငါးမွေးမြူရေး | ၃/၂၁၊ ဆိပ်ကမ်းသာလမ်း၊ ချောင်းသာမြို့ |
| ၁၀၃ | ဦးသိန်းဦး ကမ်းနီးငါးဖမ်းလုပ်ငန်း | ခိုင်သဇင်လမ်း၊ ဟိုင်းကြီးကျွန်းမြို့ |
| ၁၀၄ | ကိုအေးမင်းလွင် ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်ရေးနှင့် ကမ်းဝေးငါးဖမ်းလုပ်ငန်း | ခါးပြတ်ကျေးရွာ၊ အမာမြို့နယ်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၀၅ | ဖြိုး ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း | နောက်မီးကျေးရွာ၊ ဖျာပုံမြို့နယ် |
| ၁၀၆ | ဦးအောင်မြင့် ကမ်းနီးငါးဖမ်းလုပ်ငန်း | လောင်းလုံမြို့နယ်၊ သဘော့ဆိပ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၁၀၇ | ဦးဇော်မင်းထွန်း ကမ်းဝေးငါးဖမ်းလုပ်ငန်း | နယ်မြေ (၂)၊ အစင်ကျေးရွာ၊ ရေးမြို့နယ် |
| ၁၀၈ | ဒေါ်နေခြည်မိုးထက် ဂျင်း၊ ခရု မွေးမြူရေးလုပ်ငန်း | စခန်းသစ်ကျေးရွာ၊ ကျွန်းစုမြို့နယ် |
| ၁၀၉ | အောင်ဇေယျ (ဦးမြင့်အောင်) ငါးမွေးမြူရေးနှင့် ငါးသားပေါက်လုပ်ငန်း | အမှတ် (၁) ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း |
| ၁၁၀ | ဦးအောင်ကျော်မျိုး (K ပိုင်ပင်လယ် ကမ်းနီး/ကမ်းဝေး ငါးဖမ်းလုပ်ငန်း) | အဘော်ကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ် |
| ၁၁၁ | ဦးအောင်လွင် ငါးဖမ်းလုပ်ငန်း | အမှတ်-၁၄၁၊ ဗိုလ်ဗထူးလမ်း၊ မြစ်ငယ်ရပ်၊ မြိတ်မြို့ |
| ၁၁၂ | ဒေါ်ခတ္တာလှိုင် (ရေငံပုဇွန် မွေးမြူရေးလုပ်ငန်း) | ချောင်းဝကျေးရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၁၃ | ဦးကျော်လင်းအောင် ငါးမွေးမြူရေးလုပ်ငန်း | အုတ်တွင်းကျေးရွာ၊ ဟိုင်းကြီးကျွန်း |
| ၁၁၄ | ဦးကျော်စိုးမိုး ကမ်းဝေးငါးဖမ်းလုပ်ငန်း | ချောင်းတွင်းကျေးရွာ၊ အမှတ် (၄)၊ ရွာမ (ခ) နယ်မြေ၊ ဖျာပုံမြို့ |
| ၁၁၅ | ဦးဖေသန်း (ကမ်းနီးငါးဖမ်းလုပ်ငန်း) | သဘော့ဆိပ်ကျေးရွာ၊ ကျောက်ဆင်ကျေးရွာအုပ်စု၊ လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်း |
| ၁၁၆ | ဦးဝင်းမင်းထွန်း ဝက်မွေးမြူရေးလုပ်ငန်း | မြို့မ(၃)၊ လေးအိမ်စု၊ ပွင့်တန်ဆာမြို့၊ ညောင်လေးပင်မြို့နယ် |
| ၁၁၇ | ဦးသန်းထွန်း နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်း | မရမ်းကွင်းကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့၊ ငပုတောမြို့နယ် |
| ၁၁၈ | ဦးမြင့်ရွှေ (ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း) | ကျောက်ချောင်းရွာ၊ ဟိုင်းကြီးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၁၉ | ဦးရဲဝင်းလှိုင် ရေငံပုဇွန် မွေးမြူရေးလုပ်ငန်း | ဝါးကုန်ကျေးရွာအုပ်စု၊ ဟိုင်းကြီးကျွန်းမြို့နယ် |
| ၁၂၀ | ဦးစိန်မြင့် ငါးမွေးမြူရေးလုပ်ငန်း | ပိန်းအင်းအုပ်စု၊ ဘောတလင်းကျေးရွာ၊ လေးမျက်နှာမြို့ |
| ၁၂၁ | လပ်ကီးဆဲဗင်း ပင်လယ် ကမ်းဝေး ငါးဖမ်းလုပ်ငန်း | ဖျာပုံခရိုင်၊ အမာမြို့နယ်၊ နောက်မီးကျေးရွာအုပ်စု |
| ၁၂၂ | ဦးကျော်ကျော်မိုး (ငါးမွေးမြူရေးလုပ်ငန်း) | မကျီးကုန်းကျေးရွာ၊ ရေမြစ်ကြီးကျေးရွာအုပ်စု၊ ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |

*ဆက်လက်ဖော်ပြပါမည်*

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိ သည်။

နိုဝင်ဘာလ ၂၁ ရက် (စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် စေတနာထားပြီး ဆေးကုသပေးသော မောင်ဝဏ္ဏနှင့် မနာလိုစိတ်ကြီးမားပြီး လောဘကြီးလွန်းသော မောင်အဂ္ဂတို့အကြောင်းကို ရေးဖွဲ့ထားသည့် ကာတွန်းမင်းကောင်းကို၏ "စေတနာနေရာ" မျက်နှာဖုံးကာတွန်း၊ အိမ်မွေးတိရစ္ဆာန် အမျိုးအစားထဲတွင် ပါဝင်သည့် ကြောင်လေးများသည် အဘယ်ကြောင့် အသံသဲ့သဲ့ဖြင့် အော်မြည်တတ်ကြသလဲဆိုသည်ကို ရေးဖွဲ့ထားသည့် "ချစ်စရာကောင်းတဲ့ ကြောင်ကလေးတွေရဲ့ အော်မြည်သံအကြောင်း" သုတဆောင်းပါးနှင့် အခြေအနေ




တစ်ခုသည် တစ်ဦးအတွက် ကောင်းမွန်သော်လည်း အခြားတစ်ဦးအတွက်မှု ဆိုးရွားစေတတ်သည့် အကြောင်းအရာ ဖြစ်စေနိုင်ကြောင်းကို ရေးသားထားသော "မြည်းနှင့် ဖား"ဘာသာပြန်ပုံပြင်၊ စာပေဗိမာန်မှ ထုတ်ဝေခဲ့သော ဖိုးကျော်ဆိုသည့် ကလေးဇာတ်လိုက်လေးအကြောင်းကို ရေးသားထားသည့် ဆရာဂယက်နီ၏ "ဖိုးကျော်" စာအုပ်အား မိတ်ဆက်ပေးထားသော "ရွှေသွေးတို့စာဖတ်စို့" ကဏ္ဍ၊ မြန်မာ မိန်းကလေးဖြစ်သော်လည်း ဗိုလ်ဆန်သော နွေးနွေးသည် သူငယ်ချင်းဖိုးဂျင်၏ စကားကြောင့် အမြင်မှန်ရရှိသွားပြီး မြန်မာဆန်ဆန်ဝတ်ဆင်ရန် ဆုံးဖြတ်လိုက်ပုံ အကြောင်းကို ရေးဖွဲ့ထားသည့် "အမြင်မှန်ရသွားသော နွေးနွေး" နှစ်မျက်နှာကာတွန်း၊ စဉ်းစားမြော်မြင်ဉာဏ်ရှိသောကြောင့် ချမ်းသာသွားသည့် ငါးခြောက်သည်ကြီးနှင့် စဉ်းစားမြော်မြင်ဉာဏ်မရှိသောကြောင့် ဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရသော ငါးခြောက်သည်ကြီးတို့ အကြောင်းကို ပညာပေးရေးဖွဲ့ထားသည့် "ငါးခြောက်သည် နှစ်ဦး"ကလေးဝတ္ထု၊ ကလေးတို့ ရေးဆွဲထားသော ကာတွန်းများကို ဖော်ပြပေးထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ အပါအဝင် ရွှေသွေးအင်္ဂလိပ်သဒ္ဒါ၊ ကဗျာကဏ္ဍစုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သီပေါမြို့နယ် ပေါ်ကြိုဆားတွင်းကျေးရွာ၌ စပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**သီပေါ နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ မိုးစပါး မော်ဘီ (၂) (RS-ES) ကေ ၄၀နှင့် Du-12 ၁၅ ကေ စုစုပေါင်း ၅၅ ကေစိုက်ပျိုးခဲ့ရာ နိုဝင်ဘာ ၁၈ ရက်က ပေါ်ကြို ကျေးရွာအုပ်စု ဆားတွင်း (မော်ကေ) ကျေးရွာ တောင်သူ ဦးစိုင်းကျော်လှ၏ လယ်မြေ၌ မော်ဘီ (၂)မျိုးစေ့ထုတ်စိုက်ခင်းအား စံကွက်ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများဆောင်ရွက်ကြသည်။



အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ရှမ်းပြည်နယ်မြောက်ပိုင်း စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးကျော်မြင့်ဇော်၊ ကျောက်မဲခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးမောင်မောင်အေး၊ မြို့နယ်စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မှုစီမံ ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းမင်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူး ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ ကွင်းတာဝန်ခံများနှင့် မျိုးစေ့ထုတ်တောင်သူများ တက်ရောက်ကြသည်။

တောင်သူ ဦးစိုင်းကျော်လှ၏ စပါးစိုက်ခင်းကို ရိတ်သိမ်းခြွေလှေ့ကြရာ တစ်ကေအခြောက် ၀၆ ဒသမ ၉၆ တင်း ထွက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot - line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၁၁ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၆၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၂၉၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၂၉၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၁၀/၅၅၅ | ကျပ် | ၅၄၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၂၀/၅၇၀ | ကျပ် | ၅၆၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၈၅/၅၁၅ | ကျပ် | ၅၄၅/၅၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၁၅/၆၃၀ | ကျပ် | ၆၇၀/၆၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၀၈ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၄၇ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၁ . ၈၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၂၈ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၅၈ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၅၁ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၈ . ၅၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၆၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၆ . ၉၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၉ . ၃၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၀၄၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၁၀၀၀၀ | ၇၈၈ | ၇၈၀၂၆၀၀ |
| MTSH | ၃၇၅၀ | ၃၇၅၀ | ၆၉၉ | ၂၅၉၈၇၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၁၀ | ၈၂၀၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၁ | ၂၂၅၀၀ |
| TMH | ၂၇၅၀ | ၂၇၀၀ | ၈၇၅ | ၂၃၈၇၇၀၀ |
| EFR | ၄၀၀၀ | ၄၀၀၀ | ၂၆၉ | ၁၀၇၆၀၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပခဲ့ပြီးဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးရလဒ်နှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း တစ်ပြည်လုံးအတိုင်းအတာနှင့် သိရှိနိုင်ရန် ကြေညာပေးခဲ့ပြီးဖြစ်သည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၄၇)

# ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ

— မောင်စာဂ —

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့ပြီးဖြစ်သည်။ ရွေးကောက်ပွဲကြီးကို တည်ငြိမ်အေးချမ်း၊ ချောမောအောင်မြင်စွာဖြင့် ကျင်းပပြီးစီးခဲ့သည်။ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခြေအနေ မည်သို့ရှိသနည်း။ အနှစ်ချုပ်၍ မျှဝေပါရစေ။**

### ကျင်းပခဲ့သည့်မဲဆန္ဒနယ်များ

ကျင်းပပြုလုပ်ပြီးစီးခဲ့သည့် လွှတ်တော်အလိုက် မဲဆန္ဒနယ်များမှာ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၃၁၅ နေရာ၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၁ နေရာ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လွှတ်တော် မဲဆန္ဒနယ် ၆၁၂ နေရာနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်မဲဆန္ဒနယ် ၂၉ နေရာ စုစုပေါင်း မဲဆန္ဒနယ် ၁၁၁၇ နေရာ ဖြစ်သည်။

### ပါဝင်ယှဉ်ပြိုင်ကြခြင်း

မဲဆန္ဒနယ်အသီးသီးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ၌ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ၁၅၆၅ ဦး၊ အမျိုးသား လွှတ်တော် မဲဆန္ဒနယ်တွင် ၇၇၉ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်တွင် ၃၁၁၂ ဦး၊ တိုင်းရင်းသားလူမျိုးလွှတ်တော်မဲဆန္ဒနယ်တွင် ၁၈၃ ဦး စုစုပေါင်း ၅၆၃၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းတို့တွင် ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်း ၅၃၇၉ ဦးဖြစ်ပြီး တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၆၀ တို့ ဖြစ်သည်။ နိုင်ငံရေးပါတီ စုစုပေါင်း ၈၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

### ရလဒ်များထုတ်ပြန်ကြေညာခြင်း

လွှတ်တော်အသီးသီးအတွက် မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများက သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ) အရ ထုတ်ပြန်ကြေညာပေးခဲ့သည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကလည်း တစ်နိုင်ငံလုံး အတိုင်းအတာအရ မဲဆန္ဒရှင်ပြည်သူများ သိရှိနိုင်စေရန် ၉-၁၁-၂၀၂၀ ရက်နေ့မှ ၁၅-၁၁-၂၀၂၀ ရက်နေ့အထိ ထပ်ဆင့် ထုတ်ပြန်ကြေညာပေးခဲ့သည်။

### ရွေးကောက်တင်မြှောက်ခံရသည့်ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ကြေညာချက်အရ ရွေးကောက်ပွဲတွင် လွှတ်တော်အလိုက် ပါတီကိုယ်စားပြုနှင့် တစ်သီးပုဂ္ဂလကိုယ်စားပြု ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခြေအနေမှာ ဤသို့ဖြစ်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ၂၅၈ ဦး၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်တွင် ၁၃၈ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်တွင် ၅၀၁ ဦး၊ တိုင်းရင်းသားလူမျိုး လွှတ်တော်မဲဆန္ဒနယ်တွင် ၂၃ ဦးဖြင့် စုစုပေါင်း ၉၂၀ ရွေးကောက်တင်မြှောက်ခံရသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ၂၆ ဦး၊ အမျိုးသား လွှတ်တော်မဲဆန္ဒနယ်တွင် ၇ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တွင် ၃၈ ဦး စုစုပေါင်း ၇၁ ဦး ရွေးကောက်တင်မြှောက်ခံရသည်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ၁၃ ဦး၊ အမျိုးသား လွှတ်တော်မဲဆန္ဒနယ်တွင် ၂ ဦး ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်တွင် ၂၇ ဦး စုစုပေါင်း ၄၂ ဦး ရွေးကောက်တင်မြှောက်ခံရသည်။

**"၂၀၂၀ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါပြီ။ ပြည်သူတို့၏ဆန္ဒနှင့်အညီ ပြည်သူတို့လိုလားသော ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်ခဲ့ကြပါပြီ။ ပြည်သူတို့ တာဝန်ကျေခဲ့ကြပါပြီ။ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူတို့က ယုံကြည်စွာပေးအပ်မည့် တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြရပါတော့မည်။ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကိုယ်ကျိုးမဖက် ပြည်သူများအတွက် ပြည်သူနှင့် နိုင်ငံအပေါ် သစ္စာထားလျက် ဆောင်ရွက်ကြရပါမည်"**

ရခိုင်အမျိုးသားပါတီသည် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ၄ ဦး၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်တွင် ၄ ဦး၊ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တွင် ၇ ဦး စုစုပေါင်း ၁၅ ဦး ရွေးကောက်တင်မြှောက်ခံရသည်။

တအာင်း(ပလောင်)အမျိုးသားပါတီသည် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ၃ ဦး၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်တွင် ၂ ဦး၊ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တွင် ၇ ဦး စုစုပေါင်း ၁၂ ဦး ရွေးကောက်တင်မြှောက်ခံရသည်။

မွန်ညီညွတ်ရေးပါတီသည် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ၂ ဦး၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်တွင် ၃ ဦး၊ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တွင် ၆ ဦး၊ တိုင်းရင်းသားလူမျိုး လွှတ်တော်မဲဆန္ဒနယ်တွင် ၁ ဦး စုစုပေါင်း ၁၂ ဦး ရွေးကောက်တင်မြှောက်ခံရသည်။

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီသည် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ၃ ဦး၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်တွင် ၁ ဦး၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်တွင် ၇ ဦး စုစုပေါင်း ၁၁ ဦး ရွေးကောက်တင်မြှောက်ခံရသည်။

ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီသည် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ၂ ဦး၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်တွင် ၃ ဦး၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်တွင် ၃ ဦး စုစုပေါင်း ၈ ဦး ရွေးကောက်တင်မြှောက်ခံရသည်။

ကချင်ပြည်နယ် ပြည်သူ့ပါတီသည် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ၁ ဦး၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်တွင် ၃ ဦး စုစုပေါင်း ၄ ဦး ရွေးကောက် တင်မြှောက်ခံရသည်။

ရခိုင့်ဦးဆောင်ပါတီနှင့် 'ဝ' အမျိုးသားပါတီသည် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ၁ နေရာစီ၊ ပြည်နယ် လွှတ်တော်မဲဆန္ဒနယ်တွင် ၂ နေရာစီ စုစုပေါင်း ၃ နေရာစီ ရွေးကောက်တင်မြှောက်ခံရသည်။

လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့သည် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တွင် ၁ နေရာစီနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော် မဲဆန္ဒနယ်တွင် ၁ နေရာစီ စုစုပေါင်း ၂ နေရာစီ ရွေးကောက်တင်မြှောက်ခံရသည်။

ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ၁ နေရာ၊ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တွင် ၁ နေရာ စုစုပေါင်း ၂ နေရာ ရွေးကောက်တင်မြှောက်ခံရသည်။

ဒီမိုကရေစီပါတီသစ်(ကချင်)သည် အမျိုးသား လွှတ်တော်မဲဆန္ဒနယ်တွင် ၁ နေရာ၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်တွင် ၁ နေရာ စုစုပေါင်း ၂ နေရာ ရွေးကောက် တင်မြှောက်ခံရသည်။

ကယန်းအမျိုးသားပါတီသည် တိုင်းရင်းသားလူမျိုး လွှတ်တော်မဲဆန္ဒနယ်တွင် ၁ နေရာနှင့် ကရင်ပြည်သူ့ပါတီ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊ ချင်းအမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီတို့သည် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်တွင် ၁ နေရာစီ ရွေးကောက်တင်မြှောက်ခံရ သည်။

ဝင်ရောက်ယှဉ်ပြိုင်သော နိုင်ငံရေးပါတီပေါင်း ၈၇ ပါတီအနက် ၁၉ ပါတီက ရွေးကောက်တင်မြှောက်ခံ ခဲ့ရသည်။ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်တွင် ၂ နေရာနှင့် တိုင်းရင်းသားလူမျိုး လွှတ်တော်မဲဆန္ဒနယ်တွင် ၂ နေရာ စုစုပေါင်း ၄ နေရာ ရွေးကောက်တင်မြှောက်ခံရသည်။

### အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်မှု

အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများ အနေဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ၂၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ၅၃ ဦး၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်တွင် ၁၃၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ၂၅ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တွင် ၅၁၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ၁၁၆ ဦးတို့ ရွေးကောက် တင်မြှောက်ခံရသည်။ စုစုပေါင်း ၈၉၈ ဦး ဝင်ရောက် ယှဉ်ပြိုင်ရာ ၁၉၄ ဦး ရွေးကောက် တင်မြှောက်ခံရသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ရွေးကောက်ခံမှုကို ရာခိုင်နှုန်းအားဖြင့် ကြည့်ပါက လွှတ်တော်ကိုယ်စားလှယ်လောင်း စုစုပေါင်း ၅၆၃၉ ဦးတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း ၈၉၈ ဦး ရှိသဖြင့် ၁၅ ဒသမ ၉ ရာခိုင်နှုန်း ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပါဝင်ယှဉ်ပြိုင်သူ ၈၉၈ ဦးတွင် ၁၉၄ ဦး ရွေးကောက်တင်မြှောက်ခံရသဖြင့် ၂၁ ဒသမ ၆ ရာခိုင်နှုန်း ရွေးကောက်တင်မြှောက်ခံရသည်။

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့မှုအနေအထားမှာ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ၂၃၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ၄၄ ဦး၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်တွင် ၁၂၀ ဝင်ရောက်ယှဉ်ပြိုင်ရာ ၂၃ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော် မဲဆန္ဒနယ်တွင် ၄၄၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ၈၄ ဦး စုစုပေါင်း ၇၉၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ၁၅၁ ဦး ရွေးကောက်တင်မြှောက်ခံရသည်။

၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်မှု နှိုင်းယှဉ်ကြည့်ပါက ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အမျိုးသမီး ကိုယ်စားလှယ်လောင်း ၉၉ ဦး ပိုမိုဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ပြီး ၄၃ ဦး ပိုမိုရွေးကောက်တင်မြှောက်ခံရသည်။

### အသိအမှတ်ပြုလွှာထုတ်ပေးခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဖော်ပြပါ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များအား သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ၊ နည်းဥပဒေ ပုဒ်မ ၇၂ (ခ) အရ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် အသိအမှတ်ပြုလွှာများ ထုတ်ပေးပါမည်။ ထို့ပြင် ယင်းအမည်စာရင်းကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်ဖြစ်သည်။

### ပြည်သူနှင့်နိုင်ငံအကျိုးကို သယ်ပိုးကြရပါတော့မည်

၂၀၂၀ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါပြီ။ ပြည်သူတို့၏ဆန္ဒနှင့်အညီ ပြည်သူတို့လိုလားသော ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်ခဲ့ကြပါပြီ။ ပြည်သူတို့ တာဝန်ကျေခဲ့ကြပါပြီ။ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူတို့က ယုံကြည်စွာပေးအပ်မည့် တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြရပါတော့မည်။ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကိုယ်ကျိုးမဖက် ပြည်သူများအတွက် ပြည်သူနှင့် နိုင်ငံအပေါ် သစ္စာထားလျက် ဆောင်ရွက်ကြရပါမည်။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည်လည်း အမျိုးသမီးများ၏ အခွင့်အရေးကို အဓိကပါဝင်ပြီး နိုင်ငံအတွက်၊ ပြည်သူအားလုံးအတွက် အားကြိုးမာန်တက် ဆောင်ရွက်ကြရပါတော့မည်။ လွှတ်တော်အသီးသီးသို့ ရောက်ရှိကြတော့မည့် ပြည်သူတို့၏ ကိုယ်စားလှယ်ကြီးများအားလုံး ပြည်သူနှင့် နိုင်ငံအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ကြပါစေကြောင်းပါဗျာ။

- ❒ **လွှတ်တော်ကိုယ်စားလှယ်များ ပြည်သူနှင့် နိုင်ငံကောင်းကျိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ၊**
- ❒ **အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များ အမျိုးသမီးအခွင့်အရေးဆိုင်ရာ တိုးမြှင့်ဆောင်ရွက်နိုင်ကြပါစေ၊**
- ❒ **ပြည်သူတို့ ယုံကြည်စွာအပ်နှင်းလိုက်သော ပြည်သူ့ကိုယ်စားလှယ်များ ပြည်သူ့အကျိုး စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ကြပါစေ။**

# ကိုဗစ် - ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

ထက်လျှို၊ ဓာတ်ပုံ - ဇော်မင်းလတ်

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နိုဝင်ဘာ ၁၉ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**



ကိုဗစ်-၁၉ အကြောင်း သိကောင်းစရာ အမေး၊ အဖြေ အစီအစဉ်တွင် ပါမောက္ခ ဒေါက်တာ စိုးလွင်ငြိမ်း၊ ဒေါက်တာ ရန်နိုင်မောင်နှင့် ဒေါက်တာ ထားထားလင်းတို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

**အစီအစဉ်မှူး။** ။ ကိုဗစ်-၁၉ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုဟာ နိုင်ငံတကာမှာ အခုချိန်ထိ ထိန်းချုပ်နိုင်ပြီဆိုတဲ့ အနေအထားကို မရောက်သေးဘဲ ဒုတိယလှိုင်း၊ တတိယလှိုင်း အစရှိတဲ့ မုန်တိုင်းတွေကြားမှာ ဖြတ်သန်းနေရဆဲ ဖြစ်ပါတယ်။

ကိုဗစ် – ၁၉ ရောဂါဟာ အေးတဲ့ရာသီမှာ ပိုမိုရှင်သန်ကူးစက်ပြန့်ပွားနိုင်ခြေရှိတာကြောင့် ရာသီဥတုအေးလာတာနဲ့အမျှ ပိုမိုသတိထားဖို့လည်း လိုအပ်လာပါတယ်။ မြန်မာနိုင်ငံမှာ အခုကာလဟာ ဆောင်းရာသီဖြစ်တာကြောင့် ပိုပြီးတော့ သတိပြုနေထိုင်ကြရမှာလည်း ဖြစ်ပါတယ်။ ရောဂါကူးစက် ပြန့်ပွားမှုကို ကာကွယ်နိုင်ဖို့ အထိရောက်ဆုံး၊ အမှန်ကန်ဆုံး နည်းလမ်းတွေဖြစ်တဲ့ လက်ကို မကြာခဏ စနစ်တကျ ဆေးကြောပါ။ လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်တာနဲ့ Mask တွေကို စနစ်တကျ တပ်ဆင်အသုံးပြုတာတွေကို တိတိကျကျ လိုက်နာဆောင်ရွက်ရမှာဖြစ်သလို တစ်ဖက်ကလည်း ယခုလို ဆောင်းရာသီမှာ ကိုယ်လက်လှုပ်ရှား အားကစားတွေကို တက်တက်ကြွကြွ ဆောင်ရွက်ခြင်းဖြင့် တစ်ကိုယ်ရေကျန်းမာရေးနဲ့ ကိုယ်ခံအားကောင်းအောင် ကြိုးစားအားထုတ် နေထိုင်ကြဖို့လည်း တိုက်တွန်းပါရစေ။

မြန်မာနိုင်ငံ တစ်နိုင်ငံတည်း၊ ဒေသတစ်ခုတည်းသာမက ကမ္ဘာနဲ့ချီပြီး ကြုံတွေ့နေရတဲ့ ယခုလို အခက်အခဲ အကျပ်အတည်းကာလမှာ ပြည်သူလူထုအကြား ကျန်းမာရေး အသိ၊ ကာကွယ်ရေး အသိတို့နဲ့ မိမိကိုယ်ကိုယ်စောင့်ရှောက်ကာကွယ်နိုင်ဖို့အတွက် လတ်တလော ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေနဲ့ ဆောင်ရန် /ရှောင်ရန်တွေကို ပါမောက္ခကြီးတွေ၊ သမားတော်ကြီးတွေက ရှင်းလင်းဖြေကြားပေးလျက်ရှိရာမှာ ဒီနေ့ရဲ့ ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်မှာ **ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်း [ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး အကြံပြုအားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင်]၊ ဒေါက်တာ ရန်နိုင်မောင် [ညွှန်ကြားရေးမှူး /ဆေးရုံအုပ်ကြီး၊ ပဲခူးပြည်သူ့ဆေးရုံကြီး၊ ပဲခူးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး (ပူးတွဲတာဝန်)] တို့နဲ့အတူ ဦးဆောင်ဆွေးနွေးသူအဖြစ် ဒေါက်တာ ထားထားလင်း [ညွှန်ကြားရေးမှူး/ စီမံချက်မန်နေဂျာ၊ တိုးချဲ့ကာကွယ်ဆေးထိုး စီမံချက်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန]** က ပါဝင်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီနေ့ရဲ့ ဆွေးနွေးမှုတွေ စတင်နိုင်ဖို့အတွက် ဒေါက်တာထားထားလင်းက ဦးဆောင်ဆွေးနွေးပေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာထားထားလင်း။** ။ အမေး / အဖြေ တွေနဲ့ ပတ်သက်ပြီး ဖြေကြားပေးမှာရယ်၊ နောက်ဆက်စပ်တဲ့ ကိစ္စရပ်တွေအတွက် စကားဝိုင်းပေ့ါနော်၊ ဒါတွေနဲ့ပတ်သက်ပြီး ပထမဦးဆုံး ဆရာကြီး ပါမောက္ခဒေါက်တာ စိုးလွင်ငြိမ်းကို ဖိတ်ခေါ်ပါတယ်။

**ပါမောက္ခဒေါက်တာစိုးလွင်ငြိမ်း။** ။ ဒီနေ့အစီအစဉ်မှာ ကျွန်တော် ဖြေရမယ့် မေးခွန်းက ကမ္ဘာ့နိုင်ငံတွေအတွက် ကိုဗစ် – ၁၉ ကာကွယ်ဆေးရရှိမှု၊ ဆောင်ရွက်ထားရှိမှု အခြေအနေနဲ့ မြန်မာနိုင်ငံမှာ ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးနှံနိုင်ဖို့အတွက် ဘယ်လိုပြင်ဆင်ထားလဲဆိုတဲ့ အခြေအနေတွေကို ရှင်းပြပေးပါဆိုပြီး မေးထားတာဖြစ်ပါတယ်။

အားလုံးသိတဲ့အတိုင်းပါပဲ ကူးစက်ရောဂါတွေမှာ ကာကွယ်ဆေးနဲ့ ကာကွယ်လို့ရတဲ့ ရောဂါတွေ အများအပြားရှိပါတယ်။ ဒါကြောင့် ကာကွယ်ဆေးထိုးလုပ်ငန်းက အလွန်ထိရောက်ပြီး ရင်းနှီးမြှုပ်နှံဖို့ အကောင်းဆုံးဖြစ်တဲ့ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အကောင်းဆုံး အရင်းအနှီးဖြစ် ပါတယ်။

ဒါကြောင့် ကမ္ဘာ့နိုင်ငံတွေမှာ ကာကွယ်ဆေးထိုး လုပ်ငန်း စီမံချက်တွေထားပြီး တက်တက်ကြွကြွနဲ့ ဆောင်ရွက်နေပါတယ်။ ဒါကြောင့်မို့ ကာကွယ်ဆေးနဲ့ ကာကွယ်လို့ရတဲ့ ရောဂါတွေပေါင်း ၂၀ ကျော်ကို ကာကွယ်နိုင်ပြီး နှစ်စဉ်လူပေါင်း နှစ်သန်းကနေ သုံးသန်းအထိ သေဆုံးမှုတွေကို ကာကွယ်ဆေးတွေနဲ့ ကာကွယ်ပေးနိုင်တာ ဖြစ်ပါတယ်။

ယခုလိုမျိုး ကိုဗစ်ရောဂါ တစ်ကမ္ဘာလုံးမှာ နိုဝင်ဘာ ၁၈ ရက်အထိဆိုရင် ၅၅ ဒသမ ၆၄ သန်း အထိ ရောဂါဖြစ်ပွားပြီး ၁ ဒသမ ၃၄ သန်းလောက် သေဆုံးနေတဲ့ အချိန်မှာ ဒီလိုမျိုး ကူးစက်ရောဂါတွေ ပြင်းထန်နေပြီး သေဆုံးမှုတွေများနေတဲ့အချိန်မှာ ကျွန်တော်တို့အနေနဲ့ တစ်ဖက်ကလည်း ပြည်သူ့ကျန်းမာရေးဆိုင်ရာ ရောဂါကာကွယ်ရေးလုပ်ငန်းတွေဖြစ်တဲ့ Mask တပ်တာတို့၊ တစ်ယောက်နဲ့ တစ်ယောက် ခပ်ခွာခွာနေတာတို့၊ လက်ဆေးတာတို့ ဒါတွေဆောင်ရွက်နေသလို ကုသရေးအပိုင်းမှာလည်း ရောဂါရှာဖွေတယ်။ Contact Tracing လို့ခေါ်တဲ့ ထိစပ်တဲ့သူတွေကို ရှာဖွေတယ်။ ဆေးရုံတွေမှာ ထိထိရောက်ရောက် ကုသတဲ့လုပ်ငန်းတွေ ဒါတွေကိုလည်း ဆောင်ရွက်နေတယ်။

ဒီလိုဆောင်ရွက်နေတဲ့အချိန်မှာ ကူးစက်မှုကို လျှော့ချဖို့အတွက် ဒီကာကွယ်ဆေးက အလွန်အရေးကြီးပါတယ်။ ကိုဗစ် – ၁၉ ကာကွယ်ဆေးကို ရရှိဖို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နိုင်ငံတော်အစိုးရဲ့ လမ်းညွှန်မှုနဲ့ရရှိဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့်မို့ AMC 92 လို့ခေါ်တဲ့ ဖွံ့ဖြိုးစနိုင်ငံတွေကို ထောက်ပံ့မယ့် Gavi's အဖွဲ့အစည်းရဲ့ COVAX Facility ကို ၉၂ နိုင်ငံက ရရှိမယ်။ အဲဒီနိုင်ငံတွေထဲမှာလည်း မြန်မာနိုင်ငံက အပါအဝင် ဖြစ်ပါတယ်။ ဒီလိုပါဝင်တဲ့ အခါမှာလည်း ကျွန်တော်တို့က လိုအပ်တဲ့ Co–Financing လို့ခေါ်တဲ့ နိုင်ငံတော်ကလည်း ကိုယ့်နိုင်ငံသူ နိုင်ငံသားတွေအတွက် ရန်ပုံငွေထည့်ဝင်ပြီး ဆောင်ရွက်ရတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့လည်း Co–Financing ကို ထည့်ဝင်ပြီး ဖြစ်တဲ့အတွက်ကြောင့် အခုထွက်ပေါ်လာမယ့် ကိုဗစ် – ၁၉ ကာကွယ်ဆေးကို နိုင်ငံသူနိုင်ငံသားတွေ ကာကွယ်ဆေးထွက်လျှင် ထွက်ချင်းမှာရရှိဖို့ အနေအထားဖြစ်ပါတယ်။ ဒီလိုရရှိဖို့ ဆောင်ရွက်နေတဲ့ အခါမှာလည်း တစ်ဖက်က ကာကွယ်ဆေးတွေ ရရှိဖို့ ဆောင်ရွက်တဲ့အခါမှာ COVAX Facility ကလည်း ဒီကာကွယ်ဆေးနဲ့ ပတ်သက်လို့ ဆေးကို ဘယ်လိုလုပ်နေလဲ၊ ဆေးထုတ်လုပ်ဖို့ ဘယ်အဆင့်ရောက်နေပြီလဲ တစ်ဖက်က စိစစ်ပြီး ဆောင်ရွက်နေတဲ့ အဖွဲ့တွေလည်း ရှိတယ်။

အရင်တုန်းက ကာကွယ်ဆေး တစ်ခုရဖို့အတွက် နည်းပညာကော၊ သုတေသနလုပ်ငန်းတွေမှာ နှစ်နဲ့ချီပြီး အချိန်ယူပြီး ဆောင်ရွက်ခဲ့ရသော်လည်း ယခုအခါ ကမ္ဘာ့နိုင်ငံတွေအနေနဲ့ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်ကို လျင်လျင်မြန်မြန် ထိန်းချုပ်လိုတဲ့အတွက်ကြောင့် အားထည့်ပြီး ဆောင်ရွက်တယ်။ ရင်းနှီးမြှုပ်နှံမှုတွေကော၊ နည်းပညာတွေကော အရင်ထက် ပိုတိုးတက်လာတော့ နိုင်ငံတကာကနေပြီး ဒီကာကွယ်ဆေးထုတ်လိုတဲ့ အနေအထားတွေက ပိုများလာတယ်။ ပိုများလာတော့ Pre–clinical Trial လို့ခေါ်တဲ့ တိရစ္ဆာန်တွေမှာ စမ်းသပ်တဲ့အဆင့်နဲ့ Clinical Trial လို့ခေါ်တဲ့ လူအနည်းငယ်မှာ စမ်းသပ်တဲ့အဆင့်တွေမှာ ကာကွယ်ဆေးက ၁၄၁ မျိုးလောက် ရှိနေပြီး အဲဒီကမှ နောက်ထပ် အဆင့် သုံးဆင့်လောက် ရှိပါတယ်။ အဲဒီအဆင့်ဆင့်တွေကနေ အောင်မြင်လာတဲ့ ကာကွယ်ဆေးတွေအနေနဲ့လည်း လူတစ်ဦးချင်းကို ဘယ်လောက်ထိုးပေးရမလဲ။ ဘယ်လောက် ကာကွယ်နိုင်လဲ၊ ဘေးထွက်ဆိုးကျိုး ဘယ်လောက်မရှိဘူးလဲဆိုတာပေါ်မှာ မူတည်ပြီး လူနည်းနည်းကနေ လူသောင်းချီတဲ့အထိကို စမ်းသပ်တဲ့အဆင့် ဖြစ်ပါတယ်။

ခုနက စမ်းသပ်တဲ့အဆင့် (၁) မှာဆိုရင် စမ်းသပ်နေတဲ့ ကာကွယ်ဆေးက ၃၈ မျိုးဖြစ်နေပါပြီ။ ဒါတွေက နိုဝင်ဘာ ၁၆ ရက်နေ့မှာ ရရှိတဲ့ အချက်အလက်တွေ၊ စာရင်းဇယားတွေအရ ဖြစ်ပါတယ်။ အဆင့် (၂)မှာ ၁၇ မျိုး ရှိနေပါပြီ။ အဆင့် (၃) မှာ ၁၂ မျိုးရှိနေပါပြီ။ Early approval and limited vaccine ကလည်း ခြောက်မျိုး လောက်ရှိနေပါပြီ။ ကိုဗစ် – ၁၉ ကို ကာကွယ်နိုင်တဲ့ ကာကွယ်ဆေးတွေရဲ့ ထိရောက်မှုတွေက လူသားတွေအတွက် အကျိုးပြုဖို့ကို အခွင့်အလမ်းတွေ စပြီးရရှိနေပါပြီ။

တစ်ချိန်တည်းမှာ ပညာရှင်တွေကလည်း ခုနက အဆင့် (၃) မှာရှိနေတဲ့ ၁၂ မျိုးထဲက ဒီတစ်ပတ်၊ နှစ်ပတ်အတွင်းမှာ ထပ်ပြီးအစွမ်းထက်တဲ့၊ ထိရောက်မှုရှိတဲ့ ကာကွယ်ဆေးတွေ ထွက်လာနိုင်တယ်လို့ မျှော်မှန်းထားကြပါတယ်။ ဒီဟာကို ကာကွယ်ဆေး ထုတ်တဲ့သူတွေကလည်း အားကြိုးမာန်တက်ထုတ်နေတယ်။ နောက်ထပ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း လူအများကိုအသုံးပြုဖို့အတွက် ထိရောက်မှုနဲ့ တစ်ခါထိုးထားရင် ဘယ်လောက်ကြာကြာ ကာကွယ်ခုခံနိုင်သလဲ။ ဘယ်လိုဘေးထွက်ဆိုးကျိုးအနည်းဆုံးဖြစ်သလဲကို စောင့်ကြည့်သုံးသပ်နေကြပါတယ်။

ကာကွယ်ဆေးနဲ့ဆိုင်တဲ့ ပညာရှင်တွေ မျှော်မှန်းထားတာက ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလမှာ ထွက်နိုင်တဲ့ ကာကွယ်ဆေးတွေရှိသလို COVAX Facility က ကာကွယ်ဆေးတွေက ၂၀၂၁ ခုနှစ် ပထမ လေးလပတ်လောက်မှာ ရရှိနိုင်မယ့် အနေအထားရှိတယ်လို့ နိုင်ငံတွေကို အသိပေးထားပါတယ်။ ကျွန်တော်ဆိုလိုတာက ဒီကာကွယ်ဆေးတွေကို ၂၀၂၁ ခုနှစ် ပထမ လေးလပတ်လောက်မှာ ရရှိနိုင်တဲ့ အနေအထားရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့လည်း ဒီလိုကာကွယ်ဆေး မရခင်ကာလမှာ နိုင်ငံတိုင်းက အခုဆောင်ရွက်နေတဲ့ ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းတွေကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီကာကွယ်ဆေးတွေကလည်း စတင်ထုတ်လုပ်တဲ့အခါမှာ ထုတ်လုပ်နိုင်တဲ့ ကာကွယ်ဆေးအမျိုးအစား နည်းပါးတာရယ်၊ ထုတ်နိုင်တဲ့ အရေအတွက်လည်း နည်းတာဖြစ်တာကြောင့် နိုင်ငံတိုင်းကလည်း ရရှိနိုင်မယ့် အခွင့်အလမ်း နည်းပါတယ်။

နောက်ပိုင်းမှာ ခုနက ကျွန်တော်တင်ပြထားသလို ကာကွယ်ဆေးအမျိုးအစားတွေက ပိုပြီးများလာမယ်။ လက်ရှိ စောစောထုတ်နိုင်တဲ့ ကာကွယ်ဆေးတွေက ပိုမိုထုတ်နိုင်မယ်ဆိုရင် ပိုပြီးကာကွယ်ဆေး အရေအတွက်က ရရှိလာမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ကာကွယ်ဆေးတွေကို နိုင်ငံအတွင်းမှာ ထိုးနှံနိုင်ဖို့အတွက် ကာကွယ်ဆေးရရှိဖို့က သေချာနေတဲ့အတွက်ကြောင့် ဆေးရရှိရင် သိုလှောင်ပြီး ထိုးနှံတဲ့အဆင့်အထိ ဆောင်ရွက်ဖို့အတွက် ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီရဲ့ ဦးဆောင်မှုနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ကိုဗစ် – ၁၉ ထိုးနှံရေးစီမံချက်အတွက် ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးလုပ်ငန်း ပေါင်းစပ်ညှိနှိုင်းရေး စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းပြီး စနစ်တကျ ဆောင်ရွက်နေတယ်။

ဒီလိုဆောင်ရွက်မယ့် အသေးစိတ်အစီအစဉ် အချက်အလက်တွေကို တိုးချဲ့ကာကွယ်ဆေးထိုး စီမံချက်လုပ်ငန်းက ဦးဆောင်ပြီး စနစ်တကျ အသေးစိတ် တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာ ဘယ်လိုထိုးမလဲ၊ ရလာတဲ့ ကာကွယ်ဆေးတွေကို ဘယ်လိုသိုလှောင်မလဲ၊ ဆေးထိုးဖို့အတွက် သင်တန်းတွေ ဘယ်လိုပေးမလဲ စသဖြင့် လုပ်ငန်းဆောင်ရွက်သွားမယ့် အစီအစဉ်အသေးစိတ်ကို ဆောင်ရွက်ပြီးစီးလုနီးပါး ရှိနေပြီဖြစ်ပါတယ်။

ဒါကြောင့် ရရှိတဲ့ကာကွယ်ဆေးတွေကို ပြည်သူပြည်သားတွေအားလုံး လွှမ်းခြုံမှုရအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဆောင်ရွက်တဲ့အခါမှာလည်း နှစ်ပိုင်း ရှိပါတယ်။ ပထမဦးဆုံး ကာကွယ်ဆေးရရှိမှုက နည်းပါမယ်။ COVAX Facility အဖွဲ့အစည်းကတော့ မြန်မာနိုင်ငံအတွက် တစ်နိုင်ငံလုံးမှာရှိတဲ့ လူဦးရေရဲ့ သုံးရာခိုင်နှုန်းကို ကာကွယ်ဆေးရလျှင်ရချင်းထုတ်ပေးမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ကလည်း ကာကွယ်ဆေးရရှိဖို့အတွက် ရန်ပုံငွေထည့်ဝင်ထားပြီး ဖြစ်ပါတယ်။ သုံးရာခိုင်နှုန်းဆိုတော့ နိုင်ငံရဲ့ ၁ ဒသမ ၆ သန်းလူဦးရေ ရမယ်။ ခုန ကျွန်တော်ပြောခဲ့တဲ့ ရည်ရွယ်ချက်အတိုင်း အဆင့်ဆင့်ထိုးနှံမယ်။ နောက်ပိုင်းမှာ ကာကွယ်ဆေး ပိုမိုရရှိလာတဲ့အခါ နိုင်ငံလူဦးရေရဲ့ ၂၀ ရာခိုင်နှုန်းကိုပေးမယ်။ အဲဒါကတော့ ၁၀ ဒသမ ၈ သန်း ကျွန်တော်တို့ရရှိမှာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာလည်း ရရှိတဲ့အပေါ်မှာမူတည်ပြီး နိုင်ငံလူဦးရေရဲ့ ၅၀ ရာခိုင်နှုန်း၊ ၂၇ သန်းလောက်စသဖြင့် အဆင့်ဆင့်ရရှိတဲ့အပေါ်မှာမူတည်ပြီး ကာကွယ်ဆေးထိုးနှံဖို့အတွက် စိစစ်ဆောင်ရွက်ထားပြီးပါပြီ။

ကာကွယ်ဆေးထိုးနှံဖို့ စီစဉ်တဲ့အခါ တစ်ဖက်က ကာကွယ်ဆေးရရှိတဲ့ အရေအတွက်အပေါ် စဉ်းစားပြီး စီစဉ်ရသလို တစ်ဖက်ကလည်း အခုထုတ်တဲ့ ကာကွယ်ဆေးတွေဟာ အနုတ် ၇၀ ဒီဂရီနဲ့ ထိန်းသိမ်းရတဲ့ ကာကွယ်ဆေးတွေ ရှိတယ်။ တချို့ကကျတော့ အနုတ် ၂၀ ဒီဂရီ၊ ၂၅ ဒီဂရီနဲ့ ထိန်းသိမ်းရတဲ့ကာကွယ်ဆေးတွေ ရှိတယ်။ အခုပုံမှန် ကာကွယ်ဆေးထိုးလုပ်ငန်းမှာ သုံးနေတဲ့ အနုတ် ၂ ဒီဂရီနဲ့ ၈ ဒီဂရီ အတွင်းမှာ ထိန်းသိမ်းရတဲ့ ကာကွယ်ဆေးတွေ ရှိတယ်။ ရတဲ့ကာကွယ်ဆေးအပေါ်မှာ မူတည်ပြီး ကိုယ့်နိုင်ငံသူနိုင်ငံသားတွေကို ကာကွယ်ဆေးထိုးနှံပေးဖို့အတွက် ကျွန်တော်တို့ အသေးစိတ် ဆောင်ရွက်ထားပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ အားလုံးသိတဲ့ အတိုင်းပဲ ဒီရောဂါကူးစက်မှုတွေကို ထိန်းချုပ်ထားနိုင်မှ သေဆုံးမှုနဲ့ နိုင်ငံရဲ့ Economic Recovery စီးပွားရေးတွေ ပြန်လည်ပြီး ဆောင်ရွက်နိုင်မယ်။ ဒီကိစ္စတွေကို စနစ်တကျဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့လည်း လက်ရှိ ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးတွေကို စနစ်တကျ ဆက်ပြီး ထိန်းသိမ်းဆောင်ရွက်ဖို့ လိုအပ်ကြောင်း တင်ပြလိုပါတယ်။

ကိုဗစ်–၁၉ ကာလအတွင်းမှာ ကာကွယ်ဆေးထိုးလုပ်ငန်းတွေ၊ ဥပမာ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွေကို ကလေးတွေအတွက် ဆောင်ရွက်နေရတာရှိတယ်။ အဲဒီဟာတွေနဲ့ ပတ်သက်ပြီးတော့လည်း မေးထားတဲ့ မေးခွန်းတွေရှိတဲ့အတွက်ကြောင့် တိုးချဲ့ကာကွယ်ဆေးထိုး စီမံချက်မှ ဒေါက်တာထားထားလင်းက ဆွေးနွေးတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာထားထားလင်း။** ။ တချို့ကိစ္စတွေ၊ တချို့ Information တွေကတော့ တင်ပြဖို့ တော်တော်စောသေးတယ်။ အဲဒီအခါကျတော့ ကျွန်မတို့အတွက် ပြင်ဆင်ဖို့လိုအပ်တဲ့ အချိန်က အနည်းဆုံး ခြောက်လလောက် လိုအပ်ပါတယ်။ တစ်နိုင်ငံလုံးမှာပါ။ အဲဒီတော့ ကျွန်မတို့ စာရင်းတွေ စပြီးကောက်နေပါပြီ။ စာရင်းတွေကို အမျိုးမျိုးကောက်မယ်။ စောစောကပြောတဲ့ ဦးစားပေးလူအုပ်စုတွေကို ဖော်ထုတ်နိုင်ဖို့အတွက် အုပ်စုပေါင်းများစွာကို လွှာပြီး စာရင်းတွေကောက်မယ်။

*စာမျက်နှာ ၂၂ သို့*

*စာမျက်နှာ ၂၁ မှ*

အဲဒီအထဲကနေမှ ဆရာကြီး ဦးစိုးလွင်ငြိမ်းက ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ အကြံပေးအဖွဲ့ရဲ့ ဥက္ကဋ္ဌပါ။ စုစုပေါင်းပညာရှင် ၁၄ ဦးရှိပါတယ်။ တကယ့်ကို ဘက်မလိုက်သော၊ အရင်ဆုံးတော့ အန္တရာယ်များတဲ့ လူအုပ်စုကို ကာကွယ်ဆေးရရှိဖို့၊ သေဆုံးမှုကို လျှော့ချဖို့ ဆိုတဲ့ ရည်ရွယ်ချက် ပြည့်မီဖို့အတွက် လူဦးရေကို ရွေးချယ်ပြီးဆုံးဖြတ်ပေးမှာ ဖြစ်ပါတယ်။ အချိန်တိုအတွင်း ကာကွယ်ဆေးတွေက အပြိုင်အဆိုင်ဝင်ရောက်လာတဲ့အခါ နံပါတ်တစ် အရေးအကြီးဆုံးက ဘေးကင်းဖို့၊ နံပါတ်နှစ် အရေးအကြီးဆုံးက အစွမ်းထက်ဖို့ပါပဲ။

ကာကွယ်ဆေးတွေအားလုံးရဲ့ ထုတ်ပြန်ချက်တွေမှာ စဉ်ဆက်မပြတ် အာရုံစိုက်နေဖို့ လိုပါတယ်။ အဲဒီအချိန်အတွင်းမှာပဲ ကျွန်မတို့က ပြိုင်ပြီးပြင်ဆင်မှုတွေ လုပ်ရပါတယ်။ ပြင်ဆင်မှုလုပ်နေတဲ့အချိန်မှာလည်း မျှော်လင့်ချက် အလွန်မကြီးစေချင်ပါဘူး။ ပြင်ဆင်ရတယ်ဆိုတာ အင်မတန်မှ အချိန်ယူပါတယ်။

အဲဒီတော့ ဘယ်လိုပဲဖြစ်ဖြစ် အခုအချိန်မှာတော့ ကာကွယ်ဆေးကို လူတိုင်းလိုချင်နေတယ်ဆိုတာနားလည်ပါတယ်။ နိုင်ငံတော်က ကာကွယ်ဆေးရရှိဖို့ နည်းလမ်းပေါင်းစုံနဲ့ စဉ်းစားပေးနေတဲ့ အချိန်မှာ အရင်ဦးဆုံး အထိရောက်ဆုံးဖြစ်တဲ့ ကာကွယ်ရေးလုပ်ငန်းတွေကိုလည်း မမေ့စေချင်ပါဘူး။ ဒါကြောင့် အခုကာကွယ်ဆေးထိုးလုပ်ငန်းတွေကို Stay at Home မြို့နယ် ၇၃ မြို့နယ်မှာ ခေတ္တရပ်ထားပါတယ်။ ဒီတစ်ပတ်ထဲမှာပဲ ပြန်လည်ထိုးဖို့အတွက် ညွှန်ကြားချက်ထုတ်ထားပါတယ်။

ကာကွယ်ဆေးထိုးတဲ့နေရာတွေမှာ မိဘတွေကလည်း အိမ်ကထွက်လာကတည်းက Stay at Home မြို့နယ်တွေဆိုတော့ ပါးစပ်နှာခေါင်းစည်းတွေ၊ မျက်နှာကာတွေ ပါလာမယ်။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်တဲ့ပစ္စည်းတွေနဲ့ ကာကွယ်လာမယ်ဆိုရင် Stay at Home မြို့နယ် ၇၃ မြို့နယ်မှာ ပြန်လည်ထိုးပေးပါမယ်။

လာမယ့်ဒီဇင်ဘာလဆန်းမှာ ကွင်းဆင်းစုရပ်တွေ၊ ကျေးရွာတွေ၊ ရပ်ကွက်တွေကို ကွင်းဆင်းဖို့ အစီအစဉ်လုပ်ထားပါတယ်။ အဲဒီအတွက် သက်ဆိုင်ရာ အရင်ထိုးနေကျ ဆရာမတွေဆီမှာပဲ ဆက်သွယ်ပြီး မေးမြန်းလို့ရပါတယ်။ သက်ဆိုင်ရာ ဆေးရုံ၊ ဆေးခန်းတွေမှာလည်း ဆက်သွယ်မေးမြန်းလို့ ရပါတယ်။ ကြိုပြီးရက်ချိန်းယူရင် မစောင့်ရတော့ဘူး။ လူစုလူဝေးတွေနဲ့လည်း မတွေ့ရတော့ဘူး။ အဲဒီအတွက် ပူးပေါင်းဆောင်ရွက်ပေးပါလို့ မေတ္တာရပ်ခံပါတယ်။

ကျွန်မတို့က ထိုးပါတော့လို့ ညွှန်ကြားချက်လာတဲ့ တစ်ပြိုင်နက် အဆင့်ဆင့်ပြင်ဆင်ရပါတယ်။ ကာကွယ်ဆေးတွေကို ပြန်ထုတ်ရတယ်။ လူဦးရေတွေ ပြန်ပြီးတော့ စိစစ်ရတယ်။ ဆရာ၊ ဆရာမတွေဘက်ကလည်း အချိန်ယူပါမယ်။ ဒါကြောင့် ပူးပေါင်းဆောင်ရွက်ပေးပါ၊ သူတို့ရဲ့ လုပ်ငန်းတာဝန်အပေါ်မှာ နားလည်ပေးပြီး ချိန်းဆိုတဲ့အတိုင်းသွားပေးပါ။ အဓိကတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဘာကိုခန့်မှန်းထားသလဲဆိုတော့ ကိုဗစ် – ၁၉ ကာလထဲမှာသော် လည်းကောင်း၊ ကာလပြီးပြီးချင်းမှာသော်လည်းကောင်း ကူးစက်မြန်သော ကာကွယ်ဆေးနဲ့ ကာကွယ်လို့ရတဲ့ ရောဂါတွေ၊ အထူးသဖြင့် ဝက်သက်ရောဂါတွေဟာ ခေါင်းထောင်ပြီး ထလာနိုင်တယ်။

ကိုဗစ် – ၁၉ ပြဿနာကြောင့် ကမ္ဘာ့ရဲ့ စီးပွားရေးကျဆင်းမှုနဲ့အညီ စီးပွားရေးတွေ မပြေလည်ဘူး။ အဲဒီအပြင် အာဟာရချို့တဲ့ ကလေးတွေများ လာနိုင်တယ်။ ဒါကြောင့် ဝက်သက်လိုကပ်ရောဂါတွေဖြစ်တဲ့အခါ မလွဲမရှောင်သာ ပြင်းထန်နိုင်တယ်ဆိုပြီး ထင်မြင်ချက်တွေပေးထားပါတယ်။

ကျွန်မတို့ကတော့ ကြိုတင်ပြင်ဆင်ရမှာ ဖြစ်တဲ့အတွက် အခု အကြံပြုထားတာကတော့ ဝက်သက်၊ ဂျိုက်သိုးကာကွယ်ဆေး၊ ဆံ့ဆို့နာပါဝင်တဲ့ ကာကွယ်ဆေးကို မပြည့်သေးဘူးဆိုရင် အသက် ၅ နှစ်အထိ ထိုးဖို့အတွက် စီစဉ်ပေးထားပါတယ်။ ကာကွယ်ဆေးထိုးကတ်ပြားလေး ရှိတယ်၊ ကလေးက သုံးနှစ်ရှိပြီ၊ **ဝက်သက်ကာကွယ်ဆေး** မရသေးဘူးဆိုရင် ကတ်ပြားလေးကို ယူသွားပါ။ သက်ဆိုင်ရာနီးစပ်တဲ့ ကျန်းမာရေးဌာနမှာ ရှင်းပြပါ။ ရက်ချိန်းယူပါ။ ဝက်သက်၊ ဂျိုက်သိုး ကာကွယ်ဆေး၊ ဆံ့ဆို့နာအတွက် ကာကွယ်ဆေးကို စီစဉ်ပေးထားပါတယ်။ ဒါလည်း ဆရာကြီးတို့အားလုံးရဲ့ အကြံပြုချက်နဲ့ ဖြစ်ပါတယ်။

လောလောဆယ်တော့ နံပါတ်တစ် ဦးစားပေးက ကိုဗစ် – ၁၉ ကူးစက်မှု မဖြစ်စေရေးပါပဲဆိုတာ ကျွန်မထပ်ပြီးတင်ပြချင်ပါတယ်။ နံပါတ်နှစ်က မဖြစ်မနေရရှိမယ့် ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှု၊ အထူးသဖြင့် ကလေးတွေအတွက် ကာကွယ်ဆေးကတော့ ရရပါမယ်။ ဒါပေမယ့် ဘယ်တော့မှ မမေ့ရမှာက အဲဒီနေရာက ကူးစက်ရောဂါတွေ ရမလာဖို့ အရေးကြီးပါတယ်။ နောက်ဆုံးကတော့ ကိုဗစ် – ၁၉ ကာကွယ်ဆေးဖြစ်ပါတယ်။

အဲဒါရရင်လည်း အတတ်နိုင်ဆုံး အစုလိုက် ကာကွယ်ဆေးထိုးလုပ်ငန်းတွေမှာ လူ ၁၄ သန်း လောက်အထိ တစ်လအတွင်းမှာ ကာကွယ်ဆေးထိုးဖူးတဲ့ အတွေ့အကြုံတွေရှိပါတယ်။ အဲဒီတော့ စိတ်မပူပါနဲ့။ ကာကွယ်ဆေးဟာ ကမ္ဘာ့ဈေးကွက်ကို တစ်လ၊ နှစ်လတည်းနဲ့ သန်းပေါင်းများစွာချီပြီး ရောက်လာဖို့ မဖြစ်နိုင်ပါဘူး။ နိုင်ငံတိုင်းက အပြိုင်အဆိုင်ယူတာမျိုး မဟုတ်ဘဲ ကျွန်မတို့နိုင်ငံတွေမှာလည်း ကာကွယ်ဆေးရရှိဖို့ အခွင့်အလမ်း သာတူညီမျှရရှိဖို့ အများကြီးကြိုးစားထားပါတယ်။ အဲဒီ အတွက် ရရှိမယ်လို့လည်း မျှော်လင့်ပါတယ်။ ဒါကြောင့် ကျွန်မတို့ ရောဂါကာကွယ်ရေး၊ ကုသရေးတွေနဲ့ ပတ်သက်ပြီး အာရုံစိုက်ပြီးတော့ ဆောင်ရွက်နေကြတဲ့အချိန်မှာ ဆရာရန်နိုင်မောင်က ရောဂါကာကွယ်ထိန်းချုပ်ရေးနဲ့ ပတ်သက်ပြီး ဆေးရုံအုပ်ကြီး တစ်ယောက်အနေနဲ့ ဆွေးနွေးစရာတွေရှိမယ်လို့ ထင်ပါတယ်။

**ဒေါက်တာရန်နိုင်မောင်** ။ ။ ကျွန်တော်တို့ အနေနဲ့ တကယ်တော့ မြေပြင်မှာ လုပ်နေရတဲ့ လုပ်ငန်းတွေ အများကြီးရှိပါတယ်။ ပထမတစ်ခုကတော့ ကာကွယ်ဆေးထိုးတာ ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးကို မရခင်မှာကာကွယ်ဆေးအနေနဲ့တော့ Mask နဲ့ Face Shield ကို ကျွန်တော်တို့ အဓိကထားပြီး ပြောနေပါတယ်။ ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်၊ နောက်ပြီး ရောဂါအဖြစ်များနေတဲ့ ဝေါမြို့နယ်၊ လက်ပံတန်းမြို့နယ်၊ ဖြူးမြို့နယ်တွေမှာလည်း Mask Campaign တွေကို ကျွန်တော်တို့ သေသေချာချာအားထည့်ပြီး ဆောင်ရွက်နေပါတယ်။ လုပ်ဖို့ကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လမ်းညွှန်မှုတွေ ပေးထားပါတယ်။ နောက်ပြီး လိုအပ်တဲ့ပစ္စည်းတွေ ထောက်ပံ့ထားတာရှိပါတယ်။ အဲဒီအပြင် ကျွန်တော်တို့ရဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း သေသေချာချာ Task Force တွေကိုဖွဲ့ပြီး လုပ်ပေးပါတယ်။

ကျွန်တော်တို့ကတော့ ဒီဟာလေးကို ဘာလို့တင်စားလိုက်သလဲဆိုရင် အခုလတ်တလော ထိုးတဲ့ကာကွယ်ဆေး မရခင်မှာ Mask နဲ့ Face Shield က ကာကွယ်ဆေးပါပဲ ဆိုတာ ဒီလိုလေး ပြောထားပါတယ်။ ပြည်သူတွေ အသိပညာရအောင် ပေးထားပါတယ်။ အဓိကတော့ လူတွေ အစုလိုက် အပြုံလိုက်တွေ့ရတာများတဲ့ ဈေးတွေမှာ ဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော်တို့ရဲ့ ဆရာကြီး ဦးစိုးလွင်ငြိမ်းကလည်း ဒီနေရာတွေကို Emphasize လုပ်ဖို့ ကျွန်တော်တို့ကို အမြဲတမ်းမှာတာ ရှိပါတယ်။ နောက်ပြီး ပြည်ထောင်စုဝန်ကြီးကလည်း အမြဲတမ်းမှာပါတယ်။ ဆရာကြီးညွှန်ကြားရေးမှူးချုပ်တို့ကလည်း မှာပါတယ်။

နောက်ပြီး အစုလိုက်အပြုံလိုက် နောက်ထပ်နေရာတွေဖြစ်တဲ့ ဆေးရုံလိုနေရာတွေ၊ လမ်းဆုံလိုနေရာတွေ ဒါတွေကိုလည်း လုပ်ပါတယ်။ အဲဒီအပြင် ဆရာကြီးတွေရဲ့ လမ်းညွှန်မှုတွေ၊ ကျွန်တော်တို့ရဲ့ ဆွေးနွေးမှုတွေနဲ့ ရောဂါပိုးရှိတဲ့သူတွေကိုလည်း ဘယ်နေရာမှာ အတွေ့များသလဲ၊ ဘယ်ကနေ အထွက်များသလဲဆိုတဲ့ အချက်အလက်တွေကိုလည်း သေသေချာချာလုပ်ထားပါတယ်။ တစ်ဆက်တည်းမှာပဲ ပဲခူးတိုင်းဒေသကြီးအပြင် အခြားနေရာတွေမှာလည်း ဒီလိုမျိုးရောဂါကာကွယ် နှိမ်နင်းရေးလုပ်ငန်းတွေကို လုပ်ပါတယ်။ လုပ်တာတွေကိုလည်း ကျွန်တော်တို့ရဲ့ Facebook Page မှာ တင်ပါတယ်။ ကာကွယ်ဆေးနဲ့ ပတ်သက်ပြီး မေးထားတဲ့ မေးခွန်းတစ်ခုရှိပါတယ်။ **ကုန်တင်ကားတွေကို စစ်ပေးနေတာ ဘာဖြစ်လို့စစ်ပေးနေတာလဲ။ ကုန်တင်ကားမှာရှိတဲ့ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေကို စစ်တာ အကျိုးကျေးဇူးရှိလို့လား ဆိုတဲ့** မေးခွန်းမေးထားတာ ဖြစ်တဲ့အတွက် ဒီနေ့အမေးအဖြေကဏ္ဍမှာ တစ်လက်စတည်း ထည့်သွင်းဆွေးနွေးပေးချင်ပါတယ်။

ကုန်တင်ကားတွေကို ဘာလို့စစ်ပေးတာလဲဆိုတော့ ဧရိယာတွေကို Stay at Home ကြေညာလိုက်တဲ့အခါ Stay at Home ရဲ့ ကန့်သတ်ချက်တွေ ရှိပါတယ်။ ဖြတ်သန်းသွားလာဖို့ အခက်အခဲတွေ ရှိတဲ့အတွက် အောက်တိုဘာလဆန်းမတိုင်ခင်မှာ နေရာတွေ အကုန်လုံးမှာ ကုန်တင်ကားတွေမှအစ ပိတ်ဆို့မှုတွေဖြစ်သွားပါတယ်။ ကုန်စည်စီးဆင်းမှုတွေ အခိုက်အတန့်အားဖြင့် ရပ်သွားတာ၊ အခက် အခဲရှိတာတွေ ဖြစ်သွားပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့က ဒီဟာကိုဖြေရှင်းတဲ့အနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ RDT နဲ့ စစ်ပေးတာတွေလုပ်တယ်။

ဒီလိုပဲ အခြားဌာနဆိုင်ရာတွေကလည်း အကုန်လုံး ဝိုင်းပြီး ထိန်းသိမ်းတာတွေ လုပ်တဲ့အချိန်မှာ အခုကျွန်တော်တို့ရဲ့ မြို့နယ်တွေမှာဆိုရင် အခုက အခြေပြုတဲ့ဒေသကစပြီး ကိုယ့်ဆီကစပြီး ထွက်မယ့် ကုန်တင်ကားမောင်းတဲ့သူတွေ၊ ယာဉ်နောက်လိုက်တွေကို စစ်ပေးတာတွေ စပြီးလုပ်နေပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဘာအကျိုးရှိသလဲဆိုတော့ ကုန်တင်ကားမောင်းတဲ့ ယာဉ်မောင်းတွေ၊ ယာဉ်နောက်လိုက်တွေ Community မှာ ဘယ်လောက်အထိရှိတယ် ဆိုတာကို သိခွင့်ရတယ်။

ပဲခူးတိုင်းဒေသကြီးမှာ ၁၉၅၄၇ ယောက်စစ်ပြီးပါပြီ။ ဒီအထဲမှာ Positive တွေ့တာက ၁၈၁ ယောက် ဖြစ်ပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၁ ရာခိုင်နှုန်းမပြည့်ဘူး ဒီလိုမျိုးတွေ့တာရှိပါတယ်။ အဲဒီလို တွေ့တာမှာ တိုင်းဒေသကြီးအတွင်းက လူတွေရှိသလို အခြားမှာနေတဲ့သူတွေ တွေ့တာလည်း ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင်တုန်းကတော့ တိုင်းဒေသကြီးထဲကို ဝင်လာတဲ့သူ မှန်သမျှကို စစ်ပေးတာရှိပါတယ်။ အခုတော့ အခြေပြုဒေသကိုပဲ စစ်တာဖြစ်တဲ့အတွက် ပိုပြီးကောင်းပါတယ်။ ပိုကောင်းတာက ဒီကုန်တင်ကားဆရာတွေကို မထွက်ခင်မှာ ကျွန်တော်တို့က စစ်ပေးတာ ဖြစ်ပါတယ်။ သူတို့မှာ တွေ့သွားတယ်ဆိုရင်သက်ဆိုင်ရာကုသရေးစင်တာတွေကို ပို့ပြီးကုသပေးနိုင် သလို သူတို့ကတစ်ဆင့် အခြားလူတွေကို ကူးစက်မှုမရှိအောင် တစ်ခါတည်း ကာကွယ်ပြီးသားဖြစ်သွားမယ်။ နောက်ပြီး သူတို့ရဲ့ Contact တွေကိုလည်း တစ်ခါတည်းစုပြီး စနစ်ကျတဲ့ Facility Quarantine ထားတာတွေလုပ်နိုင်ပါတယ်။ ဒါကြောင့် သူတို့အတွက် အကျိုးရှိသလို သူတို့မိသားစုတွေအတွက်လည်း အကျိုးရှိပါတယ်။ ဒီလိုပဲ သူတို့ပတ်ဝန်းကျင်အတွက်လည်း အကျိုးရှိပြီး သူတို့ထိစပ်သွားနိုင်မယ့် Community အတွက်လည်း အကျိုးရှိပါတယ်ဆိုတာကို ဒီနေရာမှာတင်ပြချင်ပါတယ်။

နောက်တစ်ခု တစ်လက်စတည်းပါပဲ ကျွန်တော်တို့ ဒီလိုလုပ်တဲ့အခါ အားလုံးက ပူးပေါင်းပြီး လုပ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း လမ်းညွှန်ချက်တွေ ချမှတ်ပေးသလို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနက အဖွဲ့တွေအကုန်လုံးကလည်း ကျွန်တော်တို့ကို ကူညီပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း အနီးကပ်ကြီးကြပ်ပြီး ကျွန်တော်တို့ရဲ့ လိုအပ်ချက်တွေကို အချိန်နဲ့တစ်ပြေးညီ ဖြည့်ဆည်းပေးတာတွေရှိပါတယ်။

အခြေခံကျန်းမာရေးပညာရှင်ဝန်ထမ်းတွေ၊ ဆရာ TMOတွေ ဦးဆောင်ပြီး သေချာလုပ်နေသလို သက်ဆိုင်ရာဆေးရုံအသီးသီးမှာရှိတဲ့ ဆေးရုံအုပ်တွေ ဦးဆောင်ပြီး သမားတော်ကြီးတွေ အပါအဝင် အဆင့်ဆင့်သော ဆရာဝန်၊ သူနာပြုဝန်ထမ်းတွေကလည်း အားလုံးသေသေချာချာဝိုင်းပြီး ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။

အဲဒီလိုပဲ ပရဟိတအသင်းတွေ၊ စေတနာရှင်တွေကလည်း ဝိုင်းပြီးကူညီပေးနေတာဖြစ်တဲ့အတွက် ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးက ကူးစက်မှုတွေ များနေတာဖြစ်ပေမယ့်လည်း ကျွန်တော်တို့အနေနဲ့ အတတ်နိုင်ဆုံး၊ ထိန်းချုပ်တဲ့လုပ်ငန်းတွေ၊ ကုသတဲ့လုပ်ငန်းတွေကို ပြည်သူသာအဓိကဆိုတဲ့အတိုင်း ပြည်သူရဲ့အင်အားနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်ဆိုတာ တင်ပြလိုပါတယ်။

**ဒေါက်တာထားထားလင်း**။ ။ ဆရာ့ဆီမှာ Stay at Home မြို့နယ် ၃ မြို့နယ်ရှိပါတယ်။ အဲဒီ မြို့နယ်တွေမှာ ကာကွယ်ဆေးထိုးလုပ်ငန်းတွေ ပြန်ပြီးလုပ်တော့ ပြည်သူလူထုက ပူးပေါင်းပါဝင်တာကို တွေ့ရပါသလား။ အဆင်ပြေပါသလားရှင်။

**ဒေါက်တာရန်နိုင်မောင်**။ ။ အတော်ကို အဆင်ပြေပါတယ်။ ကျွန်တော်တို့ကို ကာကွယ်ဆေး ဘယ်တော့ ပြန်ထိုးမလဲဆိုပြီး မေးနေတာတွေကိုရှိပါတယ်။ ဒေါ်ထားထားလင်းတို့လည်း သိပါတယ်။ ကျွန်တော်တို့အရင်မှာလည်း ကာကွယ်ဆေးထိုးလုပ်ငန်းတွေစတဲ့အခါ ဆေးရုံအခြေပြုနဲ့ စပါတယ်။ အဲဒီဟာတွေမှာလည်း တကယ်ကိုပဲ အောင်မြင်အောင်လုပ်နိုင်ပါတယ်။ ပြည်သူတွေကလည်း ဆေးရုံတွေမှာလာပြီး သေသေချာချာလေး ကာကွယ်ဆေးထိုးပါတယ်။ ဒါကြောင့် ပြည်သူတွေကလည်း ကာကွယ်ဆေးထိုးတဲ့ လုပ်ငန်းတွေကို စိတ်ဝင်စားတယ်ဆိုတာ ပြောချင်ပါတယ်။

**ဒေါက်တာစိုးလွင်ငြိမ်း** ။ ။ ဆရာ ရန်နိုင်မောင်တို့ Mask နဲ့ Face Shield Campaign လုပ်နေတာ ကျွန်တော်သိရသလောက်တော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တော်တော်များများမှာ လုပ်နေတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာလည်း တော်တော်ကျယ်ကျယ်ပြန့်ပြန့်လုပ်နေတာ တွေ့ရတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်ဆွေးနွေးချင်တာက ကူးစက်ရောဂါတွေမှာ အထူးသဖြင့် ရောဂါကို အလျင်အမြန်ကာကွယ်ထိန်းချုပ်ချင်ရင် Campaign Approach နဲ့လုပ်ပါတယ်။

အဲဒါက ဘာလဲဆိုတော့ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာ တစ်နိုင်ငံလုံးမှာ တစ်ပြေးညီ ဆောင်ရွက်တာဖြစ်ပါတယ်။ အခုလည်းပဲ Mask နဲ့ Face Shield Campaign က နှစ်ပတ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆောင်ရွက်တာဖြစ်ပါတယ်။ ဒါကို စနစ်တကျ လူတိုင်းလူတိုင်းက နေရာတိုင်းနေရာတိုင်းမှာ Campaign Approach တစ်ညီတစ်ညာတည်း ဆောင်ရွက်လိုက်ရင် ဗိုင်းရပ်စ်ရဲ့ကူးစက်မှုကို ဖြတ်တောက်နိုင်ပြီး သိသိသာသာထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။

ဒါနဲ့တစ်ဆက်တည်း ဆွေးနွေးချင်တာက နေ့စဉ်နေ့စဉ်တွေမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ခ‌ာတ်ခွဲစမ်းသပ်မှုအခြေအနေတွေ၊ ရောဂါဖြစ်ပွားမှုအခြေအနေတွေ၊ သေဆုံးမှု အခြေအနေတွေ ဒါတွေကို တင်ပြနေပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးဝန်ထမ်းတွေက ဒီအပေါ်မှာ မူတည်ပြီး စီစဉ်ဆောင်ရွက်ရမယ့် ရောဂါထိန်းချုပ်မှုလုပ်ငန်းတွေ၊ ကုသမှုလုပ်ငန်းတွေ၊ ဆေးရုံကိစ္စတွေ ဒါတွေကို နေ့စဉ်စီစဉ်ဆောင်ရွက်ရပါတယ်။

ပြည်သူလူထုအနေနဲ့လည်း ဒီဖော်ပြတဲ့ ကိန်းဂဏန်းတွေအပေါ်မှာ မူတည်ပြီး လုပ်ရမယ့် တာဝန်တွေရှိကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ အခုသေဆုံးတဲ့ လူတွေကို ကြည့်လိုက်ရင် အဲဒီမှာလည်း သီးခြားဖော်ပြထားတယ်။ သေဆုံးတဲ့သူ ဘယ်လောက်ကတော့ အသက်ကြီးပြီး ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ စသဖြင့် ရောဂါအခံရှိတဲ့သူ ဘယ်နှယောက်သေပါတယ်ဆိုတာဖော်ပြတယ်။ ကြည့်လိုက်ရင် ဒီလိုမျိုး အသက်အရွယ်ကြီးပြီး ရောဂါအခံရှိတဲ့သူတွေက သေဆုံးမှုပိုများနေပါတယ်။

ကျွန်တော်တို့က ဒီအသက်ကြီးတဲ့သူတွေ ပိုများနေတယ်ဆိုပြီး ပြောနေလို့တော့မရပါဘူး။ ကျွန်တော်တို့ လုပ်ရမယ့်တာဝန်ရှိတယ်။ ဒီလိုမျိုးများနေတာ မိသားစုတစ်ခုချင်းမှာ ကာကွယ်ထိန်းချုပ်ခြင်းကို ပိုပြီးတော့ ဦးစားပေးဆောင်ရွက်ရမယ့် အနေအထားကိုပြနေတယ်။ ဒါကြောင့် မိသားစုတစ်စုချင်း၊ တစ်စုချင်းက ကိုယ့်မိသားစုမှာရှိတဲ့ သက်ကြီးရွယ်အို အဘိုးအဘွားတွေ သူတို့ရောဂါကူးစက်မှုမရှိအောင်သာ ထိန်းပေးလိုက်ရင် နေ့စဉ်ဖော်ပြနေတဲ့ သေဆုံးမှုတွေက ကျသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဟာကိုလည်း ပြည်သူလူထုအနေနဲ့သိစေချင်ပါတယ်။

ဒီဂဏန်းအပေါ်မှာမူတည်ပြီး ကိုယ်တွေဟာ ဘယ်အပိုင်းမှာ ပူးပေါင်းဆောင်ရွက်ရမလဲ။ ဒါတွေကိုလည်း သိစေချင်တယ်။ လုပ်လည်းလုပ်စေချင်တယ်။ သေချာဖိဖိစီးစီး လုပ်လိုက်မယ်ဆိုရင် ကာကွယ်ဆေးတွေကို စောင့်စရာမလိုဘဲနဲ့ သေဆုံးမှုကို သိသိသာသာကျဆင်းအောင် ဆောင်ရွက်နိုင်မယ့်နည်းလမ်း ဖြစ်ပါတယ်။ နောက်တစ်ခုကလည်း ရောဂါဖြစ်ပွားတဲ့သူတွေကို ကြည့်လိုက်မယ်ဆိုရင် အတည်ပြုလူနာရဲ့ ၆၀ ရာခိုင်နှုန်းက ထိတွေ့တဲ့လူတွေရဲ့ ၆၀ ရာခိုင်နှုန်းမှာ ရောဂါပိုးတွေ့တယ်ဆိုတာကို တွေ့ရတယ်။ ထိတွေ့တဲ့သူတွေက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက Mask တပ်တာ၊ လက်ဆေးတာ၊ Social Distancing တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေတာတွေ၊ လူစုလူဝေးကို ရှောင်ကြဉ်တာတွေ ဒါတွေကိုလည်း ဒီရက်ပိုင်းမှာ အားထည့်ပြီး ဆောင်ရွက်ပေးဖို့အတွက် ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးလိုပါတယ်။ ။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နိုင်ငံတော်သမ္မတရုံး၊ သတင်းနှင့် လုံခြုံရေးဆိုင်ရာဌာနကြီး၊ e-Government ဌာနတွင် ICT System များဖြစ်သော e-Office, e-mail နှင့် Messenger တို့အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - ၂၀-၁၁-၂၀၂၀ရက် (သောကြာနေ့) |
| (ခ) | **တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်** | - ၁၈-၁၂-၂၀၂၀ရက် (သောကြာနေ့) |
| (ဂ) | **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** | - ရုံးအမှတ်(၁၈)၊ နေပြည်တော် |
| (ဃ) | **တင်ဒါတင်သွင်းရမည့်နေရာ** | - ရုံးအမှတ်(၁၈)၊ နေပြည်တော် |
| (င) | **တင်ဒါလျှောက်လွှာ နောက်ဆုံးလက်ခံမည့်ရက်နှင့်အချိန်** | - ၂၁-၁၂-၂၀၂၀ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီ |
| (စ) | **တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန်** | - ၂၁-၁၂-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁:၃၀နာရီ |

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက-ဖုန်း-၀၆၇-၃၄၀၉၁၁၆နှင့် ၀၆၇-၃၄၀၉၅၉၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နိုင်ငံတော်သမ္မတရုံး**
**ရုံးအမှတ်(၁၈)၊ နေပြည်တော်**

## နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ဒီကရီကောလိပ်အတွက် Computer Numerical Control (CNC Machine) (၁)စုံ ဝယ်ယူရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါပစ္စည်းအား ရောင်းချ/ဆောင်ရွက်လိုသော ဆိုင်/ကုမ္ပဏီများ အနေဖြင့် တင်ဒါပုံစံပါ အချက်အလက်များအား ပြည့်စုံစွာဖြည့်စွက်ပြီး တင်ဒါခေါ်ယူရေးအဖွဲ့ထံသို့ သတ်မှတ်ရက်အတွင်း တင်သွင်းရမည်ဖြစ်ပါသည်-

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၃-၁၁-၂၀၂၀ရက်
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၂၃-၁၂-၂၀၂၀ရက် ညနေ ၄:၃၀နာရီ
**တင်ဒါပုံစံရောင်းချမည့်နေရာ** - ရုံးအမှတ်(၄၂)၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၉၄၉၃သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန Website(www.mobe.gov.com) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**နယ်စပ်ရေးရာဝန်ကြီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း စက်သုံးဆီ(ဓာတ်ဆီ နှင့် Naphtha ) ရောင်းချရန် ကြေညာခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံ ဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ ထုတ်လုပ်သည့် ဓာတ်ဆီနှင့် အမှတ်(၁) ရေနံ ဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)မှ ထုတ်လုပ်သည့် Naphtha တို့အား ပြောင်းလဲသတ်မှတ်သည့် ရောင်းဈေးနှုန်းဖြင့် စက်သုံးဆီ အရောင်းဆိုင်များ၊ စက်သုံးဆီတင်သွင်း/ ရောင်းချဖြန့်ဖြူးကုမ္ပဏီများ၊ ရေယာဉ်လုပ်ငန်းရှင်များ၊ လမ်းတံတားလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ စက်ရုံအလုပ်ရုံများ၊ သတ္တုတွင်းလုပ်ငန်း၊ စက်သုံးဆီအသုံးပြု၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များသို့ ၂၀-၁၁-၂၀၂၀ရက်မှ ၂၁-၁၁-၂၀၂၀ရက်အထိ လျှောက်လွှာလက်ခံပြီး အောက်ဖော်ပြပါအတိုင်း ရောင်းချပေးမည်ဖြစ်ပါ၍ စက်ရုံသို့ တိုက်ရိုက်လိပ်မူ လျှောက်ထားဝယ်ယူနိုင်ပါသည်-

| စဉ် | စက်သုံးဆီ | ပမာဏ(ဂါလန်) | ရောင်းဈေးနှုန်း(ကျပ်/ဂါလန်) |
|---|---|---|---|
| (က) | ဓာတ်ဆီ | ၁၀၀၀၀၀၀(ဂါလန်တစ်သန်း) | ၁၇၅၀ကျပ်(ကျပ်တစ်ထောင့်ခုနစ်ရာငါးဆယ်) |
| (ခ) | Naphtha | ၄၀၀၀၀(ဂါလန်လေးသောင်း) | ၁၉၀၀ ကျပ်(ကျပ်တစ်ထောင့်ကိုးရာ) |

၂။ လျှောက်လွှာအား ဓာတ်ဆီအတွက် ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်) E-mail (ref3manngm @gmail.com)နှင့် Naphtha အတွက် အမှတ်(၁) ရေနံ ဓာတ်ငွေ့ရည်၊ စက်ရုံ (မင်းဘူး)E-mail(lpgmb 10 @gmail.com) တို့လည်းကောင်း၊ ကိုယ်တိုင်သော်လည်းကောင်း သင့်ရာနည်းဖြင့် စက်ရုံသို့ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

၃။ ရောင်းချမည့် ပုံစံနှင့် စည်းကမ်းချက် အသေးစိတ်တို့အား သိရှိလိုပါက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Website (www.moee.gov. mm) သို့ ဝင်ရောက်ကြည့်ရှု၍ လည်းကောင်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း- ၀၆၇- ၃၄၁၁၀၈၂ နှင့် ရေနံ ဓာတုဗေဒစက်ရုံစု(သံပရာကန်)ဖုန်း- ၀၉- ၄၀၁၅၂၂၆၅၀ ၊ ၀၉- ၄၀၁၅၅၄ ၈၀၄ တို့သို့လည်းကောင်း၊ အမှတ် (၁) ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)ဖုန်း- ၀၉- ၅၃၄၂၆၆၉၊ ၀၉- ၉၇၂၃၇၅၉၂၃ တို့သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂) မိတ္ထီလာမြို့နယ် တရားရုံး ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၄နှင့် ဆက်နွယ်သည့် ၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၃၃

ဦးမျိုးဝင်း **ဒီကရီအနိုင်ရသူ** နှင့် ဒေါ်တင်အေး **တရားရှုံး**

မိတ္ထီလာမြို့၊ ပြည်သာယာ(မ)ရပ်ကွက်တွင်နေထိုင်သူ ဒေါ်တင်အေး (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၄တွင် ကျရှိသည့် ဒီကရီအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးမျိုးဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရ ကိုယ်စားလှယ်ဖြင့် ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်(၁၃၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထွန်းမင်းဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး (၃)**
**မိတ္ထီလာမြို့နယ် တရားရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တပ်ကုန်းမြို့နယ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်း Lot(၂၄)ခုကို ဆောက်လုပ်ဆောင်ရွက်မည်ဖြစ်သည့်အတွက် တင်ဒါပေးသွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာ- ရောင်းချမည့်ရက်** | ၂၀-၁၁-၂၀၂၀ရက် |
| (ခ) | **တင်ဒါပိတ်မည့်ရက်** | - ၁၉-၁၂-၂၀၂၀ရက် |
| (ဂ) | **တင်ဒါဖွင့်မည့်ရက်** | - ၂၄-၁၂-၂၀၂၀ရက် |
| (ဃ) | **တင်ဒါလျှောက်လွှာဝယ်ယူ/ တင်သွင်းရမည့်နေရာ** | - မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ တပ်ကုန်းမြို့နယ် |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို တပ်ကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး-ဖုန်း-၀၆၇-၈၀၇၀၃၀၄တွင် နေ့စဉ်ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ၊ တပ်ကုန်းမြို့နယ်**

## စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ အဆောက်အအုံအထူးအဖွဲ့(၆)၊ မန္တလေးနှင့် (၁၀)၊ မုံရွာတို့၏ အိတ်ဖွင့်တင်ဒါဖွင့်ပွဲရက် ကြေညာခြင်း

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် အတွင်း အဆောက်အအုံအထူးအဖွဲ့(၆)၊ မန္တလေးမြို့နှင့် အဆောက်အအုံအထူးအဖွဲ့(၁၀)၊ မုံရွာမြို့တို့၏မှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ပစ္စည်းဝယ်ယူရေးတင်ဒါဖွင့်ပွဲကို ၈-၁၂-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် မုံရွာမြို့၊ အထက(၂) စုပေါင်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာ လုံခြုံရေးဦးစီးဌာန e-Government ဆိုင်ရာ လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် e-Government လုပ်ငန်းရပ်များအတွက် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/လုပ်ငန်းအပ်နှံ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ တင်ဒါပေးသွင်းလိုသူ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဆောင်ရွက်မည့် လုပ်ငန်းများမှာ-

| စဉ် | အကြောင်းအရာ | တင်ဒါအမှတ်စဉ် ITCSD() |
|---|---|---|
| (က) | Network DDoS Detection & Mitigation System ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း(Turnkey ) | (၁၃/၂၀၂၁) |
| (ခ) | End Point Protectionလုပ်ငန်းများဆောင်ရွက်ခြင်း | (၁၆/၂၀၂၁) |
| (ဂ) | ELA for VM Fire Wall to use for VM လုပ်ငန်းများဆောင်ရွက်ခြင်း | (၁၇/၂၀၂၁) |
| (ဃ) | VM ware Cloud Foundationလုပ်ငန်းများဆောင်ရွက်ခြင်း | (၁၈/၂၀၂၁) |
| (င) | Web Hosting System ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း(Turnkey ) | (၂၁/၂၀၂၁) |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၃-၁၁-၂၀၂၀ရက်မှ ၂၃-၁၂-၂၀၂၀ရက် အထိ
**တင်ဒါပုံစံရောင်းချမည့်နေရာ** - တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန (စီမံ/ဘဏ္ဍာ/ထောက်ပံ့)ဌာန၊ ရုံးအမှတ် (၂)၊ နေပြည်တော်
**တင်ဒါတင်သွင်းရမည့်နေရာ** - တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန သင်တန်းကျောင်း၊ ရုံးအမှတ်(၂)၊ နေပြည်တော်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့် နေ့ရက်နှင့် အချိန်** - ၂၃-၁၂-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)၊ (၁၃:၀၀နာရီ)

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော် ဖုန်း- ၀၆၇-၃၄၀၇၇၅၃နှင့် e-Government ဌာန၊ ဖုန်း-၀၆၇- ၃၄၂၂၄၃၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ(ဆက်သွယ်ရေး)**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂) မိတ္ထီလာမြို့နယ် တရားရုံး ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၁၀၄နှင့် ဆက်နွယ်သည့် ၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၃၂

ဦးမျိုးဝင်း **ဒီကရီအနိုင်ရသူ** နှင့် ဦးသိန်းဇော်ဝင်း **တရားရှုံး**

မိတ္ထီလာမြို့၊ ပြည်သာယာ(မ)ရပ်ကွက်တွင်နေထိုင်သူ ဦးသိန်းဇော်ဝင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၁၀၄တွင် ကျရှိသည့် ဒီကရီအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးမျိုးဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရ ကိုယ်စားလှယ်ဖြင့် ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက် (၁၃၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထွန်းမင်းဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး (၃)**
**မိတ္ထီလာမြို့နယ် တရားရုံး**

## အမွေပြတ်စွန့်လွှတ်ခြင်း

ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်အေးမိစံ ၁၃/မပတ(နိုင်)၀၁၇၄၇၉ ၏မြေး၊ ဒေါ်ခင်ပပထွန်း ၁၃/ မပတ(နိုင်)၀၁၇၄၇၇ ၏ သမီး၊ မယွန်းမီမီစံ ၁၂/ ဥကမ(နိုင်)၂၄၀၂၀၃ သည် အုပ်ထိန်းသူ အဖွားနှင့် မိဘတို့ကို စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး နေ အိမ်မှ မိမိဆန္ဒအလျောက် ဆင်းသွားပါသဖြင့် ယနေ့မှစ၍ အပြီးအပိုင် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်၍ငွေရေးကြေးရေး ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်အေးမိစံ၊ ဒေါ်ခင်ပပထွန်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ သရဖီ(၆)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ်(၅၀၇)၊ ဧရိယာ(၀ဒသမ၀၅၇)ဧကရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ(မြို့/မြေ)စာရင်းဌာနတွင် ဒေါ်မေခိုင်ဝတ်ရည် ၁၂/ဒဂမ(နိုင်)၀၀၀၂၀၈အမည်ဖြင့် မှတ်သားတည်ရှိပြီး၊ အမည်ပေါက်ကိုယ်တိုင်မှ အပေါင်အနှံအရှုပ်အရှင်းကင်းရှင်း၍ ၎င်းတစ်ဦးတည်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဟန်သီစိုး(LL.B,WIPO(switzerland))**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၆၃)**
**အမှတ်(၄၇)၊ ခြောက်လွှာ၊ မြင်တော်သာလမ်းမ၊ (၃/မာန်ပြေ)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၅၄၄၃၃၆၀၀၊ ၀၉-၄၂၀၀၁၃၉၄၄**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နေရီအေး ၇/ဇကန(နိုင်)၀၃၉၅၇၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် Facebook Account Nay Yi Aye အမည်ဖြင့် လူမှုကွန်ရက်ပေါ်တွင် အသုံးပြုလျက်ရှိပါသည်။ ဆက်သွယ်ရေးလူမှုကွန်ရက်ဖြစ်သည့် Facebook, Comment, Messenger, Telephone တို့ကို အသုံးပြု၍ ကျွန်ုပ်၏မိတ်ဆွေအား ဂုဏ်သိက္ခာကျဆင်းစေရန် ဓာတ်ပုံများတင်၍သော်လည်းကောင်း စာဖြင့်ရေးသား၍သော်လည်းကောင်း၊ ဂုဏ်သိက္ခာထိပါးစေသည့် ပြောဆိုရေးသားမှုများ ဖော်ပြလျက် မမှန်မကန် Post များတင်ခြင်း၊ အများသိစေရန် Share ခြင်းနှင့် စီးပွားရေးလုပ်ကိုင်နေသူဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေထံသို့ Messenger မှတစ်ဆင့် ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် အပြုအမူများ၊ အရေးအသား အပြောအဆိုများမပြုလုပ်ရန်၊ စာများ၊ ဓာတ်ပုံများပေးပို့၍ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း မပြုလုပ်ရန် အထူးအသိပေးအပ်ပါသည်။

ယခုကြေညာသည့်ရက်မှစ၍ ကျွန်ုပ်၏မိတ်ဆွေအား လူမှုကွန်ရက်ပေါ်တွင် အထက်ဖော်ပြပါ ပြုလုပ်မှုများ ထပ်မံပြုလုပ်ပါက မည်သူ့ကိုမဆို တည်ဆဲဥပဒေအရလည်းကောင်း၊ ဆက်သွယ်ရေးဥပဒေအရသော်လည်းကောင်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်နေရီအေး**
**၇/ဇကန(နိုင်)၀၃၉၅၇၉**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်မျိုးထက်(စဉ်-၁၅၆၃၈/၁၁-၇-၂၀၁၉)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၂၉(တတိယထပ်)၊ ၃၅လမ်း(အောက်လမ်း)၊**
**ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၂၀၅၄၄၅၅**

## အမွေထိန်းစာသက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားခြင်း ကြော်ငြာစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃) မြစ်ကြီးနားခရိုင်တရားရုံးတော် ၂၀၂၀ပြည့်နှစ်၊တရားမအထွေထွေမှုအမှတ်- ၂၃

**ကွယ်လွန်သူ ဒေါ်ဘောမ်နာမ်(ခ)ဆိုင်းပန်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ နယ်မြေ(၁၁)၊ အမှတ်(၄၀၃)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ဘောမ်နာမ်(ခ) ဆိုင်းပန်၏ ကျန်ရစ်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့်မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်ရှိ အကွက်အမည် -၂ (ဂေါက်ရိုက်ကွင်းအနောက်)၊ ဦးပိုင်အမှတ်-၂၇၊ ပေ(၆၀x၈၀)ရှိမြေနှင့် အဆောက်အအုံတို့အပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်း ဦးဇော်မိုင်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၂၀ပြည့်နှစ် ဒီဇင်ဘာ ၁၆ရက် (၁၃၈၂ခုနှစ် နတ်တော်လဆန်း ၂ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ဘောမ်နာမ်(ခ)ဆိုင်းပန်၏ ကျန်ရစ်သည့် ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၀ပြည့်နှစ် ဒီဇင်ဘာ ၁၆ရက် (၁၃၈၂ခုနှစ် နတ်တော်လဆန်း ၂ရက်) တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် ထုတ်မပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးဇော်မိုင်၏ လျှောက်လွှာပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာ တွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၀ပြည့်နှစ် နိုဝင်ဘာ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရန်နိုင်အောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မြစ်ကြီးနားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အရိန္ဒမာလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၆၉)မြေကွက်အမှတ် (၅၅၇)၊ အကျယ်အဝန်း (အလျား ၄၀ပေ × အနံ ၆၀ပေ) ရှိ ဦးသိန်းဟန်အမည်ပေါက်ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းကမ်းလှမ်းလာသူ ဒေါ်သူသူအောင် (၁၂/သကတ(နိုင်) ၂၀၀၇၂၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထား ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉ ၇၉၅၆ ၈၃၃၇၈**

## တူအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်ခင်မာချို၏တူ မောင်ထင်လင်း ၆/မမန(နိုင်)၁၇၉၂၁၁ သည် အဒေါ်၏ ဆိုဆုံးမမှုကိုမနာခံဘဲ အဒေါ်ဖြစ်သူအား အမျိုးမျိုးစိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ တူအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းနှင့် ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **ဒေါ်ခင်မာချို**

## ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်စန်းနွဲ့ ၆/ကစန(နိုင်) ၀၂၀၉၈၄ ပိုင်ဆိုင်သော ပိုင်ကိုကို(ON-7016 (A)) ကုန်တင်စက်လှေ၏ လုပ်ငန်းလိုင်စင် မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၄၂၂၁၉၇၈၃**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အမှတ် ၈၄၊ ၁၁လမ်းသွယ်၊ ဝဲကျွန်းထိန်သစ်ရပ်နေ မဖူးဖူးသက်၏ ဖခင်ဦးထွန်းဦးနှင့် ဦးထွန်းထွန်းဦး ၆/ထဝန(နိုင်) ၀၂၈၅၄၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွန်းဦး(ခ)ဦးထွန်းထွန်းဦး**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၁၁-၂၀၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ (၂၆)ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းကြော်ငြာတွင် မှတ်ပုံတင်အမှတ် ၁၂/လကန(နိုင်) ၀၄၂၇၆၄ အစား မှတ်ပုံတင်အမှတ် ၁၂/အလန(နိုင်)၀၄၂၇၆၄ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၅/ဖောင်းတော)၊ အကွက်အမှတ်(၆၆၅)၊ ဦးပိုင်အမှတ်(၆၄-ခ)၊ မြေဧရိယာ ၁ဒသမ ၀၀ ဧကရှိမြေ ကွက်အား မြေငှားဂရန် (ဂရန်သစ်၊ စက်မှု/စီးပွား) လျှောက်ထားနိုင်ရေး ဦးစိုးညီညီ ၁၂/လမတ(နိုင်)၀၀၃၉၄၀မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-III /ကွက်ပြင်-၃)၊ ဦးပိုင်အမှတ်(၆၉/၂၆၅)၊ မြေဧရိယာ ၀ဒသမ ၁၃ ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒုဗိုလ်မှူးကြီးအောင်နိုင် ၉/မမန(နိုင်) ၀၇၄၉၆၄ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ(မြောင်းတကာ)တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် တင်ဒါပေးသွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ(မြောင်းတကာ)တွင်(၁၂၀'x၃၂'x၁၀') (၆)ခန်းတွဲ တစ်ထပ် Brick Pier Type အဆောက်အဦ (၅)လုံး (ရေမီး၊ဆေး၊ဂဝံ/မြေနီလမ်းခင်းလုပ်ငန်းအပါအဝင်) တည်ဆောက်ခြင်း၊ (၁၃'x၁၃'x၂၀')သံရေစင်နှင့် (၁၈'x ၁၈'x၈')ရေလှောင်ကန် (၁)လုံး တည်ဆောက်ခြင်း၊ဝန်ထမ်းအိမ်ရာများတွင် သွပ်ဆူးကြိုး ခြံစည်းရိုး (၄၀၀၀') ကာရံခြင်း

၂။ **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၂၃-၁၁-၂၀၂၀ ရက်

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၂-၁၂-၂၀၂၀ ရက်၊၁၆:၀၀ နာရီ

၄။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၉-၁၂-၂၀၂၀၊၁၃:၀၀ နာရီ

၅။ **တင်ဒါဖွင့်မည့်နေရာ** - အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ (မြောင်းတကာ)အစည်းအဝေးခန်းမ၊ မှော်ဘီမြို့နယ်

၆။ တင်ဒါဖွင့်ဖောက်မည့်ရက်၊ အချိန်နှင့် နေရာ ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ(မြောင်းတကာ)၏ ဖော်ပြပါ ဖုန်းနံပါတ်များအား ရုံးချိန်အတွင်းဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါသည်-

**ဖုန်း-၀၉-၈၆၃၆၃၂၀၊၀၉-၄၀၁၅၅၇၈၄၉**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## Facebook Account name Zue Zue Mon(Mi Jaloon Mon) နှင့် အများသိစေရန်ကြေညာခြင်း

ဒေါက်တာ ဇူးဇူးမွန် ၁၀/လမန(နိုင်)၀၀၇၀၃၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါက်တာဇူးဇူးမွန်သည် ကျန်းမာရေးဝန်ထမ်းတစ်ဦးဖြစ်ပြီး မိမိပတ်ဝန်းကျင်နှင့် ဆရာဝန်အသိုင်းအဝိုင်းတွင်လည်းကောင်း၊ လူမှုကွန်ရက်တွင်လည်းကောင်း ကောင်းမွန်သော နာမည်ဂုဏ်သတင်းဖြင့် ရပ်တည်နေထိုင်သူတစ်ဦးဖြစ်ပါသည်။ကျွန်ုပ်မိတ်ဆွေဒေါက်တာဇူးဇူးမွန်နှင့်၎င်း၏ခင်ပွန်းဒေါက်တာဝင်းမြတ်ကျော်တို့ နှစ်ဦး၏ကိစ္စအဝဝတို့ကို Zue Zue Mon(Mi Jaloon Mon) Facebook Account ပိုင်ရှင်သုံးစွဲသူက မဟုတ်မမှန်လီဆယ်ပြီး တမင်တကာ ဂုဏ်သိက္ခာကျဆင်းအောင် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် Status များ၊Comment များကို ကျွန်ုပ်မိတ်ဆွေ နာမည်သုံးကာ ဝင်ရောက်ရေးသားနေသည်ကို ကျွန်ုပ်မိတ်ဆွေက မြင်တွေ့သိရှိနေပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေအမည်အား အသုံးပြုပြီး ကျွန်ုပ်မိတ်ဆွေပြုလုပ်နေသယောင် ဆောင်ရွက်နေသော Zue Zue Mon(Mi Jaloon Mon) Facebook Account ပိုင်ရှင်အား ဤကြေညာပါသည့်ရက်မှ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် Status များ၊ Comment များရေးသားခြင်းကို ဆက်လက်မပြုလုပ်ရန်နှင့် အကယ်၍ ကျွန်ုပ်မိတ်ဆွေ ဂုဏ်သိက္ခာကျဆင်းအောင် မဟုတ်မမှန်ရေးသားဖော်ပြခြင်းများ ဆက်လက်လုပ်ဆောင်နေပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းဝတ်ရည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၈၉)**
**အမှတ်(၁၈)၊ရပ်ကွက်(၄)၊ဇီဇဝါလမ်းသွယ်၊**
**မော်ကနင်ရွာ၊ရေးမြို့နယ်**
**ဖုန်း-၀၉-၄၂၅၃၄၇၁၂၄**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ရတနာပုံမြို့သစ် (မြောက်ပိုင်း) အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်(V-3)မြေကွက်အမှတ်(၁၂)၊ဧရိယာ/အကျယ်အဝန်း(၁၀၀'x၇၀')ရှိ မြေကွက်အား ဒေါက်တာဇော်ဝင်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါက်တာဇော်ဇော်မြင့် ၉/ပမန(နိုင်) ၀၃၅၈၅၅ မှ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြေကွက်ချ အကြောင်းကြားစာ၊ ငွေသွင်းချလန်မူရင်း၊ ကိုယ်စားလှယ်လွှဲစာမူရင်းများတင်ပြ၍ မြေငှားစာချုပ် (ဂရန်) ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်ထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(ဂရန်)ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊မန္တလေးမြို့**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာထားခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ(၄)ရပ်ကွက်၊ မော်-သံလမ်း၊ အမှတ်(၁၈၇)နေ ဦးအောင်မင်း ၁၀/မဒန(နိုင်)၀၃၁၃၁၀-ဒေါ်မြိုင် ၁၀/မဒန(နိုင်)၁၂၆၀၆၄ တို့က ၎င်းတို့၏သမီး မငွေမျိုးလွင် ၁၀/မဒန(နိုင်)၁၆၈၂၃၁ အား မြန်မာ့အလင်း သတင်းစာတွင် ၁၂-၆-၂၀၂၀ ရက်နှင့် ၁၃-၆-၂၀၂၀ ရက်များတွင် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခဲ့ပါသည်။ ယခုအခါ ဦးအောင်မင်းမှ ကွယ်လွန်ပြီး မိခင်ဒေါ်မြိုင်မှသမီးမငွေမျိုးလွင်အားသမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာထားခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၁၉)**
**အမှတ်(၄၅)၊ ဗညားဒလ(၃)လမ်း၊**
**မြို့မ(၄)ရပ်ကွက်၊ မုဒုံမြို့**
**ဖုန်း-၀၉-၄၉၈၂၆၄၀၆၊ ၀၉-၄၂၅၂၈၈၄၁၈**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန နေပြည်တော်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အင်ဂျင်နီယာချုပ်ရုံး၊ ပြည်ထောင်စုနယ်မြေနေပြည်တော် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ဓာတ်အားလိုင်းနှင့် ၁၀/၀.၄ ကေဗွီ ထရန်စဖော်မာများ တည်ဆောက်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

၂၊ **တင်ဒါလျှောက်လွှာ ပုံစံရောင်းချမည့်ရက်** - ၂၀-၁၁-၂၀၂၀ရက်မှ ၂၁-၁၂-၂၀၂၀ရက်ထိ

၃၊ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - ၂၁-၁၂-၂၀၂၀ရက် ညနေ (၁၅:၀၀)နာရီ

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - အင်ဂျင်နီယာချုပ်ရုံး၊လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် (၂၀-၁၁-၂၀၂၀)ရက်မှစ၍ ရုံးချိန်အတွင်းလာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**အင်ဂျင်နီယာချုပ်ရုံး၊နေပြည်တော်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၂၀၆၆၆**

---

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဒါးပိန်မြို့နေ
(ဦးညိုဝင်း)-ဒေါ်တင်မြင့် တို့၏ သားငယ်
**ဗိုလ်ကြီးနိုင်လင်းစိုး**
**B.Sc(Nuclear Chemistry),DSA,(Master of Tech.),**
**PhD(Chemical Technology) (MUCTR,Russia).**
**လ/ထ ကထိက၊ စစ်တက္ကသိုလ် (ပြင်ဦးလွင်မြို့) နှင့်**
စဉ့်ကိုင်မြို့၊ တရုတ်စုရပ်ကွက်
ဦးစိုးမောင် လ/ထ ကထိက(ငြိမ်း)-ဒေါ်မြင့်မြင့်သိန်း
စာရင်းစစ်မှူး(ငြိမ်း)တို့၏ သမီးထွေး
**မခင်ဖုန်းနွယ်**
**B.Ed,M.Ed(Yangon University of Education)၊**
**အထက်တန်းပြ(အ.ထ.က-ဆည်ရွာ၊ စဉ့်ကိုင်မြို့)**

တို့သည်နှစ်ဖက်သော မိဘများ၏သဘောတူညီချက်အရ ၁၈-၁၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ပြင်ဦးလွင်ခရိုင်တရားရုံး၌ အသိသက်သေများရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

**ဗိုလ်ကြီးနိုင်လင်းစိုး-မခင်ဖုန်းနွယ်**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆ဒီ^၂)၊ အိုးဘိုရပ်ကွက်၊ ပွဲစားတန်းလမ်း၊ မြေကွက်အမှတ်-V-၁၃၈၊ တိုက်အမှတ်(၆၀)၊ အခန်းအမှတ်-(စတုတ္ထထပ်-၅လွှာ) (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၄ပေ× ၄၈ပေ)ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးသီရိဇင် (၁၂/ကမတ(နိုင်)၀၅၃၄၁၇)နှင့် ဒေါ်အေးမိမိခိုင် (၅/စကန(နိုင်) ၀၀၆၁၈၅) တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင် ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| LL.B, D.B.L, D.I.L, | LL.B,D.B.L,D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |

**Hein Htet San Law Firm** ဖုန်း-၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

---

## သွားနုတ္တသားအဖြစ်သတ်မှတ်၍ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ (၇)ရပ်ကွက်၊ ဩဘာလမ်း၊ အိမ်အမှတ်-၃၉ နေ ဦးဝင်းကြည်၊ ဒေါ်အေးအေးမွန် တို့၏ သားဖြစ်သူ မောင်ကောင်းထက်စံ ၁၄/လပတ(နိုင်)၁၈၄၉၃၀ သည်မိဘနှစ်ပါးကို စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်ခဲ့ခြင်း၊မိဘများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့်ကိစ္စရပ်များပြုလုပ်ခဲ့ခြင်းများရှိခဲ့သဖြင့် ယခုကြော်ငြာသည့်ရက်မှစ၍ သွားနုတ္တသားအဖြစ် ၎င်းအား သတ်မှတ်ပြီး သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်မယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**မိဘနှစ်ပါး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝေလင်းငွေး(LL.B,DIL) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၁၈/၂၀၁၂)**
**အမှတ်-၅၆၁၊ပထမထပ်၊အခန်း၁၀၁/၂၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၉၉၀၉၈၊၀၉-၇၆၅၀၉၉၀၉၈၊၀၉-၄၂၇၂၆၆၉၄၈**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ UE(I)တိုးချဲ့ (၁) ရပ်ကွက်၊ ဘီအမ်လမ်း၊ အမှတ် ၅၈၈၊ ဂရန်အမည်ပေါက် ဒေါ်ပွင့်ပေ(၄၀x၆၀)မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဂရန်အမည်ပေါက် ဒေါ်ပွင့်ထံမှဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စရန်ငွေပေးချေထားသူ**
**ဒေါ်မော်မော်ဝင်း**
**၁၂/ဗဟန(နိုင်)၀၁၀၆၁၁**
**ဖုန်း-၀၉-၅၁၃၅၆၅၅**

---

## ရန်ကုန်မြို့ပြအများပြည်သူသယ်ယူပို့ဆောင်ရေးအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

### တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ "အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း"

၁။ ရန်ကုန်မြို့ပြအများပြည်သူသယ်ယူပို့ဆောင်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ယာဉ်များတွင် အသုံးပြုလျက်ရှိသော **Air-con** များကို **Service** နှင့် ပြုပြင်ဆောင်ရွက်ရမည့် ပစ္စည်းများပြုပြင်လဲလှယ်နိုင်ရန်အတွက် လုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းများကို (၂၀-၁၁-၂၀၂၀) ရက်နေ့မှစ၍ (၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီ) ရုံးချိန်အတွင်း တင်ဒါပုံစံ (၁) စောင်လျှင် ငွေကျပ် ၁၀၀၀၀/- ဖြင့် **ရန်ကုန်မြို့ပြအများပြည်သူသယ်ယူပို့ဆောင်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (YUPT Public Co.,Ltd.) အမှတ် (၂၉၆)၊ သံသုမာလမ်း၊ (၁၅)ရပ်ကွက် ၊ တောင်ဥက္ကလာပမြို့နယ်** တွင် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရမည့် ကုမ္ပဏီများသည် တင်ဒါအဆိုပြုလွှာ အပြည့်အစုံကို (၁၈-၁၂-၂၀၂၀) ရက်နေ့ ၁၂း၀၀ နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရပါမည်။ နောက်ကျ တင်သွင်းသော တင်ဒါ များကို လက်ခံ စဉ်းစားမည် မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါနှင့် သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်များ ရှိပါက တယ်လီဖုန်း အမှတ် ၀၉-၄၂၅၀၂၂၀၃၁၊ ၀၉-၅၀၆၅၃၇၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရန်ကုန်မြို့ပြအများပြည်သူသယ်ယူပို့ဆောင်ရေး**
**အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

---

## ဒေါ်နန်းမွန်ခမ်းနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City၊ ယမင်းရွှေဝါလမ်း၊ အမှတ် O-149 ကို ဝယ်ယူပိုင်ဆိုင်သူဖြစ်သော ဦးဂျော်နီ ၁၂/လမတ(နိုင်)၀၂၀၆၈၂ ၏ လွှဲအပ်ညွှန်ကြားချက်ရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်၊ FMI-7 အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၄၄၀၊ အိမ်အမှတ် O-149၊ နှစ် ၆၀ ဂရန်မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဦးကောင်းဇံ ၁၂/ဗဟန(နိုင်)၀၁၇၉၈၁၊ ဒေါ်သွဲ့သွဲ့မင်း ၁၄/ဒဒရ(နိုင်)၀၀၂၉၉၉ တို့ အမည်ပေါက်ပစ္စည်းဖြစ်ပါသည်။ ဦးကောင်းဇံ၊ ဒေါ်သွဲ့သွဲ့မင်းတို့သည် ဒေါ်ဂျိုသီး(ခ)ဒေါ်ရွှေရည်ဝင်းသို့ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၈၁၀၆/၂၀၀၆ ဖြင့် တရားဝင်လွှဲအပ်ထားပါသည်။ ဒေါ်ဂျိုသီး(ခ)ဒေါ်ရွှေရည်ဝင်းသည် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အရောင်းမြေပုံကူးလျှောက်ထားခဲ့ပါသည်။ ဒေါ်နန်းမွန်ခမ်းဆိုသူသည် မြေပုံကူးလျှောက်ထားခြင်းကို ပိုင်ဆိုင်မှုအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ ကန့်ကွက်ထားကြောင်းနှင့် ဒေါ်နန်းမွန်ခမ်းဆိုသူကို လိုက်လံရှာဖွေဆက်သွယ်သော်လည်း ဆက်သွယ်မရ၍ ယခုကဲ့သို့ ကြေညာရခြင်းဖြစ်ပါသည်။

ဒေါ်နန်းမွန်ခမ်းသည် ဤကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်အမှုသည်ကိုယ်စား ကျွန်ုပ်၏ရုံးခန်းသို့ ရုံးချိန်အတွင်း လာရောက်ဖြေရှင်းပါရန် အသိပေးကြေညာအပ်ပါသည်။ လာရောက်ဖြေရှင်းရန် ပျက်ကွက်ပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်ဇော် (မရမ်းကုန်း)** | **ဒေါ်မျိုးသူဇာနှင်း** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၂၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၁၆)** |
| **ဖုန်း-၀၉-၂၅၃၂၂၅၁၅၁** | **ဖုန်း-၀၉-၂၅၄၂၁၈၀၂၄** |

**တိုက် ၂၊ အခန်း ၂၄၊ ပထမထပ်၊ မြို့ပြအိမ်ရာမြောက်ဘက်ခြမ်း၊ (၈)မိုင်မီးပွိုင့်အနီး၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်**

---

## အမည်ပြောင်း

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်နေ ဦးစိုင်းခမ်းလိတ် ၁၃/တကန(နိုင်) ၂၀၉၃၂၀၏သမီး မဆွိဒီခမ်းလိတ်အား မဂန္ဓာရီခမ်းလိတ်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

---

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၁၁-၂၀၂၀ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၀) ငြင်းချက်ထုတ်ရန် သမ္မန်စာကြော်ငြာတွင် ၂၀၂၀ပြည့်နှစ် ဒီဇင်ဘာ၁၇ရက် အစား ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၇ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်

---

## အထွေထွေ ကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ကျွန်မ ဒေါ်အိကလျာခိုင်(ဘ) ဦးအုန်းခိုင် ၁၃/နခတ(နိုင်)၀၅၅၄၂၀ သို့ ဦးဇော်လွင်(ဘ) ဦးထွန်းရှင် ၁၀/သထန(နိုင်) ၀၁၄၆၃၁မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂၃-၅-၂၀၁၇ ရက်စွဲဖြင့် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာ(၅၈၆/၂၀၁၇)ကို ၂၀-၁၁-၂၀၂၀ရက်မှစ၍ အပြီးအပိုင် ရုပ်သိမ်းပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အိကလျာခိုင်**
**၁၃/နခတ(နိုင်)၀၅၅၄၂၀**
**ဖုန်း-၀၉-၂၅၀၂၉၃၇၈၃**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပခုက္ကူခရိုင်၊စိုက်ပျိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးရွှေကျိုး ၁၀/သထန(နိုင်)၀၂၄၇၀၆၏ ဖခင် ဦးကောင်ကျမ်း HKA ၀၀၉၇၄၃ နှင့် ဦးကမ်ကျဲမ်တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကသာမြို့၊တောင်ပိုင်းရပ်ကွက်နေ ဦးမြင့်မောင်၏သမီး မဝါဝါမြင့်၅/ကသန(နိုင်)၀၉၅၆၇၁နှင့် မဝါဝါမြင့်ဖူးတို့မှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ ဇေယျာအေးမြ(၆)လမ်း၊ မြေကွက်အမှတ်(၂၀၁)၊ အကျယ်အဝန်း (၄၄ပေ× ၆၀ပေ) ရှိ ဦးမောင်သိန်း(AG-၃၀၁၅၉၆)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ ခြေရင်းဘက်(၂၀ပေ× ၆၀ပေ)ရှိ မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးစိန်ဇော်မိုး(၁၂/သဃက(နိုင်)၀၆၅၁၃၇)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်မျိုးနိုင်** |
| **LL.B, D.B.L, D.I.L.,** | **LL.B, D.B.L,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၂၅၀ ၂၉၀၇၈၁ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။







## ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်ကိုကိုဇော် ၁၂/ဒပန(နိုင်)၀၅၄၅၆၉၏ SIDကတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၇၈၈၂၅၃၁၀၅

## မတည်ရင်းနှီးငွေလျှော့ချခြင်း

ကျွန်တော်များ GLOCAL OPTIMIZE COMPANY LIMITED သည် အစုရှယ်ယာ မတည်ရင်းနှီးငွေအား ကျပ်သိန်း(၁၀၀၀)မှ ကျပ်သိန်း(၁၀၀)သို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

GLOCAL OPTIMIZE COMPANY LIMITED

## မတည်ရင်းနှီးငွေလျှော့ချခြင်း

ကျွန်တော်များ HTOO HTET AUNG COMPANY LIMITED သည်အစုရှယ်ယာ မတည်ရင်းနှီးငွေအား ကျပ်သိန်း(၅၀၀)မှ ကျပ်သိန်း(၃၀)သို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

HTOO HTET AUNG COMPANY LIMITED

## သားအဖြစ်မှစွန့်လွှတ်ခြင်း

တောင်ဥက္ကလာပမြို့နယ်၊ ၁၀ရပ်ကွက်၊ ဘယသကြ်န်လမ်း၊ အမှတ်၆၉၁–Bနေ ဦးလှိုင်မော်ဦး ၁၂/ဥကတ(နိုင်)၀၈၃၄၇၃–မိခင် ဒေါ်ခင်လှကြည် ၁၂/ဥကတ(နိုင်) ၀၈၃၃၆၂၏သား မောင်အောင်သီဟ ၁၂/ဥကတ(နိုင်)၁၇၄၁၀၂သည် မိဘနှစ်ပါးအပေါ် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှိုင်မော်ဦး–ဒေါ်ခင်လှကြည်

## မီး သတိပြု

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### ကျိုင်းတုံခရိုင်တရားမရုံး၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၃၁

ဒေါ်သူဇာအောင် နှင့် ၁။ ဦးဘိုလေး
၂။ မမဲဆော(ခ)အားကူ

(တရားလို) (တရားပြိုင်များ)

ဆန်းလု(ထက်)ရွာ၊ လွယ်တော်ခမ်း၊တာချီလိတ်မြို့ (ယခုနေရပ်လိပ်စာမသိ)နေ တရားပြိုင် မမဲဆော(ခ)အားကူ(၂–တရားပြိုင်) သိစေရမည်။

သင့်အပေါ်၌ ဒေါ်သူဇာအောင်က စာချုပ်စာတမ်းမှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက် (၁၃၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ် ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မြတ်စံ)
ခရိုင်တရားသူကြီး
ကျိုင်းတုံခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### ကျိုင်းတုံခရိုင်တရားမရုံး၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၃၁

ဒေါ်သူဇာအောင် နှင့် ၁။ ဦးဘိုလေး
၂။ မမဲဆော(ခ)အားကူ

(တရားလို) (တရားပြိုင်များ)

ဝမ်ကောင်းရပ်၊ တာချီလိတ်မြို့ (ယခုနေရပ်လိပ်စာမသိ)နေ တရားပြိုင် ဦးဘိုလေး(၁–တရားပြိုင်)သိစေရမည်။

သင့်အပေါ်၌ ဒေါ်သူဇာအောင်က စာချုပ်စာတမ်းမှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက် (၁၃၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ် ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြတ်စံ)
ခရိုင်တရားသူကြီး
ကျိုင်းတုံခရိုင်တရားရုံး

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အဏုမြူစွမ်းအင်ဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊စမ်းသပ်စက်ရုံ(မှော်ဘီဝင်းအတွင်း)တွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

| | | |
|---|---|---|
| **လုပ်ငန်းအမည်** | – | ၄ခန်းတွဲ ၄ထပ် ဝန်ထမ်းအိမ်ရာ (၁)လုံး တည်ဆောက်ခြင်း |
| **တင်ဒါပုံစံဝယ်ယူ/ တင်သွင်းရမည့်ရက်** | – | ၂၀–၁၁–၂၀၂၀ ရက်မှ ၂၁–၁၂–၂၀၂၀ ရက်ထိ |
| **အချိန်** | – | နံနက် ၉:၃၀ နာရီမှ ညနေ ၄:၃၀နာရီထိ |
| **နေရာ** | – | အဏုမြူစွမ်းအင်ဌာန၊အမှတ်(၁၂၃) နတ်မောက်လမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့ |

အသေးစိတ်သိရှိလိုပါက ဖုန်း–၀၁–၅၄၆၂၆၁ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
## ဒုတိယအထွေထွေမန်နေဂျာ(ထုတ်လုပ်ရေး)ရုံး၊ မြိတ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးအတွင်း မြန်မာ့ပုလဲထုတ်လုပ်ရေးလုပ်ငန်းနှင့် ရောင်းဝယ်ရေးလုပ်ငန်းတွင် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများတင်သွင်း ရန်ဖိတ်ခေါ်အပ်ပါသည်–

(က) ပုလဲကျွန်း ဝန်ထမ်းအိမ်ရာ(၆)ခန်းတွဲ(၁)လုံးတည်ဆောက်ခြင်း
(ခ) Oyster Cleaning Machine (၁)စုံဝယ်ယူခြင်း
(ဂ) ရေအောက်လောင်းလိုင်းသုံးပစ္စည်းများဝယ်ယူခြင်း

၂။

| | | | |
|---|---|---|---|
| (က) | **အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** | – | ၂၃–၁၁–၂၀၂၀ရက်မှစတင်၍ ရုံးချိန်အတွင်း |
| (ခ) | **အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ ပိတ်မည့်ရက်နှင့်အချိန်** | – | ၁၉–၁၂–၂၀၂၀ရက် (၁၆:၃၀) နာရီထိ |
| (ဂ) | **အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ** | – | မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာ (ထုတ်လုပ်ရေး)ရုံး၊ အမှတ်(၁၀) ကမ်းနားလမ်း၊ မြိတ်မြို့၊ ဖုန်း–၀၅၉–၄၁၀၄၉ |
| (ဃ) | **အိတ်ဖွင့်တင်ဒါစိစစ် ရွေးချယ်မည့်ရက်နှင့်အချိန်** | – | ၂၁–၁၂–၂၀၂၀ ရက် ၉:၀၀နာရီ |
| (င) | **အိတ်ဖွင့်တင်ဒါစိစစ် ရွေးချယ်မည့်နေရာ** | – | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာ (ထုတ်လုပ်ရေး)ရုံး၊အမှတ်(၁၀)၊ ကမ်းနားလမ်း၊ မြိတ်မြို့။ |

၃။ တင်ဒါများနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ဒုတိယအထွေထွေမန်နေဂျာ(ထုတ်လုပ်ရေး)ရုံး၊ အမှတ်(၁၀)၊ ကမ်းနားလမ်း၊ မြိတ်မြို့(ဖုန်း–၀၅၉–၄၁၀၄၉)တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါ သိုလှောင်ရုံ(၅)လုံးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်–

(က) **(၁) နှစ်သက်တမ်း ငှားရမ်းခြင်းများ**

Lot–1 (၁) မရမ်းကုန်းမြို့နယ်၊နဝဂဝင်းရှိ သိုရုံ–၂၃ သိုလှောင်ရုံ(၁)လုံး (၁၂၀'x၃၀'x၁၅')(သွပ်၊သွပ်၊ကွန်)

Lot–2 (၂) မရမ်းကုန်းမြို့နယ်၊ နဝဂဝင်းရှိ သိုရုံ–၂၅/၂၆(၂)လုံးတွဲ သိုလှောင်ရုံ(၁)လုံး (၁၂၀'x၆၀'x၁၅')(သွပ်၊သွပ်၊ကွန်)

(ခ) **(၅) နှစ်သက်တမ်းငှားရမ်းခြင်းများ**

Lot–3 (၁) မရမ်းကုန်းမြို့နယ်၊နဝဂဝင်းရှိ သိုရုံ–၁၇/၁၈/၁၉ (၃)လုံးတွဲ သိုလှောင်ရုံ(၁)လုံး(၁၂၀'x၉၀'x၁၅')(သွပ်၊သွပ်၊ကွန်)

Lot–4 (၂) မရမ်းကုန်းမြို့နယ်၊နဝဂဝင်းရှိ သိုရုံ–၃၉ သိုလှောင်ရုံ(၁)လုံး (၁၂၀'x၃၀'x ၁၅') (သွပ်၊သွပ်၊ကွန်)

(ဂ) **(၃) နှစ်သက်တမ်းငှားရမ်းခြင်းများ**

Lot–5 (၁) ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ သိုရုံ–၄ သိုလှောင်ရုံ (၁)လုံး (၁၂၀'x၅၀'x၁၅')(သွပ်၊အုတ်၊ကွန်)

| | | | |
|---|---|---|---|
| (ဃ) | **တင်ဒါပုံစံရောင်းချမည့်ရက်** | – | ၂၃–၁၁–၂၀၂၀ရက်မှ ၂၂–၁၂–၂၀၂၀ ရက်ထိ(ရုံးချိန်အတွင်း) |
| (င) | **တင်ဒါပုံစံရောင်းချရန် ပိတ်မည့်ရက်/အချိန်** | – | ၂၂–၁၂–၂၀၂၀ ရက် ညနေ ၁၆:၀၀ နာရီ |
| (စ) | **တင်ဒါယှဉ်ပြိုင်ရမည့်ရက်/အချိန်** | – | ၂၃–၁၂–၂၀၂၀ ရက်၊ ၁၃:၀၀ နာရီ |
| (ဆ) | **တင်ဒါတင်သွင်းရမည့်နေရာ** | – | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော် |
| (ဇ) | **စာရင်းပေးသွင်းရမည့်နေရာ** | – | ရုံးအမှတ်(၅၂)၊နေပြည်တော် |
| (ဈ) | **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းမည့်ရက်/အချိန်/နေရာ** | – | ၂၃–၁၂–၂၀၂၀ ရက်၊ ၁၁:၀၀ နာရီ ရုံးအမှတ်(၅၂)နေပြည်တော် |
| (ည) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | – | စားသုံးသူရေးရာဦးစီးဌာန၊တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ စီမံရေးရာဌာနခွဲ အမှတ်(၂၂၈/၂၄၀)၊ ဒုတိယထပ်၊ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့၊ ပြည်နယ်ဦးစီးမှူးရုံး၊တောင်ကြီးမြို့ |
| (ဋ) | **Deposit ပေးသွင်းနိုင်သည့်** | – | တင်ဒါစည်းကမ်း သတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။ |

၂။ စားသုံးသူရေးရာဦးစီးဌာနမှ ငှားရမ်းမည့် သိုလှောင်ရုံ(၅)လုံး၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ဖုန်း–၀၁– ၂၅၀၄၃၂၊၀၈၁–၂၁၂၆၁၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

TMH TELECOM

# TMH TELECOM PUBLIC COMPANY LIMITED

## စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ

## 4th Annual General Meeting Invitation

TMH Telecom Public Company Limited ၏ စတုတ္ထအကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို Covid–19 ကူးစက်ရောဂါကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကူးစက်ရောဂါတားဆီးနှိမ်နင်းရေး ဖော်ပြပါစည်းကမ်းချက်များနှင့်အညီ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့်တက်ရောက်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်–

You are cordially invited to join the 4th Annual General Meeting of TMH Telecom Public Company Limited, which will be Convened in compliance with the instruction of the Ministry of Health and Sport,Myanmar during Covid–19 pandemic situation as per following.

| | | |
|---|---|---|
| **နေ့ရက်(Date)** | : | 20th December,2020 |
| **အချိန်(Time)** | : | 10:00AM To 12:00 AM |
| **အစည်းအဝေးကျင်းပမည့်ပုံစံ(Meeting System)** | : | Zoom Meeting (Online)& Facebook Page Live |
| **အွန်လိုင်းစာရင်းပေးသွင်းနိုင်သည့်နေ့ (Online Registration Date)** | : | 2nd December,2020 To 17th December,2020 |

**ဆက်သွယ်ရန်(Contact):**

**Department of Securities Affairs**
**TMH Telecom Public Company Limited**
**Eastern Business Center,No.54,5 Floor,Lay Daung Kan Rd,Thingangyun T/s,Yangon.**
**Phone: +95 9 457688887;Viber:+95 9 457688887**
**Email: info@ tmhsa@gmail.com,info@tmhtelecom.com**
**website:www.tmhtelecom.com**

## ကန့်ကွက်နိုင်ပါသည်

တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ဝရဇာ(၄)လမ်း၊ တိုက်အမှတ် (၅၈၄) ပထမထပ် ခြေရင်းခန်းတိုက်ခန်းကို ပိုင်ရှင် ဦးရွှေသန်းထွန်း ၁၂/တမန(နိုင်)ဝ၈၅၆၅၆၊ ဒေါ်ယုယုသိန်း ၁၂/အစန(နိုင်) ဝဝဝ၂၇၃ တို့ထံမှ ဒေါ်နှင်းနှင်းဆွေ ၉/မနမ(နိုင်)ဝ၉၆၉၃ဝ က ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်မည့်သူရှိပါက စာရွက်စာတမ်းအစုံအလင်ဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်နှင်းနှင်းဆွေ
၉/မနမ(နိုင်)ဝ၉၆၉၃ဝ
R9(C)၊ခရေပင်ရိပ်မွန်(၂)၊
ပန်းချယ်ရီလမ်း၊မင်္ဂလာဒုံ
ဖုန်း–ဝ၉–၇၈ဝ၇၁၂၃ဝဝ

**စာအုပ် စာပေ လူ့မိတ်ဆွေ**




## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Nebula Trading Co.,Ltd. ၏ Exporter/Importer Registration No–12908(04–05–00) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

**ဦးအောင်ပြည့်ထွန်း**
**ဖုန်း–ဝ၉–၅၁ဝ၇၃ဝ၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၃၆)၊ မြေကွက်အမှတ်–၅၆၃၊ ပုလဲလမ်း၊ အကျယ်အဝန်း–၄၃x၆ဝ ပေရှိ ဒေါ်ခင်ကြွယ် (AA–059784)အမည်ပေါက်နှစ်(၆ဝ)မြေငှားဂရန် မြေအမျိုးအစားမြေကွက်နှင့် မြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဝယ်ယူပိုင်ဆိုင်ပြီးလက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ဝါဝါခိုင် ၉/မခန(နိုင်) ၁၄ဝ၅၃၉ ထံမှ ကျွန်မ၏မိတ်ဆွေကဝယ်ယူရန်သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီးကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၁ဝ)ရက်အတွင်းကျွန်မထံသို့ ခိုင်လုံသည့်စာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

